မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၇၄)

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ တနင်္ဂနွေနေ့။

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဌမအစည်းအဝေးကျင်းပ

စာမျက်နှာ » ၇

သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

"အားလုံးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမလုပ်ငန်းများက ဆောင်ရွက်ပေး" ဟူသည့်ဆောင်ပုဒ်ဖြင့် ကျင်းပသော အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာနဥ္စကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တွင် အဖွဲ့ဝင် ၉၃ နိုင်ငံမှ အဖွဲ့ဝင်အသင်းပေါင်း ၂၆၈ သင်းရှိပြီး အသင်းသားပေါင်း တစ်ဘီလီယံကျော်ရှိပါကြောင်း၊ ကမ္ဘာပေါ်ရှိ လူဦးရေ သန်းတစ်ရာခန့်သည် သမဝါယမအသင်းများတွင် လုပ်ကိုင်ဆောင်ရွက်လျက် ရှိခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ဒုတိယသမ္မတ ဦးညဏ်ထွန်း နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာနဥ္စကျင်းပသည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ငါးမွေးမြူရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန် ငါးနှစ်စီမံကိန်းဖြင့်ဆောင်ရွက်မည်

သတင်း-ခင်ရတနာ
ဓာတ်ပုံ
ခင်လေးမြင့်အောင်

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံအရပ်ရပ်ရှိဒေသများ၏ ရာသီဥတု၊ မြေအနေအထားနှင့်လိုက်လျောညီထွေဖြစ်စေမည့် နည်းပညာများနှင့် ငါးကန်ရေအရည်အသွေးထိန်းသိမ်းမှုများအတွက် သင်တန်းများကို ငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် အမေရိကန်အခြေစိုက် နိုင်ငံတကာ အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခုဖြစ်သည့်WIN-ROCK အဖွဲ့အစည်းနှင့် ပူးပေါင်းကာ နိုင်ငံတကာဖွံ့ဖြိုးမှုအစီအစဉ် (USAID)၏ထောက်ပံ့မှု ငါးနှစ်စီမံကိန်းအား အကောင်အထည်ဖော်မည်ဖြစ်သည်။

အဆိုပါစီမံကိန်းမှာ Farmer to Farmer Program ဖြစ်ပြီး ငါးနှစ်တာအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို ပြည်တွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နည်းပညာများ

စာမျက်နှာ ၉ ကော်လံ ၇ ☀

ယနေ့ မာတိကာ

ပင်လယ်နက်အတွင်း ရုရှားရေတပ်စစ်ရေးလေ့ကျင့်မှုစတင် စာမျက်နှာ » ၄

ချင်းတွင်းမြစ်ရေတက်ချိန် ရေစကြိုမြို့ပေါ်နှင့် ကျွန်းထဲကျေးရွာများ ရေကြောင်းလမ်းဖြင့် ဆက်သွယ်သွားလာရေးလွယ်ကူ စာမျက်နှာ » ၁၁

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၁၅

လူမှုဘဝဖူလုံပါရစေ စာမျက်နှာ » ၁၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အရှိန်အဟုန်ဖြင့် တိုးတက်နေသော ဆက်သွယ်ရေးကဏ္ဍ

လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ကဏ္ဍအလိုက် တိုးတက်မှုများရှိပါသည်။ ထိုသို့ ကဏ္ဍများအနက် သိသာမြင်သာရှိပြီး အတိုးတက်ဆုံးကဏ္ဍသည်ကား ဆက်သွယ်ရေးကဏ္ဍပင် ဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍသည် တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်ပြောဆိုမှု သက်သက်သာ မဟုတ်တော့ဘဲ မီဒီယာဖွံ့ဖြိုးမှုကိုပါ များစွာအထောက်အကူပြုလျက် ရှိပါသည်။ မိုဘိုင်းဖုန်းများမှတစ်ဆင့် သတင်းအချက်အလက်များ ကြည့်ရှုလာနိုင်သည့်အလျောက် ဆက်သွယ်ရေးကဏ္ဍသည် လူထုမီဒီယာပုံစံဖြင့် ပြောင်းလဲတိုးတက်လာလျက် ရှိပါသည်။

နိုင်ငံတော်၏ တယ်လီဖုန်းသိပ်သည်းဆ (Teledensity) တိုးတက်မှုမြင့်မားလာစေရန်နှင့် ကျေးလက်နှင့် မြို့ပြကွာဟမှုမရှိစေဘဲ ပြည်သူများ တယ်လီဖုန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်စေရန်တို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ တယ်လီဖုန်းပေါင်း ၃၅၉၈၁၁၃ လုံး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ တယ်လီဖုန်းပေါင်း ၆၇၀၄၂၀၃ လုံး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ တယ်လီဖုန်းပေါင်း ၉၀၂၁၄၁၈ လုံးနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မေလအထိ တယ်လီဖုန်းပေါင်း ၉၃၆၁၉၈၈ လုံး တပ်ဆင်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်လူဦးရေ၏ တယ်လီဖုန်းသိပ်သည်းဆမှာ ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆကို ၅၀ ရာခိုင်နှုန်း အထိလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း သိပ်သည်းဆကို ၈၀ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်လာအောင်ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဤရည်မှန်းချက်များ ပြည့်မီရေးအတွက် မြန်မာ့ဆက်သွယ်ရေးအပါအဝင် ပြည်တွင်းအော်ပရေတာနှစ်ဦး၊ နိုင်ငံတကာအော်ပရေတာများဖြစ်သည့် Telenor နှင့် Ooredoo ကုမ္ပဏီတို့ဖြင့် ယှဉ်ပြိုင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တယ်လီဖုန်း ပြောဆိုခကိုလည်း လက်ရှိတစ်မိနစ် ၅၀ ကျပ်ထက် လျှော့နည်းအောင် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

တယ်လီဖုန်းများကို နှစ်အလိုက်တိုးချဲ့ တပ်ဆင်ပေးလျက်ရှိရာ တယ်လီဖုန်းများ၏ ကနဦးတပ်ဆင်ခကိုလည်း ၂၀၁၂ ခုနှစ် မတ် ၁၄ ရက်နေ့မှ စတင်ကာ WCDMA မိုဘိုင်းဖုန်းများကို မူလဈေးနှုန်း ငွေကျပ်ငါးသိန်းမှ ၂ ဒသမ ၅ သိန်းသို့လည်းကောင်း၊ GSM, CDMA-450, CDMA-800 မိုဘိုင်းဖုန်းများကိုလည်း ငွေကျပ်နှစ်သိန်းသို့လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ မိုဘိုင်းဖုန်း Sim Card များကို တစ်ခုလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း ဈေးနှုန်းများအဆင့်ဆင့်လျှော့၍ ရောင်းချပေးခဲ့ပါသည်။

ဤသို့ မိုဘိုင်းဖုန်းများ သုံးစွဲမှုတိုးတက်များပြားလာသည်နှင့်အမျှ အင်တာနက်သုံးစွဲသူများသည်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၆၆၄၅၀ ဦးသာရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မေလကုန်တွင် အင်တာနက်သုံးစွဲသူ ၂၉၁၉၆၁၈ ဦးအထိ နှစ်စဉ်တိုးတက်ခဲ့ပါသည်။ မိုဘိုင်းဖုန်းများတွင် အင်တာနက်ချိတ်ဆက်အသုံးပြုလာနိုင်မှုသည် လူထုမီဒီယာကိုပါ တိုးတက်ပြောင်းလဲစေခဲ့ပါသည်။

သို့ပါ၍ ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာသည်နှင့်အမျှ ဆက်သွယ်ရေးကဏ္ဍပေါ်တွင် အခြေတည်၍ ပြည်သူတို့၏ လူမှုစီးပွားဘဝများမှာလည်း တိုးတက်ပြောင်းလဲမှုများ ပိုမိုဖြစ်ထွန်းလာတော့မည်ဟု ယုံကြည်ပါကြောင်း။ ။

ပြည်တွင်းသတင်း

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများသို့ ဆေးရုံသုံး ပစ္စည်းများ (Nebulizer) ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးကိုကိုနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ ဥက္ကာသီရိကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဒေါက်တာစန်းစန်းရီနှင့် တာဝန်ရှိသူများ၊ ဆရာဝန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍကို တိုးမြှင့်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗဟိုအဆင့် ဆေးရုံကြီး ၁၆ ရုံ၊ တိုင်းဒေသကြီး အဆင့်ဆေးရုံကြီး သုံးရုံ၊ ခရိုင်အဆင့် ဆေးရုံတစ်ရုံ၊ မြို့နယ်အဆင့် ခုတင် ၅၀ ဆံ့ ဆေးရုံငါးရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ ၁၅ ရုံနှင့် တိုက်နယ်အဆင့် ၁၆ ခုတင်ဆံ့ဆေးရုံ ၂၈ ရုံဖွင့်လှစ်ခဲ့ပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆေးရုံကြီးများသို့ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများလှူဒါန်းခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ဥက္ကာသီရိကုမ္ပဏီ လီမိတက်၏ ဆက်သွယ်မှုဖြင့် သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိသော ဆေးပစ္စည်းများကို တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/ မြို့ နယ်ဆေးရုံများနှင့်တိုက်နယ်ဆေးရုံများသို့ ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားတွင် တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အားလုံးသို့ ပန်းနာရင်ကျပ်ရောဂါ ဒေဝနာရှင်များ အတွက် အသက်ကယ်နိုင်သော ဆေးဝါးကိုထည့်သွင်းရှူရှိုက်စေရန် အသုံးပြုသည့်ဆေးရုံသုံးပစ္စည်း (Nebulizer) ၄၅ လုံး လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥက္ကာသီရိကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဒေါက်တာစန်းစန်းရီက တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများသို့ ဆေးရုံသုံး ပစ္စည်းများ (Nebulizer) ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်များမှ ကျန်းမာရေးဦးစီးဌာန ကိုယ်စားလှယ်များထံသို့ ဆေးရုံသုံးပစ္စည်းများ (Nebulizer) ပေးအပ်ကြသည်။

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများထံသို့ ယနေ့ ပေးအပ်လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်း (Nebulizer) ၄၅ လုံး၏ တန်ဖိုးမှာ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၅ သိန်းခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ဝါးကြီးတောဆည် ပြုပြင်ထိန်းသိမ်းရန် လိုအပ်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တောင်ထောင့်အုပ်စု ကုန်းဇောင်းရွာတွင်ရှိသော ဝါကြီးတောရေလှောင်ဆည်သည် ၁၉၆၅ ခုနှစ်က တည်ဆောက်ခဲ့ရာ ၄၉ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဆည်ရေဝင်ဧရိယာ ဧက ၄၀ ခန့်ရှိပြီး ဆည်ပေါင်၏ပေ အရှည် ၂၀၀၀ ခန့်ရှိကာ ဆည်ပေါင်၏ ပေအမြင့် ၁၅ ပေခန့်ရှိသည်။ ဆည်ရေ သောက်လယ်မြေဧက ၁၀၀၀ ကျော် စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သောကြောင့် ကျေးရွာများရှိ တောင်သူများစပါးစိုက်ပျိုးခြင်းကို အဓိက အားထားလုပ်ကိုင်ကြသည်။ ကုန်းဇောင်းကျေးရွာအပါအဝင် တောင်ထောင့်ကျေးရွာ၊ ကျောင်းရွာလေးကျေးရွာ၊ ရွှေးချိုကျေးရွာ၊ မျက်ရဲကန်ကျေးရွာ စသည့်ကျေးရွာများမှာ ဝါးကြီးတောဆည်မှ ဆတ်မင်းအိုင်နှင့် တမာပင်ရိုးနှစ်ခုပေါင်း စီးဆင်းလာသောရေကို ဆည်ရေသောက် လယ်ယာများအဖြစ် အသုံးပြုလာခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။

ယင်းဝါးကြီးတော ဆည်သည် ရေထွက်ပြွန်များကျိုးပဲ့နေပြီး ရေလွှဲပြောင်းပေးနိုင်ခြင်း မပြုနိုင်သောကြောင့် ဝန်းကျင်ကျေးရွာတောင်သူများ၏လယ်ယာမြေများ ရေအခက်အခဲများ ဖြစ်နေကြသည်။ စပါးစိုက်ပျိုးနိုင်ခြင်းမရှိသည်မှာ ၁၂ နှစ်ရှိသွားပြီဖြစ်သဖြင့် ဆည်ပြုပြင်ပေးရန် လိုအပ်နေကြောင်း သိရသည်။

ဇာဇာ(မကွေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြော

မချမ်းဘော ဇူလိုင် ၅

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာ ပေးဟောပြောပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ် ရဲစခန်းမှူး ရဲအုပ်မင်းစိုးအောင်က ယာဉ်မတော်တဆ ဖြစ်ရသည့် အကြောင်းရင်းနှင့် မော်တော်ဆိုင်ကယ်ဦးထုပ်ဆောင်းခြင်းဖြင့် အသက်အန္တရာယ်လုံခြုံမှုရှိကြောင်း၊ ဥပဒေနှင့်အညီ ယာဉ်စည်းကမ်းကို လိုက်နာမောင်းနှင်ရန် လိုအပ်ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မချမ်းဘောမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၄၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး မြဘုရားအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇူလိုင် ၅

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးနှင့်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဗန်ကောက်မြို့ရှိ မြဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဗန်ကောက်မြို့ Chinatown ရှိ Trimitawittayaram Temple ရွှေဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗန်ကောက်မြို့ မြန်မာသံရုံးသို့ရောက်ရှိကြပြီး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ချစ်ဆွေနှင့်ဇနီး၊ မြန်မာသံရုံးဝန်ထမ်းမိသားစုများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးဝန်ထမ်းမိသားစုများကို လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့်ဇနီးတို့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြဘုရားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (မြဝတီ)

✻ ကျောဖုံးမှ

စီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကိုလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့် ထိုင်းတပ်မတော်အရာရှိကြီးများနှင့်အတူ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ထိုင်းဘုရင့်ရေတပ်ဌာနချုပ် Rajaworadit ဆိပ်ကမ်းသို့ရောက်ရှိပြီး ကျောက်ဖရားမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးများလွှတ်ခဲ့ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီးတို့က Siam Kempinski Hotel Chadra Ballroom ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan-o-cha တို့ တွေ့ဆုံဆွေးနွေးစဉ်။ (မြဝတီ)

ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးစိုးလွင်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

အဖွဲ့ဝင်တောင်သူဦးကြီးများအတွက် စိုက်ပျိုးစရိတ်ထုတ်ချေး

မြို့သစ် ဇူလိုင် ၅

မိုးရာသီတွင် စပါးနှင့်နှမ်းများ တောင်သူဦးကြီးများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်၏ ကူညီမှုဖြင့် မြို့သစ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ အစုအဖွဲ့ပေါင်း ၁၁၀ဦး၊ အဖွဲ့ဝင် တောင်သူ ၉၇၃ ဦးအတွက် စပါးဧကပေါင်း ၂၁၇၅ နှင့် နှမ်း ၁၈၆၅ ဧက အတွက် ငွေကျပ် သိန်း ၂၅၃၀ကို ထုတ်ချေးပြီးဖြစ်ရာ ကျန်ရှိနေသော ၃၃ အုပ်စုရှိ လူဦးရေ ၉၉၆၅ ဦးအတွက် ငွေကျပ် သိန်း ၃၁၄၇၀ ကို ဆက်လက်ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

မြိတ်စီးပွားရေးဇုန်စီမံကိန်းတွင် ကုန်တန် ၂၀၀၀ တင် သင်္ဘောကြီးများ ဝင်၊ထွက်နိုင်သောဆိပ်ကမ်းဇုန်ပါမည်

မြိတ် ဇူလိုင် ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လက်ရှိဆိပ်ကမ်းများ၏နေရာအကျယ်အဝန်းနှင့် ကုန်တင်ကုန်ချလုပ်ငန်းများတွင် စွမ်းဆောင်နိုင်မှုစွမ်းရည်ပိုင်းလိုအပ်ချက်များကို တစ်စိတ်တစ်ဒေသ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myeik Future Development Public Co.Ltd) ၏ မြိတ်စီးပွားရေးဇုန် (Myeik Economic Zone) စီမံကိန်းတွင် ကုန်တန်ချိန် ၂၀၀၀ တင် ကုန်တင်သင်္ဘောကြီးများ အလွယ်တကူ ဝင်၊ထွက်သွားလာနိုင်သောဆိပ်ကမ်းဇုန် (Port Zone) တစ်ခုပါ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာဦးအောင်မျိုးလတ်ထံမှ သိရသည်။

မြိတ်စီးပွားရေးဇုန်ကို မြိတ်မြို့၏ အရှေ့ဘက်သုံးမိုင်ခန့်အကွာ ယောကြီးမြစ် မြောက်ဘက်၊ မြိတ်လေဆိပ် အရှေ့ဘက်၊ မြိတ်မွေးမြူရေးဇုန်နှင့် စက်မှုဇုန်တို့နှင့် တစ်ဆက်တစ်စပ်တည်း ကလွင်ကျေးရွာအုပ်စု၊ ရှမ်းချောင်းကြီးရပ်ကွက် တောင်ဘက်၊ ကမ်းသာယာကျေးရွာတွင် အလျား ၁ ဒသမ ၅ မိုင်ခန့်နှင့် အနံ ၁ ဒသမ ၅ မိုင်ခန့် ရှိသော ဧရိယာဧက ၁၁၀၀ ကျော်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါစီးပွားရေးဇုန်အတွင်း ဆိပ်ကမ်းဇုန်နှင့်အတူ စီးပွားရေးနှင့် ရောင်းဝယ်ရေးဇုန်၊ စက်မှုဇုန်၊ အများပြည်သူကျန်းမာရေးအတွက် အပန်းဖြေနားနေနိုင်သော စိမ်းလန်းဇုန်၊ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ အဆင့်မြင့်အိမ်ရာဇုန်စသည့် ဇုန်ငယ်များကို တစ်စုတစ်စည်းတည်းအဖြစ် တည်ဆောက်မည်ဖြစ်ပြီး မြိတ်စီးပွားရေးဇုန်စီမံကိန်းအတွက် လိုအပ်သောမြေယာကို မြေပိုင်ရှင်များနှင့် နှစ်ဦးသဘောတူညီချက်ဖြင့် အရောင်းအဝယ်ပြုလုပ်ထားပြီးဖြစ်၍ ကမ်းသာယာကျေးရွာနေ ပြည်သူများအတွက် လူနေအိမ် ၄၀ ခန့်ကို လုံးခြင်းအိမ်ရာ သွပ်မိုးအုတ်တိုက်များ အစားထိုး ပြန်လည်တည်ဆောက်ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ကုမ္ပဏီက အစုရှယ်ယာများလည်း ထည့်သွင်းပေးထားကြောင်း ဒါရိုက်တာ အဖွဲ့ဝင် ဦးထိန်လင်းက ပြောသည်။ အဆိုပါစီမံကိန်းများကို ၂၀၁၄ ခုနှစ်မှစ၍ ၁၀ နှစ်အတွင်း အပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

မြိတ်စီးပွားရေးဇုန် စီမံကိန်းပုံစံငယ်။

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။
(17'x60')
PVC
(PVC
A/C(1)
Pressur Pump
ကျပ်သိန်း→(750)
Ph:09-5053076

နိုင်ငံတကာသတင်း

ပြည်တွင်းပြည်ပ ဖိအားပေးမှုများရှိသော်လည်း တတိယသက်တမ်းအတွက်ပြိုင်မည်ဟု အီရတ်ဝန်ကြီးချုပ်ပြော

ဘဂ္ဂဒက် ဇူလိုင် ၅

အီရတ်ဝန်ကြီးချုပ် နော်ရီ မာလီကီက သူ့အနေဖြင့် ပြည်တွင်းပြည်ပ ဖိအားပေးမှုများ ခံနေရသော်လည်း တတိယသက်တမ်းဝင်ရောက်ယှဉ်ပြိုင်ရန် လက်လျှော့ပေးမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ဆွန်နီစစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် အီရတ်စစ်သားတစ်ဦးအဖြစ် ဆက်လက်ရှိနေမည်ဟုလည်း သူကပြောသည်။

မစ္စတာမာလီကီ၏ ရှီးယိုက်မဟာမိတ်ပါတီသည် ဧပြီလ ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။ သို့သော်လည်း အီရတ်နိုင်ငံရေးကို ရှီးယိုက်အသိုင်းအဝိုင်းက ချုပ်ကိုင်ထားခြင်းဖြင့် အကျပ်အတည်းဖြစ်လာကြောင်း အီရတ်ပြည်သူအများစုက ရှုမြင်ထားသည်။

မာလီကီနှင့်အီရတ် နိုင်ငံရေးခေါင်းဆောင်များသည် လူမျိုးစုများနှင့် အဆင်ပြေအောင် ဆောင်ရွက်သင့်ကြောင်း အမေရိကန်က ပြောကြားသည်။ ထိုအတောအတွင်း ရီပတ်ဘလီကင်အမတ် ဂျွန်မတ်ကိန်းအပါအဝင် အမေရိကန်ကွန်ဂရက်ခေါင်းဆောင်များက မစ္စတာ မာလီကီအား ဖြုတ်ချပစ်ရန် ပွင့်ပွင့်လင်းလင်း တိုက်တွန်းပြောဆိုလိုက်သည်။

သူပုန်များက အီရတ်မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့၌ သိမ်းပိုက်ထားပြီး ဆီးရီးယားနှင့် အီရတ်နိုင်ငံအကြား ဒေသကို အစ္စလာမ့်နိုင်ငံအဖြစ် ကြေညာသွားရန် ပြင်ဆင်လျက်ရှိသည်။

မိမိအနေဖြင့် အီရတ်ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးဖို့အတွက် စစ်သားတစ်ဦးအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး အိုင်ဆစ် အကြမ်းဖက်သူပုန်များနှင့် ယင်းတို့၏ မဟာမိတ်များကို ဆက်လက်တိုက်ခိုက်သွားမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဘိုကိုဟာရမ်သူပုန်စုဆောင်းရေးအဖွဲ့ဝင်သုံးဦးကို စစ်တပ်ကဖမ်းဆီး အမျိုးသမီးငယ်များအား အိမ်ထောင်ပြုပေးရန် စုဆောင်းနေ

အဘူဂျာ ဇူလိုင် ၅

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့မှ သူပုန်စုဆောင်းရေးအဖွဲ့ဝင် အမျိုးသမီးသုံးဦးကို ဖမ်းဆီးလိုက်ကြောင်း နိုင်ဂျီးရီးယားစစ်တပ်က ပြောသည်။

မုဆိုးမများနှင့် မိန်းကလေးငယ်များကို ပစ်မှတ်ထားစုဆောင်းနေကြောင်း၊ ယင်းတို့အား ဘိုကိုဟာရမ်အဖွဲ့ဝင်များနှင့် အိမ်ထောင်ချပေးရန်အတွက်ဖြစ်ကြောင်း အဆိုပါအမျိုးသမီးများက ပြောသည်။

အဆိုပါ စစ်သွေးကြွအဖွဲ့တွင် အမျိုးသမီးတပ်ဖွဲ့တစ်ဖွဲ့လည်း ရှိထားပြီဖြစ်ကြောင်း စစ်သွေးကြွများက ပြောသည်။ ဘိုကိုဟာရမ်သူပုန်များသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများတွင် အမျိုးသမီးများကို အဓိကအခန်းကဏ္ဍမှ ပါဝင်လာစေရန် ကြိုးစားနေကြောင်း အဘူဂျာရောက် ဘီဘီစီသတင်းထောက် ဝဲလ်ရော့စ်က ပြောကြားသည်။

ပြီးခဲ့သည့်လက ဂွန်ဘေးပြည်နယ်ရှိ စစ်တန်းလျားတစ်ခုကို အသေခံဗုံးခွဲတိုက်ခိုက်ရာတွင် အမျိုးသမီးအသေခံဗုံးခွဲသူ သေဆုံးခဲ့သည်။ ယင်းကဲ့သို့ တိုက်ခိုက်မှုသည် နိုင်ဂျီးရီးယားနိုင်ငံ၌ ပထမဆုံးဖြစ်သည်။

အဆိုပါအမျိုးသမီးက လုံခြုံရေးစစ်ဆေးရေးဂိတ်ကိုရှာပြီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ စစ်သားတစ်ဦးသေဆုံးခဲ့သည်။ ဘိုကိုဟာရမ်တို့ကြီးစိုးသော နိုင်ဂျီးရီးယားမြောက်ပိုင်း မိုင်ဒူဂူရီကဲ့သို့သော မြို့ကြီးများ၌ ဖမ်းဆီးမှုများ အကြီးအကျယ်ပြုလုပ်လျက်ရှိရာ အမျိုးသမီးများလည်း ပါဝင်ကြောင်း သံတမန်အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါဖမ်းဆီးထားသော အမျိုးသမီးသုံးဦးသည် ထောက်လှမ်းရေးအဖွဲ့မှ ဖြစ်ကြောင်း နိုင်ဂျီးရီးယားစစ်တပ်က ပြောသည်။ **(ဘီဘီစီ)**

ဗီယက်နမ်ရေလုပ်သားခြောက်ဦးကို တရုတ်အာဏာပိုင်များဖမ်းဆီး

ပေကျင်း ဇူလိုင် ၅

ဗီယက်နမ်ရေလုပ်သားခြောက်ဦးအား တရုတ်အာဏာပိုင်များက ဖမ်းဆီးလိုက်ကြောင်း တာဝန်ရှိသူများကပြောသည်။ ယင်းဖမ်းဆီးမှုကြောင့် တောင်တရုတ်ပင်လယ်အတွင်း တင်းမာမှုများမြင့်တက်လာနိုင်သည်ဟု ဆိုသည်။ အဆိုပါရေလုပ်သားများသည် တရုတ်ရေနံတူးစင်နှင့် ပတ်သက်၍ နှစ်နိုင်ငံအငြင်းပွားနေသည့် ရေပိုင်နက်အတွင်း ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်က ပြောသည်။ ၎င်းရေလုပ်သားများကို တရုတ်ရေပိုင်နက် ဟိုင်နန်ကျွန်းကမ်းလွန်၌ တွေ့ရသည်ဟုဆိုသည်။ ဟိုင်ယန်ရှီကျို- ၉၈၁ ရေနံတူးစင်အနီး သင်္ဘောများဖြင့် ဝင်တိုက်သည်ဟု နှစ်နိုင်ငံအပြန်အလှန် စွပ်စွဲလျက်ရှိသည်။ ယခုနှစ်အစောပိုင်းတွင် ဗီယက်နမ်နိုင်ငံ၌ အဆိုပါရေနံတူးစင်နှင့် ပတ်သက်ပြီး တရုတ်ကို ဆန့်ကျင်သည့်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ **(ဘီဘီစီ)**

အိန္ဒိယသူနာပြု ၄၆ ဦး မွမ်ဘိုင်းသို့ ပြန်လည်ရောက်ရှိ

နယူးဒေလီ ဇူလိုင် ၅

စစ်ဒဏ်ခံစားနေရသော အီရတ်၌ပြန်ပေးဆွဲခံထားရသော အိန္ဒိယနိုင်ငံသား ၁၀၀ နှင့်အတူ အိန္ဒိယသူနာပြု ၄၆ ဦးကို ခွဲထွက်ရေးသမားများက ပြန်လည်လွှတ်ပေးပြီးနောက် အထူးလေကြောင်းလိုင်းဖြင့် ဇူလိုင် ၅ ရက်က မွမ်ဘိုင်းမြို့သို့ ရောက်ရှိလာခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

သူနာပြုများသည် မကြာမီအချိန်အတွင်း ၎င်းတို့၏ဒေသကာယာလာတောင်ပိုင်း ကိုချ်သို့ ပြန်လည်ရောက်ရှိတော့မည် ဖြစ်သည်။ အိန္ဒိယနိုင်ငံသား ၁၄၆ ဦးသည် အိန္ဒိယအထူးလေကြောင်းလိုင်းဖြင့် မွမ်ဘိုင်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ၎င်းလေယာဉ်သည် အီရတ်နိုင်ငံ ကာဒစ္စတန်ဒေသ အာဘီးလ်လေဆိပ်မှ ဒေသစံတော်ချိန် ၄ နာရီ ၁၅ မိနစ်က ထွက်ခွာလာခဲ့ရာ မွမ်ဘိုင်းမြို့၌ ခရီးတစ်ထောက်နားခြင်းဖြစ်သည်။ လေယာဉ်ဆီဖြည့်ပြီးနောက် ၎င်းတို့၏မွေးရပ်မြေကိုချ်သို့ ဆက်လက်ထွက်ခွာမည်ဟု ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

ပင်လယ်နက်အတွင်း ရုရှားရေတပ်စစ်ရေးလေ့ကျင့်မှုစတင်

မော်စကို ဇူလိုင် ၅

ပင်လယ်နက်အတွင်း၌ ရုရှားရေတပ်သည် ကြည်း၊ ရေ၊ လေ တပ်မတော်စစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ပင်လယ်နက်ဧရိယာတစ်ခုလုံး၌ စစ်သင်္ဘော ၂၀ ကျော်၊ လက်နက်အပြည့်အစုံတပ်ဆင်ထားသော ရဟတ်ယာဉ် ၂၀ ကျော်သည်လည်း ရေတပ်စစ်ရေးလေ့ကျင့်မှု၌ ပါဝင်လျက်ရှိကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

စစ်ရေးလေ့ကျင့်မှု၌ ပစ်မှတ်ကို တိတိကျကျပစ်နိုင်သော တိုက်ချင်းပစ်ဒုံးကျည်ငါးစင်းပါသည့် စစ်သင်္ဘောများ လေ့ကျင့်မည်ဖြစ်သည်ဟုဆိုသည်။ ၎င်းစစ်ရေးလေ့ကျင့်မှုကို တကယ့်အစစ်အမှန်တိုက်ပွဲအခြေအနေကဲ့သို့ လေ့ကျင့်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေ့ကျင့်ခြင်းဖြင့် ပြောင်းလဲသွားသောတည်နေရာများနှင့်အတူ တပ်မှူးများ၏ ဆုံးဖြတ်ချက်ချမှတ်သည့်စွမ်းရည်များ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ၎င်းစစ်ရေးလေ့ကျင့်မှုကို အချိန်မည်မျှကြာအောင် ပြုလုပ်မည်ဖြစ်ကြောင်းကိုမူ ပြောကြားခဲ့ခြင်းမရှိပေ။ **(ဆင်ဟွာ)**

အလက်ပိုမြို့အနီး အဓိကစက်မှုဇုန် ဆီးရီးယားစစ်တပ်က ပြန်လည်ရယူ

အလက်ပို ဇူလိုင် ၅

ဆီးရီးယားစစ်တပ်က ၎င်းတို့အနေဖြင့် အလက်ပိုမြို့မြောက်ပိုင်း အချက်အချာကျသောနေရာကို ပြန်လည်သိမ်းပိုက်နိုင်ပြီ ဖြစ်ကြောင်း ပြောကြားသည်။ များပြားလှသော တက်ဖီရီ အကြမ်းဖက်အုပ်စုများ ကျဆုံးပြီးနောက် ရှိတ်နက်ဂျာစက်မှုဇုန်ကို သောကြာနေ့က ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း စစ်တပ်က ပြောကြားသည်။

ထိုနေ့စောစောပိုင်းက မာအဘာဒီရပ်နှင့် ရာမန်နီရပ်ကျေးရွာများအနီးမှ အကြမ်းဖက်သမားများကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်ဟုဆိုသည်။ အဆိုပါစက်မှုဇုန်အနီးရှိ ကျေးရွာများကိုလည်း သိမ်းပိုက်ထားနိုင်ပြီဖြစ်ကြောင်း ဆီးရီးယားစစ်တပ်ကပြောသည်။ ဆီးရီးယားလေတပ်က စစ်သွေးကြွများသိမ်းပိုက်ထားသည့်ဒမတ်စကတ် ဆင်ခြေဖုံးဒေသများ၊ ဒါရာ၊ အလက်ပိုနှင့် အစ်လစ်ပြည်နယ်များကို လေကြောင်းမှ ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

ဆီးရီးယားစစ်တပ်သည် နိုင်ငံတစ်ဝန်း ပြည်ပကျောထောက်နောက်ခံပြုစစ်သွေးကြွ အုပ်စုများအား လွန်ခဲ့သောလများက တိုက်ခိုက် အနိုင်ရရှိလျက်ရှိရာ ယနေ့တိုက်ခိုက် အောင်မြင်မှုသည် နောက်ဆုံး အောင်မြင်မှုဟု ဆိုသည်။

ဆီးရီးယားနိုင်ငံအတွင်း ယင်းကဲ့သို့ တိုက်ခိုက်အောင်မြင်မှုများ ရရှိလာခြင်းသည် အစိုးရတပ်များ၏ အလှည့်အပြောင်း တိုးတက်မှုပင်ဖြစ်ကြောင်း သမ္မတ ဘရှားအယ်လ်အာဆတ်ကပြောသည်။ ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ် မတ်လကတည်းက အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၆၀၀၀၀ သေဆုံးခဲ့ပြီးသန်းပေါင်းများစွာတို့ နေအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

အသက်အန္တရာယ်ဖြစ်စေနိုင်သောလက်နက်မျိုးစုံတွေ့ရှိသဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်မည်

မန္တလေး ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုး၊ လုံခြုံရေးကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၄ ရက် နံနက် ၅ နာရီခွဲမှ ၇ နာရီ ၁၅ မိနစ်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ အရှေ့ရပ်ကွက် ၂၇ × ၂၈ လမ်းကြား၊ ၈၁×၈၂ လမ်းကြားရှိ ဘာသာရေးအဆောက်အအုံအတွင်းသို့ ဝင်ရောက်ရှာဖွေရာ အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ဓားမျိုးစုံ၊ လှံ၊ ခက်ရင်း၊ သံစူးချွန်၊ သစ်သား၊ ဝါးတုတ်များ၊ ကျောက်ခဲ၊ လေးခွ၊ ကုန်း၊ ပေသီး၊ ဖန်သီးတို့ကို ရှာဖွေတွေ့ရှိခဲ့၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ဇူလိုင် ၂ ရက် ဖြစ်စဉ်တွင် သေဆုံးခဲ့သူ ဦးထွန်းထွန်း၏နာရေးအား မွန်းလွဲ ၁ နာရီက ပို့ဆောင်ကြရာ လူအင်အား ၁၁၀၀၀ ခန့်၊ မော်တော်ယာဉ် ၁၉၅ စီး၊ မော်တော်ဆိုင်ကယ် ၅၀၀ ခန့်တို့ဖြင့် လိုက်ပါပို့ဆောင်ကြပြီး မန္တလေး-မိုးကုတ် ကားလမ်းရွှေကျင်လမ်းဆုံအရောက် အောင်ရတနာ မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်နှစ်ဦးအား ပို့ဆောင်သူတစ်ဦး (စိစစ်ဆဲ) က တုတ်ဖြင့်ရိုက်ရာ ခရီးသည်နှစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာများရရှိပြီး မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာ အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ်ပြီးစီး၍ ပြန်လည်ထွက်ခွာလာစဉ် လူအုပ်စုက သုသာန်ဝင်းအတွင်းရှိ သွပ်မိုး၊ ထရံကာ ဇရပ်အဆောက်အအုံကိုမီးရှို့သဖြင့် မီးသတ်ယာဉ် ၁၀ စီးဖြင့် ငြိမ်းသတ်ခဲ့ရသည်။

ထို့နောက် နာရေးပို့ဆောင်သူများ မန္တလေးမြို့သို့ ပြန်လာစဉ် ၁၂ လမ်း× ၆၆ လမ်းဆုံအရောက် လူအချို့သည် တုတ်များ ကိုင်ဆောင်လာကြောင်း တွေ့ရှိရသဖြင့် တာဝန်ရှိသူများက တားဆီးပိတ်ဆို့ဆောင်ရွက်စဉ် ထွက်ပြေးသွား၍လိုက်လံဖမ်းဆီးရာ လေးဦးအား ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စတီး(လ်)ပိုက် လမ်းဓာတ်ကြိုးနှင့်ထိ၍ ဓာတ်လိုက်သေဆုံး

ရန်ကုန် ဇူလိုင် ၅

ကြည့်မြင်တိုင်မြို့နယ် ဆေးရိုးတန်း ငြိမ်းချမ်းရေးရပ်ကွက် ကမ်းနားလမ်းရှိ ပုလောမြို့နယ် အသင်းတိုက်တွင် စတီးလ်သံပန်း အလုပ်သမားတစ်ဦး ဇူလိုင် ၄ ရက် ညနေက ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

စတီး(လ်)သံပန်းအလုပ်သမားများဖြစ်ကြသော ကိုဦး(ခ) ကျော်လွင်ဦး၊ ကိုဝဏ္ဏနှင့်အဖွဲ့သည် ပုလောမြို့နယ်အသင်းတိုက်တွင် စတီးဖိနပ်ခင်းများပြုလုပ်ရာ ညနေအလုပ်သိမ်းချိန် ၆ နာရီကျော်ခန့်တွင် အလုပ်သမားဖြစ်သူ ကိုဝဏ္ဏသည် မြေညီထပ်မှ ပထမထပ်ပြတင်းပေါက်မှတစ်ဆင့် လုံးပတ် တစ်လက်မ၊ အရှည် ၁၉ ပေရှိ စတီး(လ်)ပိုက်ကို သိမ်းဆည်းစဉ် စတီး(လ်)ပိုက်မှာ လမ်းဓာတ်ကြိုးနှင့်ထိမိပြီး ဓာတ်လိုက်လဲကျမှုဖြစ်ခဲ့သည်။

ကိုဝဏ္ဏအား ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီးသို့ပို့စဉ် ညနေ ၆ နာရီ မိနစ် ၄၀ တွင် လမ်း၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ဘော်ဂါသွေး**

လားရှိုးမြို့အဝင် စက်သုံးဆီဆိုင်မီးလောင်မှုဖြစ်ပွားစဉ် လေးဦးဒဏ်ရာရ

လားရှိုး ဇူလိုင် ၅

လားရှိုးမြို့အဝင် မယ်ဟန်ကျေးရွာအုပ်စု ပန်ယောင်းကျေးရွာ ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ ဦးတင်လေး စက်သုံးဆီဆိုင်တွင် ဇူလိုင်၅ရက် နံနက် ၉ နာရီ ခွဲက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ရခြင်းမှာ အောက်တိန်း ဆီဂါလန် ၃၂၀၀ပါ ဟွန်ဒိုင်း YGN 4G-22225 ဆီသယ် ဘောက်ဆာ ယာဉ်ပေါ်မှဆီကို ပြည့်စုံအောင်ဆီဆိုင်၏ ဆီလှောင်ကန်သို့ထည့်ရာ ဆီသယ်ယာဉ်အောက်ဘက်ရှိပိုက်မှ ဆီများပန်းထွက်လာပြီး ဆီသယ်ယာဉ်၏ ဘက်ထရီအိုးပေါ်ကျရာမှ မီးလောင်ခြင်းဖြစ်ကြောင်းသိရသည်။**(အောက်ပုံ)** ပြည့်စုံအောင်ဆီဆိုင် အလုပ်သမား မောင်ကျော်မြင့်က ဆီပိုက်ဆက်သွယ်ကာ ကန်အတွင်းထည့်ရာမှ ဆီများပန်းထွက်မှုဖြစ်ပြီး မီးလောင်ရခြင်းဖြစ်ကြောင်း၊ ၁၅မိနစ်ခန့်သာ မီးလောင်ခဲ့ကြောင်း သက်ဆိုင်ရာမှသိရသည်။

မီးလောင်မှုဖြစ်စဉ် အနီးအနားတွင် ရဲတပ်ဖွဲ့ဝင်များက သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်နေချိန်ဖြစ်ရာ မီးလောင် ပေါက်ကွဲသံကြားကြားခြင်း သွားရောက် မီးငြိမ်းသတ်ခြင်း၊ မီးသတ်တပ်ဖွဲ့ထံ အကြောင်းကြားခြင်း၊ မီးလောင်သူလေးဦးကိုကူညီခြင်းတို့ ပြုလုပ်ခဲ့သည်ဟု လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူးကြီးက ပြောသည်။ မီးလောင်မှုကြောင့် ဆီပိုက်သွယ်သူ မောင်ကျော်မြင့်မှာဒဏ်ရာပြင်းထန်ပြီး ဆိုင်အလုပ်သမားနှစ်ဦးနှင့်ယာဉ်မောင်း ကိုဝင်းဌေးဦးတို့ မီးလောင်ခံရကြောင်း၊ လားရှိုးပြည်သူ့ဆေးရုံကြီးသို့အချိန်မီ ပို့ဆောင်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ မီးလောင်ရာသို့ မြို့ပေါ်ရှိ မီးသတ်ယာဉ်ငါးစီးအပြင် ရပ်ကွက်မှ မီးသတ်ယာဉ်၊ ရေသယ်ယာဉ် စုစုပေါင်း ၁၅စီး ငြိမ်းသတ်ခဲ့သည်ဟု မီးသတ်ဌာနမှ သိရသည်။ မီးလောင်ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၁ သိန်းဖြစ်ကြောင်း ယာဉ်မောင်း ကိုဝင်းဌေးဦးနှင့် မောင်ကျော်မြင့်ကို လားရှိုးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မမ(လားရှိုး)**

စားသောက်ဆိုင်မှ စာရင်းကိုင်နိုင်ငံခြားသူအား အဓမ္မပြုရန် ကြံစည်သူကိုဖမ်းဆီးမိ

ရန်ကုန် ဇူလိုင် ၅

မေ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်က ကြည့်မြင်တိုင်မြို့နယ်ဘောဂရပ်ကွက်ရှိ VK ဗီယက်နမ် Coffee+ Fast Food စားသောက်ဆိုင်တွင် ဆိုင်စာရင်းကိုင်နိုင်ငံခြားသူ အမျိုးသမီးတစ်ဦးကို အမျိုးသားတစ်ဦးက အဓမ္မကြံစည်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့၌ ဆိုင်ရှိ စာရင်းကိုင်နိုင်ငံခြားသူကို ဆိုင်တာဝန်ခံကိုယ်စားလှယ်ကလေအေးစက်ပြုပြင်မည့်သူရောက်လာပါက လေအေးစက်များကို ပြသပေးရန်မှာထားမှုကြောင့် ကြားဖြတ်ရောက်လာသူ အမျိုးသားကို လေအေးစက်ပြုပြင်သူဟု ထင်မှတ်ပြီး ဒုတိယအထပ်သို့ ခေါ်ဆောင်ခဲ့သည်ဟု ဆိုသည်။

၄င်းအမျိုးသားမှာ အမှန်တကယ်ပြုပြင်သူမဟုတ်ကြောင်း သိလိုက်ရသည့်အတွက် မြေညီထပ်သို့ ပြန်ခေါ်လာစဉ် ထိုအမျိုးသားက နိုင်ငံခြားသူကို နီးရာအခန်းအတွင်းသို့ တွန်းထိုးခေါ်ဆောင်သွားခဲ့သည်ဟု သိရသည်။

အမျိုးသမီးက ရုန်းကန်မှုကြောင့် ထိုသူက အနီးရှိကြိတ်သား လှီးစက်မီးဖိုဖြင့် ထုရိုက်ခဲ့ရာ အမျိုးသမီးက ပြန်လည် ခုခံခဲ့သည့်အတွက် အမျိုးသားမှာ ဒဏ်ရာဖြင့် စားသောက်ဆိုင်အတွင်းမှ ထွက်ပြေးသွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲမှူးကြီး ဝင်းကြည်၊ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသင်၊ မြို့မစခန်းမှူး ဒုတိယရဲမှူးတိုးရွှေနှင့်အဖွဲ့ လာရောက်စစ်ဆေးမှုများ ပြုလုပ်ပြီး ပြစ်မှုကျူးလွန်သူကို အမြန်ဆုံး ဖမ်းမိနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့နှင့်အတူ တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီခန့်တွင် အဓမ္မကြံစည်ရန် ကြိုးပမ်းခဲ့သူ လှိုင်သာယာမြို့နယ်နေ ကျော်ကျော်ဦး အသက်(၃၃နှစ်)ကို အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ကံဦး ဘုန်းတော်ကြီးကျောင်း အနောက်ဘက် ရထားလမ်းပေါ်၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ ရဲအုပ်အောင်ကိုကိုနှင့်အဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

၄င်းအား ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရန်အတွက် ကြည့်မြင်တိုင်မြို့မ ရဲတပ်ဖွဲ့က စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကိုကြီးတင်

ဆီသယ်ယာဉ် တိမ်းမှောက်မီးလောင်ကျွမ်း

ရေတာရှည် ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ တောင်ဘက် လေးမိုင်ခန့်အကွာ နတ်တောင်ကျေးရွာနှင့် ညောင်ကြပ်ကျေးရွာအကြား ရန်ကုန်-မန္တလေး ကားလမ်းတွင် ဇူလိုင် ၄ ရက် ည ၉ နာရီ ၄၅မိနစ်ခန့်က ၂၂ ဘီးဆီသယ်ယာဉ်တစ်စီး အရှိန်လွန် တိမ်းမှောက်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှမြောက်သို့ ကျော်ရွှေ သန်လျင်မြို့ ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး စိုးသန်း(၂၀နှစ်) တံတားအရှေ့ရွာ တံတားဦးမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ လိုက်ပါလာသော နီဆန်း ၂၂ ဘီး ဆီသယ်ဘောက်ဆာယာဉ်သည် ကားလမ်းမိုင်တိုင်အမှတ် ၂၀၈/၅ နှင့် ၂၀၈/၆ အကြားတွင် အရှိန်လွန်တိမ်းမှောက်ခဲ့ရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရေတာရှည်၊ ဆွာ၊ တောင်ငူ၊ မြို့လှမြို့များမှ မီးသတ်ယာဉ်လေးစီး လာရောက်ငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ မိနစ် ၄၀ တွင် မီးလုံးဝ ငြိမ်းသတ်နိုင်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ဉာဏ်ဝင်းကြီးကြပ်၍ သာဂရ၊ မြို့လှ၊ ရေနီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များကောင်းမွန်စွာ လုပ်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ယာဉ်နောက်လိုက် စိုးသန်းတွင် မီးလောင်ဒဏ်ရာများရရှိခဲ့၍ ဆေးရုံကို အမြန်ဆုံးတင်ပို့ပေးခဲ့ကာ ယာဉ်မောင်းမှာ အခင်းဖြစ်ရာနေရာမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ယာဉ်ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် သိန်း ၄၄၀ ခန့်ဟုသိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့လှနယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

✳ *ကျောဖုံးမှ*

မကွေးအသင်းမှာ ချေပဂိုးရရှိရေးအတွက် ဒုတိယပိုင်းတွင် လူအပြောင်းအလဲပြုလုပ်ခဲ့ပြီး ၆၁ မိနစ်တွင် ဆယ်လာက ချေပဂိုးပြန်သွင်းခဲ့သည်။ မကွေးအတွက် အနိုင်ဂိုးကို ၆၃ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူပေးခဲ့သည်။ မကွေးအသင်းမှာကွာတားတွင် နေပြည်တော်နှင့် ကစားရမည်ဖြစ်သည်။ ပဒုမ္မာကွင်းတွင် ဇွဲကပင်က ကမ္ဘောဇကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယနေ့ပွဲ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်နှင့်မနောမြေ၊ စလင်းကွင်းတွင် ဧရာဝတီနှင့် ဇေယျာရွှေမြေ၊ ပဒုမ္မာကွင်း၌ ဟံသာဝတီနှင့် Horizonတို့ ကစားမည်ဖြစ်သည်။



ကန့်ကွက်နိုင်ပါသည်

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရပ်ကွက် (၁၁၉)၊ မြေကွက်အမှတ် ၃၀၁ ဒေါ်တင်တင်မြင့်အမည်ပေါက် ပါမစ်မြေကွက်ကို အဆင့်ဆင့်လွှဲပြောင်းဝယ်ယူထားသူ ဦးစံလွင် ၁၀/သထန(နိုင်)၁၀၂၄၂၈ ထံမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ဒေါ်မြင့်မြင့်စန်း ၁၂/စခန(နိုင်)၀၁၀၈၇၅
၆/ဈ၊ သာယာကုန်းရှမ်းရွာလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၄၂၅၃၂၇၅၇၇၊ ၀၉-၅၁၂၆၉၉၈

CLAIMS DAY NOTICE
M.V GOLDEN FAN VOY:NO(17)

Consignees of cargo carried by M.V GOLDEN FAN VOY:NO.(17) are here by notified that the vessel will arrive on about 8-7-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

JTEC and MCF, collaborating on "eVillage" project.

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပြေပြေပြစ်ပြစ် - ၃

မောင်ခင်မင်(ဓနုဖြူ)

"ကျွန်တော် တစ်ခုသတိရလို့ပါ ဦး"

"အေး. . . . ဘာပါလိမ့်ကွယ်"

"တို့ဗမာအစည်းအရုံးရဲ့ဆောင်ပုဒ်ထဲက 'တို့ပြည်ကိုချစ်ပါ၊ တို့စာကိုချီးမြှင့်ပါ၊ တို့စကားကိုလေးစားပါ' ဆိုတဲ့ ပုံစံတူဝါကျကလေးသုံးခုကို စိတ်ထဲမှာစွဲနေတာဟာ ဦးပြောသလို ဆင်တူစကားကလေးတွေထပ်ထပ်သုံးထားလို့ မှတ်မိနေတာဖြစ်မယ်လို့ တွေးမိလို့ပါ"

"ဟုတ်တာပေါ့ကွယ်။ 'တို့ပြည်ကို'၊ 'တို့စာကို'၊ 'တို့စကားကို' ဆိုပြီး ရှေ့ပိုင်းမှာ ဆင်တူထပ်ထပ်သုံးတာရော 'ချစ်ပါ'၊ 'ချီးမြှင့်ပါ'၊ 'လေးစားပါ' ဆိုပြီး နောက်ပိုင်းမှာ ဆင်တူထပ်ထပ်သုံးတာရော ပါတာမို့ ဒီဆောင်ပုဒ်ကို အသံထွက်ပြီး ဖတ်လိုက်တာနဲ့ စိတ်ထဲမှာစွဲသွားနိုင်တာပေါ့။ ဆိုရ ရွတ်ရတာလည်း ပြေပြစ်တယ်၊ ပြီးတော့ ထပ်ကာထပ်ကာပြောတာမို့ လေးနက်မှုလည်း ရှိတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အေး. . . . စကားပုံတွေ၊ ဆောင်ပုဒ်တွေ၊ ကြွေးကြော်သံတွေမှာ အဲဒီလို ဆင်တူ ထပ်သုံးတာမျိုးတွေရှိတယ်။ 'မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါ' ဆိုတာမျိုးပေါ့။ 'မုဆိုး' နဲ့ 'တံငါ' စကားလုံးကွဲပေမယ့် ဝါကျပုံစံချင်းက ဆင်တူနေတယ်မဟုတ်လား။ အဲဒီလို သဘောချင်းတူတဲ့အကြောင်းအရာနှစ်မျိုးကို ပုံစံတူထပ်ဖွဲ့တဲ့စကားပုံတွေ အများကြီးရှိပါတယ်။ 'အမိမဲ့သားရေနည်းငါး' တို့၊ 'စူးနေရာစူး ဆောက်နေရာဆောက်' တို့ ဆိုတာမျိုးတွေပေါ့"

"ဟုတ်ပါတယ် ဦး"

"သဘောချင်းဆန့်ကျင်ဘက်ဖြစ်နေတဲ့ အချက်နှစ်ချက်ကို အဲဒီလို ပုံစံတူစကားတွေနဲ့ ထပ်ဖွဲ့တာမျိုးလည်းရှိတယ်။ အဲဒီလိုဖွဲ့ရင်တော့ ဆန့်ကျင်ဘက်သဘောက ပိုထင်ရှားသွားတာပေါ့ကွယ်"

"ဘယ်လိုဟာမျိုးလဲ ဦး"

" 'ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ' ဆိုတာမျိုးပေါ့။ 'ကုသိုလ်'နဲ့'ငရဲ'က ဆန့်ကျင်ဘက်၊ 'တစ်ပဲ'နဲ့'တစ်ပိဿာ'လည်း ဆန့်ကျင်ဘက်မဟုတ်လား။ 'ကုသိုလ်တစ်ပဲ'နဲ့ 'ငရဲတစ်ပိဿာ'ကျတော့ ပုံစံချင်းဆင်တူဖြစ်နေတယ်လေ။ အဲဒီတော့ အဲဒီလိုဆင်တူဖွဲ့ထားတဲ့ ဆန့်ကျင်ဘက်နှစ်ခုဟာ ထင်ရှားသွားတာပေါ့ကွယ်။ ဆရာကြီးပီမိုးနင်း ရေးဖူးတာတစ်ခုကို သတိရလို့ပြောပြရဦးမယ်။ ဆရာကြီးက လူနှစ်ယောက်ဟာ အရည်အချင်းတူလျက်သားနဲ့ တစ်ယောက်က ယဉ်ကျေးပြီး တစ်ယာက်က ရိုင်းနေရင် သူတို့နှစ်ယောက် ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတာကို မှတ်လောက်သားလောက် ရေးဖူးတယ်ကွဲ့"

"ဘယ်လိုပါလိမ့် ဦးရယ်"

"အေး ဆရာကြီးရေးတာက 'အရည်အချင်းချင်း တူညီလျက် တစ်ယောက်က စိတ်နှလုံးယဉ်ကျေး၍ တစ်ယောက်ကရိုင်းစိုင်းချေက'. . . တဲ့"

"ဟုတ်ကဲ့"

"အဲဒီလိုယှဉ်ပြပြီးတော့မှ ရေးလိုက်တာက 'ယဉ်ကျေးသူမှာ သူဌေးဖြစ်နိုင်၍ ရိုင်းသူမှာခွေးဖြစ်နိုင်သည်'တဲ့ ဗျာ"

"ဟာ. . . . တော်တော်ထိမိတာပဲနော် ဦး"

"ဟုတ်တယ်၊ ယဉ်ကျေးတာနဲ့ ရိုင်းစိုင်းတာရယ်၊ သူဌေးနဲ့ခွေးရယ် ဆိုတဲ့ ဆန့်ကျင်ဘက်နှစ်ခုကို ပုံစံတူစကားတွေနဲ့ယှဉ်ပြီး ဖွင့်လိုက်တော့ ထင်းခနဲ ပေါ်လွင်သွားတာပေါ့ကွယ်"

"ဟုတ်ကဲ့"

"ဒီတော့ သဘောချင်းတူတဲ့ အချက်တွေကိုဖြစ်ဖြစ်၊ သဘောချင်းဆန့်ကျင်တဲ့ အချက်တွေကိုဖြစ်ဖြစ် ပုံစံတူပုဒ်တွေ၊ ပုံစံတူဝါကျတွေနဲ့ဆင်တူဖွဲ့ထားတဲ့အရေးအဖွဲ့တွေဟာ ပြေပြေပြစ်ပြစ်ရှိတဲ့အပြင် လေးနက်မှုလည်း ရှိတယ်။ မှတ်လည်းမှတ်မိလွယ်တယ်ဆိုတာ ထင်ရှားတာပေါ့ကွယ်"

"ရေးတဲ့ဝါကျအားလုံး အဲဒီလိုပုံစံတူ ဆင်တူဝါကျတွေချည်းဖြစ်နေရင်တော့ တမင်လုပ်ရေးထားတာမှန်း သိသာတာပေါ့ကွယ်။ ဘယ်သဘာဝကျမလဲ။ သိပ္ပံမောင်ဝရေးသလို သဘောချင်းဆင်တူတဲ့ အချက်တွေကိုရေးဖို့ အကြောင်းပေါ်လာတဲ့အခါ ဒီလိုဝါကျမျိုးရေးဖြစ်အောင် စိတ်ထဲကလှုံ့ဆော်လာတဲ့အခါမျိုးမှာ အဲဒီလိုစိတ်ထဲစွဲလောက်တဲ့ အရေးအသားမျိုး ပေါ်လာတာကိုပဲလို့ ဦးကတော့ ယူဆပါတယ်ကွယ်"

"ဟုတ်ကဲ့ပါဦး၊ မှတ်သားထားပါ့မယ်"

"အေး. . . . အထူးသဖြင့် ဦးရဲ့စိတ်ထဲမှာ စွဲကျန်ရစ်တဲ့ပုံစံတူ အရေးအဖွဲ့ကလေးတစ်ခုအကြောင်း ပြောပြဦးမယ်"

"ပြောပြပါ ဦး"

"သိပ္ပံမောင်ဝရေးတဲ့ဝါကျတစ်ခုပါ၊ သိပ္ပံမောင်ဝဟာ အင်းဝမြို့ကိုရောက်တဲ့အခါ နန်းမတော်မယ်နုလှူဒါန်းခဲ့တဲ့ အုတ်ကျောင်းကြီးကိုမြင်တော့ တအံ့တသြဖြစ်ပြီး ဘယ်လိုရေးသလဲဆိုတော့. . . . . "

"ဟုတ်ကဲ့"

"ကြီးကလည်းကြီး၊ ခိုင်ကလည်းခိုင်၊ ခံ့ကလည်းခံ့၊ အင်မတန့်ကျောင်းကြီး ဖြစ်လေသည်တဲ့"

"ဟုတ်ကဲ့ပါ"

"အဲဒီဝါကျကလေးကို ခုအထိ ဦးမှတ်မိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းကြီးရဲ့ဂုဏ်သုံးမျိုးကို ပုံစံတူဝါကျသုံးခုနဲ့ ထပ်ကာထပ်ကာ ရေးထားပုံကြောင့်ပဲ"

"ဟုတ်ကဲ့ပါ"

"မင်းဖတ်ကြည့်ရင် အဲဒီအုတ်ကျောင်းကြီးရဲ့ ဂုဏ်သုံးမျိုးကို တွေ့လိမ့်မယ်။ ကြီးမားတာရယ်၊ ခိုင်ခံ့တာရယ်၊ ခံ့ညားတာရယ်၊ အဲဒီဂုဏ်တွေပဲပေါ့။ သိပ္ပံမောင်ဝက အဲဒီဂုဏ်တွေကို 'ကြီးကလည်းကြီး၊ ခိုင်ကလည်းခိုင်၊ ခံ့ကလည်းခံ့' ဆိုပြီး '. . . ကလည်း. . . ' '. . . ကလည်း. . . ' '. . . ကလည်း. . . 'ဆိုတဲ့ ပုံစံတူပုဒ်သုံးခုနဲ့ ထပ်ထပ်ဖော်ပြလိုက်တော့ အဲဒီဂုဏ်တွေ ထင်းခနဲပေါ်လွင်ပြီး လေးနက်သွားတာပေါ့ကွယ်။ စိတ်ထဲလည်း စွဲသွားတာပေါ့"

"ဟုတ်တယ်နော်. . . ဦး"

"ပြီးတော့ရှိသေးတယ်။ မင်းအသံထွက်ပြီးဖတ်ကြည့်စမ်း။ 'ကြီးကလည်းကြီး' ဆိုတဲ့ ပုဒ်မှာ 'ကြီး' ဆိုတဲ့အသံက လေးလေးပင်ပင်နဲ့ ကျသွားတဲ့အသံ။ 'ခိုင်ကလည်း ခိုင်'မှာကျတော့ 'ခိုင်'ဆိုတဲ့အသံက အသံပြေပြေပြစ်ပြစ်နဲ့တက်သွားတဲ့အသံ၊ နောက်ပြီး 'ခံ့ကလည်းခံ့'မှာ 'ခံ့'ဆိုတဲ့အသံက ပြန်ကျသွားတဲ့အသံလေ။ ဒီတော့ဆိုကြည့်ရင် အသံမြင့်လိုက် နိမ့်လိုက်ပြန်မြင့်လိုက် တစ်လှည့်စီသွားတာမို့ သွက်လက်လှုပ်ရှားပြီး အသက်ဝင်နေတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါဦး"

"သိပ္ပံမောင်ဝက ဘယ်နေရာမှာ ဘယ်စာလုံးသုံးတယ်၊ ဘယ်အသံထည့်တယ်ဆိုပြီး ကြိုတင်စိတ်ကူးထားတာတော့ ဟုတ်မယ်မထင်ဘူး။ ယခု အုတ်ကျောင်းကြီးကို ကြည့်ပြီး နှစ်သက်အံ့သြတဲ့စိတ်က လှုံ့ဆော်လိုက်တဲ့အတွက် လက်ထဲမှာ အဲဒီလို ဝါကျမျိုးပေါ်ပေါက်လာတာလို့ ယူဆရတာပေါ့ကွယ်။ စာရေးကောင်းတဲ့ စာရေးဆရာရဲ့စွမ်းရည်ကြောင့် ပေါ်ပေါက်လာတဲ့ ဝါကျမျိုးလို့ ဆိုရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ဦး စဉ်းစားကြည့်တယ်၊ သိပ္ပံမောင်ဝက အဲဒီလိုမရေးဘဲ 'ကြီးမားခိုင်ခံ့ခံ့ညားသော ကျောင်းကြီးဖြစ်လေသည်' လို့ ရေးလိုက်တယ်ဆိုပါဦး အဲဒီဝါကျကတောင် ပိုပြီးစကားလုံးကျစ်လျစ်သေးတယ်။ ဝါကျဖွဲ့ပုံလည်း မှန်တယ်လေ။"

"ဟုတ်ကဲ့"

"ဒါပေမယ့် သိပ္ပံမောင်ဝသာ အဲဒီလိုရေးခဲ့မယ်ဆိုရင် အဲဒီဝါကျအကြောင်းကို ခုလို ဦးတို့ အထူးတလည်စကားထဲထည့်ပြီး ပြောနေစရာအကြောင်းရှိမှာ မဟုတ်ဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ ရေးရိုး ရေးစဉ်ဘာမှမထူးတဲ့ ဝါကျမျိုးဖြစ်နေလို့ပေါ့"

"ဟုတ်တာပေါ့နော်"

"ခုလိုအထူးတလည်ပြောနေတာက ခုနပြောခဲ့သလို ပုံစံတူပုဒ်တွေနဲ့ ကျောင်းကြီးရဲ့ဂုဏ်ပေါ်လာအောင် လေးလေးနက်နက်လည်းရှိတယ်၊ ပြေပြေပြစ်ပြစ်လည်းရှိအောင် ရေးထားတဲ့ဝါကျမျိုးဖြစ်နေလို့ ပြောရတာပေါ့ကွယ်"

" ဒီလိုဆိုရင်- အဲဒီလိုပုံစံတူဝါကျမျိုးတွေချည်း အားလုံးရေးရင် မကောင်းဘူးလား ဦးရဲ့"

" အေး. . . ဦး အဲဒါပြောမလို့။ ရေးတဲ့ဝါကျအားလုံး အဲဒီလိုပုံစံတူ ဆင်တူဝါကျတွေချည်းဖြစ်နေရင်တော့ တမင်လုပ်ရေးထားတာမှန်း သိသာတာပေါ့ကွယ်။ ဘယ်သဘာဝကျမလဲ။ သိပ္ပံမောင်ဝရေးသလို သဘောချင်း ဆင်တူတဲ့အချက်တွေကိုရေးဖို့ အကြောင်းပေါ်လာတဲ့အခါ ဒီလိုဝါကျမျိုး ရေးဖြစ်အောင် စိတ်ထဲကလှုံ့ဆော်လာတဲ့အခါမျိုးမှာ အဲဒီလိုစိတ်ထဲစွဲလောက်တဲ့ အရေးအသားမျိုး ပေါ်လာတာပဲလို့ ဦးကတော့ ယူဆပါတယ်ကွယ်။ ကဲ. . . စာရေးရင် ပြေပြေပြစ်ပြစ်ဖြစ်ရှိဖို့ ပြောကြဆိုကြတာ ဒီလောက်ဆိုရင် ပြည့်စုံလောက်ပါပြီကွယ်"

အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်ပတ်သက်သည့် သိကောင်းစရာများဆိုင်ရာ ဟောပြော

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုကာလတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုပြဿနာများကို အနုညာတစီရင်နည်းအားဖြင့် ဆုံးဖြတ်ခြင်း၊ ပိုင်းခြားခြင်းကို မဖြစ်မနေ သိရှိထားရန်လိုအပ်သောကြောင့် ကုန်သည်၊ စက်မှုအသင်းချုပ်ကကြီးမှူး၍ အနုညာတဆုံးဖြတ်ခြင်း (Arbitration) ဆိုင်ရာသိကောင်းစရာ ဟောပြောပွဲကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းကကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ကုန်သည်၊ စက်မှုချုပ်အသင်းချုပ်၊ ဥပဒေရေးရာ ကော်မတီ၏ အကြံပေးပုဂ္ဂိုလ် ဦးမင်းနိုင်ဦးက အနုညာတခေါ် ခုံသမာဓိ၏အကြောင်း၊ ခုံသမာဓိမူအခြေခံ သဘောထားဆိုင်ရာများအကြောင်း၊ မြန်မာနိုင်ငံ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာဥပဒေများအကြောင်း၊ ခုံသမာဓိများခန့်ထားခြင်း၊ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်တစ်ရပ်အား အတည်ပြုဆောင်ရွက်ရန်ငြင်းဆိုခွင့်ရှိစေသည့် နယူးယောက် ကွန်ဗင်းရှင်းစည်းမျဉ်းအကြောင်းများအစရှိသော အနုညာတနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ ဦးမင်းနိုင်ဦးသည် ကိုလံဘီယာတက္ကသိုလ်မှ မဟာဥပဒေကျမ်းဘွဲ့ကိုရရှိခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အနုညာတနှင့် ကုန်သွယ်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများ၊ စာတမ်းများ တင်ပြခြင်းနှင့် ကုန်သွယ်ရေးသဘောတူညီချက်များနှင့် ယှဉ်ပြိုင်မှု မူဝါဒဆိုင်ရာဆောင်းပါးများ ရေးသားသူဖြစ်ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

မိုးကုတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ယဉ်ကျေးစုံစွာ မျိုးမြန်မာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲကို ဇူလိုင် ၃ ရက်က မိုးကုတ်မြို့ မြို့မအုပ်စုအတွင်းရှိ ပတ္တမြားမြေ အားကစားခန်းမအတွင်း၌ ကျင်းပစဉ်။ နေဝါ(မိုးကုတ်)

လျှပ်စစ်မီးသွယ်တန်းတပ်ဆင်မှု ၉၅ရာခိုင်နှုန်းပြီးစီး

အမရပူရ ဇူလိုင် ၅

အမရပူရမြို့နယ် သာယာအေးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာလူထု၏ဆန္ဒဖြင့် မီးလင်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ မီးလင်းရေးကော်မတီအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ တင်ပြလျှောက်ထားခဲ့သည်။ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ ခွင့်ပြုချက်ဖြင့် ဆက်လက်တင်ပြလျှောက်ထားခဲ့သဖြင့် လျှပ်စစ်ဝန်ကြီးဌာနမှ ကျေးရွာကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးကို ကြိုတင်တည်ဆောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

မီးလင်းရေးကော်မတီနှင့်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနမှ ကျွမ်းကျင်လုပ်သားများဖြင့် ကွန်ကရစ်မီးတိုင်များစိုက်ထူခြင်း၊ ထရန်စဖော်မာများတပ်ဆင်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ အမရပူရမြို့နယ် သာယာအေးကျေးရွာသည် အိမ်ထောင်စု ၂၀၀ နေထိုင်သော ရွာဖြစ်သည်။ လျှပ်စစ်မီးကို ခနွဲးကျေးရွာအနီးရှိ လျှပ်စစ်မီးဓာတ်အားပေးမီးလိုင်းခွဲမှ သွယ်ယူမည်ဖြစ်သည်။ မီးလင်းရေးအတွက် ကွန်ကရစ်မီးတိုင် ၄၅ တိုင်၊ ထရန်စဖော်မာတစ်လုံးတပ်ဆင်ထားပြီး လျှပ်စစ်မီးကြိုးအရှည် ပေ ၃၀၀၀ အသုံးပြုထားသည်။

လက်ရှိကာလတွင် မီးအသုံးပြုမည့်မိသားစု ၉၀ ရှိပြီး ကျန်မိသားစုများမှာလည်း ဆက်လက်ရယူမည်ဖြစ်သည်။ မီးလင်းရေးအတွက် ကျေးရွာပိုင်ရန်ပုံငွေများဖြင့် မတည်ကာအိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သိန်းနှစ်သောင်းစီထည့်ဝင်လှူဒါန်းကြရသည်။ ယခုအခါကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆောင်ရွက်တပ်ဆင်မှုမှာ ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီးဖြစ်ကြောင်း သိရသည်။ **နွေနဒီ**

အထောက်အကူပြုပစ္စည်းနှင့် ဝတ်စုံများပေးအပ်

ဖြူး ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ရုံးနှင့် မြို့နယ်ဆက်သွယ်ရေးလုပ်ငန်းဌာနများတွင် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ထမ်းဝတ်စုံပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက ဖြူးမြို့စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ရန်ကုန်မြို့နေ အလှူရှင် ဦးတင့်ဆွေနှင့် ဆရာမကြီးဒေါ်လှကြူတို့က ဆရာကြီး ဦးနွဲ့၊ ဇနီးဒေါ်ခင်သိန်း၊(သမီး)ဆရာမကြီး ဒေါ်ထားထားခင်၊ (သား)ဆရာကြီး ဦးမြင့်သန်းတို့အားရည်စူး၍ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖြူးမြို့ပေါ်အမှိုက်သိမ်းသန့်ရှင်းရေးလုပ်သားများအတွက် ဝတ်စုံ ၂၀ စုံ၊ မြို့နယ်မီးသတ်တပ်ဖွဲ့အတွက် သစ်ပင်သစ်ကိုင်းဖြတ်စက် အင်ဂျင်ပါမော်တာနှင့် ချိန်းဆောတစ်စုံ၊ ဆက်သွယ်ရေးနှင့် မြို့နယ်လျှပ်စစ်ရုံးလုပ်သားများအတွက် အသက်ကယ်ခါးပတ်နှစ်စုံတို့ကို သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းသည်။ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်မီးဘေး ကာကွယ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီက အလှူရှင်ကိုယ်စားလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဌာနဆိုင်ရာများကိုယ်စား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

ရဟန်းတော်များ သီလစသောဂုဏ်တို့၌ သန့်ရှင်းတည်မြဲနေမှသာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်မြဲနိုင်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီပဉ္စမအစည်းအဝေး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ဗန်းမော်ဆရာတော်ဘုရားကြီး မိန့်ကြားအပ်သော သာရဏီယဩဝါဒကထာ

(၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း (၉) ရက်၊ (၅-၇-၂၀၁၄) စနေနေ့)

ဆရာတော်အရှင်သူမြတ်တို့ဘုရား . . .။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အဓိကကျသောလုပ်ငန်းတာဝန်မှာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်၊ အခန်း ၁၇၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များအပိုဒ်-၁၁၀၊ အပိုဒ်ခွဲ(က) ၌ "သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို တာဝန်ယူဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့်အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် သာသနာတော်သန့်ရှင်းရေး၊ သာသနာတော်တည်တံ့ရေး၊ သာသနာတော်ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးဟူသော အရေးကိစ္စများကို မျက်ခြည်အပြတ်မခံဘဲ မိမိတို့ကိုယ်တိုင်သဒ္ဓမ္မ သုံးဖြာသာသနာတော်၌ သီလစသောဂုဏ်တို့ဖြင့် သန့်ရှင်းတည်တံ့ပြန့်ပွားခြင်းသို့ရောက်နေအောင် ကျင့်ဆောင်ကြမှသာ သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီးလည်း သန့်ရှင်းတည်တံ့ပြန့်ပွားခြင်းသို့ ရောက်နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက

"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော စဝတိ န ပတိဋ္ဌာတိသဒ္ဓမ္မေ"စသည်ဖြင့်လည်းကောင်း၊

"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ"စသည်ဖြင့်လည်းကောင်း ဟောတော်မူခဲ့ပါသည်။ (အံ၊ ၂၊ ၆-၇) ဤသုတ်တော်များကို အရှင်မဟာကဿပစသော ရဟန္တာအရှင်မြတ်ကြီးတို့က အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ သေခဗလဝဂ်၌ ပဌမ-ဒုတိယ အဂါရဝ သုတ်ဟူသော အမည်ဖြင့် သံဂါယနာတင်တော်မူခဲ့ကြပါသည်ဘုရား။

ဤသုတ်တော်များ၏ အဓိပ္ပာယ်အကျဉ်းမှာ-

"သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာမရှိဘဲ ရိုသေလေးစားထိုက်သောပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း၊ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူခြင်းမရှိသော ရဟန်းသည် သဒ္ဓမ္မသုံးဖြာသာသနာတော်၌ သီလစသောဂုဏ်တို့မှ လျှော့ကျ၏။ သီလစသောဂုဏ်တို့၌ မတည်မြဲနိုင်၊ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ သီလစသည်ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်ရန်မထိုက်တန်။

သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ၊ ဝီရိယ၊ ပညာရှိ၍ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း၊အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူခြင်းရှိသော ရဟန်းသည် သဒ္ဓမ္မသုံးဖြာသာသနာတော်၌ သီလစသောဂုဏ်တို့မှမလျှော့ကျနိုင်၊ သီလစသောဂုဏ်တို့၌ တည်မြဲနိုင်၏။ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ရောက်ရန် ထိုက်တန်၏" ဟု ဆိုလိုပါသည်ဘုရား။

ဆရာတော် အရှင်သူမြတ်တို့ဘုရား-ရဟန်းတော်များ သီလစသောဂုဏ်တို့၌ မသန့်ရှင်းလျှင်၊ မတည်မြဲလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင်၊ တည်မြဲနိုင်မည်မဟုတ်ပါ။ ရဟန်းတော်များ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်း မရောက်လျှင် ဓမ္မဝိနယတည်းဟူသော သာသနာတော်မြတ်ကြီးလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်နိုင်မည်မဟုတ်ပါ။

ရဟန်းတော်များ သီလစသော ဂုဏ်တို့၌ သန့်ရှင်းနေမှသာ၊ တည်မြဲနေမှသာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင်၊ တည်မြဲနိုင်မည်ဖြစ်ပါသည်။ ရဟန်းတော်များ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းတို့ရောက်နေမှသာ ဓမ္မဝိနယတည်းဟူသော သာသနာတော်မြတ်ကြီးလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ရောက်နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော အဓိကတာဝန်ကြီးများကိုဆောင်ရွက်နေကြရသော ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်အရှင်မြတ်တို့သည် သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာငါးဖြာသောတရားတို့နှင့်ပြည့်စုံကြလျက် ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားသော သဂါရဝပုဂ္ဂိုလ်၊ အလေးဂရုပြုထိုက်သောပုဂ္ဂိုလ်တို့၏အဆုံးအမအဆိုအမိန့်စကားများကို လေးစားနာယူတတ်သော သပ္ပတိဿပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ဆောင်တော်မူကြ၍ သံဃာစည်းလုံးညီညွတ်ရေးပျက်ပြားဖွယ် ပြုလုပ်ပြောဆိုဆောင်ရွက်မှုတို့ကို မပြုလုပ်၊ မပြောဆို၊ မဆောင်ရွက်မိအောင် ရှောင်ကြဉ်တော်မူကြကာ ငါးသိန်းကျော်သံဃာတော်တို့ကပေးအပ်ထားသော အဓိကတာဝန်ကြီးလေးရပ်ကို အတတ်နိုင်ဆုံးဆောင်ရွက်တော်မူကြပါဟုတိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်အရှင်မြတ်တို့ဘုရား။

သံဃာ့အဖွဲ့အစည်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ကြတော့မည်ဖြစ်ရာ သံဃာ့အဖွဲ့အစည်းကြီး တည်တံ့ခိုင်မြဲရေးအတွက် အကျိုးများလိမ့်မည်

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ဩဝါဒကထာ မြွက်ကြား ချီးမြှင့်တော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာ၌-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ဝိနိစ္ဆယရေးရာအပိုင်းကို ဆောင်ရွက်တော်မူကြရာ၌ ငါးသိန်းကျော်သံဃာထုကြီးအတွင်း အငြင်းပွားမှုခင်းမျိုးစုံကို ကြီးသောအမှုသေးငယ်အောင်၊ သေးငယ်သောအမှုပပျောက်အောင် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားရေးမဏ္ဍိုင်ကြီးသဖွယ် ဆောင်ရွက်တော်မူခဲ့ကြပါကြောင်း။ သာသနာရေးရာအပိုင်းတွင်လည်း စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန် သာသနိကအဆောက်အအုံများ တည်ထားကိုးကွယ်ရာတွင် ဩဝါဒချီးမြှင့်ပေးခြင်း၊ သာသနာတော်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ရွေးချယ်တာဝန်ပေးခြင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း၊ ကျောင်းထိုင်ဘုန်းကြီးတင်မြှောက်ခြင်းနှင့် သမဏသာရုပ္ပမဖြစ်သည့်ရဟန်းသာမဏေများပပျောက်ရေး ဆောင်ရွက်ခြင်းစသည့်ကိစ္စရပ် မြောက်မြားစွာကို သာသနာ့မဏ္ဍိုင်ပမာ ဆောင်ရွက်တော်မူခဲ့ကြပါကြောင်း။

အလားတူပင် ပညာရေးရာအပိုင်းတွင်လည်း တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကအစ ဓမ္မာစရိယနှင့်ပထမပြန်စာမေးပွဲများကျင်းပခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့၏ အရေးအရာကိစ္စများ၌ ဦးဆောင်မှုပေးခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊ ဗုဒ္ဓဘာသာစာပေများနှင့် တရားတော်ဟောကြားချက်များစိစစ်ခြင်းစသည့် ပရိယတ္တိပညာရေးရာများကိုလည်း ပရိယတ္တိမဏ္ဍိုင်ကြီးနှင့် သဏ္ဌာန်တူစွာ ဆောင်ရွက်တော်မူခဲ့ကြကြောင်း သိရှိဝမ်းမြောက်ရပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် အမြင့်ဆုံးအဖွဲ့ကြီးဖြစ်ပါကြောင်း၊ သံဃာ့အဖွဲ့အစည်းကြီးအတွင်း ဖြစ်ပွားပေါ်ပေါက်သည့် သံဃာ့ကိစ္စမှန်သမျှ သံဃာအချင်းချင်းဝိနည်းတော်အရ ဥပဒေစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်းကြီး၏ ဂုဏ်ရှိန်ကိုမြှင့်တင်နိုင်ခဲ့ပါကြောင်း၊ သံဃာ့ဝိနစ္ဆယဆုံးဖြတ်ချက်အကောင်အထည်ဖော်ရာတွင်မူ နှောင့်နှေးမှုများရှိနေသည့် အမှုကိစ္စတချို့ကျန်ရှိနေသေးသော်လည်း ထိုအငြင်းပွားမှုများမှာ ဝိနည်းတော်အရ ဆုံးဖြတ်ခြင်းဖြစ်၍ မှားယွင်းဆုံးဖြတ်သည်ဟု ခေါ်ဆိုနိုင်မည်မဟုတ်ပါကြောင်း။

သို့သော်ငြားလည်း အများစုဆန္ဒနှင့် ကိုက်ညီမှုမရှိသဖြင့်လည်းကောင်း၊ ဆန္ဒကွဲပြားမှုအားပြိုင်နေသဖြင့်လည်းကောင်း ပဋိပက္ခမှုကို ရှောင်ရှားနိုင်စေရန် သက်ညှာထောက်ထားစောင့်ဆိုင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့အငြင်းပွားမှုများ မပြီးမပြတ် ဆက်လက်ကျန်ရှိနေမှုသည် တစ်ချိန်ချိန်တွင် ပဋိပက္ခမီးတောက်ကို ထတောက်စေနိုင်သဖြင့် အချိန်အခါ ကြည့်ရှု၍ဖြစ်စေ၊ ပြေငြိမ်းနည်းရှာ၍ဖြစ်စေ၊ ရှင်းလင်းထားနိုင်မှ ထာဝရငြိမ်းအေးမည်ဖြစ်ပါကြောင်း၊ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ယခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ကို အောင်ပွဲပြု၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါကြောင်း။

ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး၏ အောင်မြင်မှုမှတ်တမ်းကို ဥပတ္ထမ္ဘကအဖွဲ့က မူကြမ်းပြုစုထားပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ တည်းဖြတ်ပြင်ဆင်ပြီးပါက မကြာမီ စာအုပ်အဖြစ် ထွက်ပေါ်လာမည်ဖြစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏သာသနာဝင်သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိနေမည်ဖြစ်ပါကြောင်း။ မကြာမီကာလတွင် ဝါတွင်းအချိန်အခါသို့ ရောက်ရှိမည်ဖြစ်ရာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း ပြင်ဆင်ရေးအဖွဲ့ဆရာတော်များက ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ဆုံးဖြတ်ချက်အရ သံဃာ့အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းစသည်များကို ပြင်ဆင်ကြတော့မည်ဖြစ်ပါကြောင်း။ နိုင်ငံတစ်ဝန်းလုံးရှိ သံဃာ့အဖွဲ့အစည်းဝင်သံဃာတော်များ၏ ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်များကို လက်ခံရရှိထားသည်ဖြစ်ရာ ထိုအကြံပြုချက်များသည်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းကြီး အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် အကျိုးများလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် မိမိတို့နေထိုင် သီတင်းသုံးတော်မူရာ ကျောင်းတိုက်၏ ပရိယတ်ပဋိပတ်လုပ်ငန်းများတွင် ဦးဆောင်မှုပေးတော်မူကြရင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အဖွဲ့ခွဲများအလိုက် တာဝန်ကျရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ လုပ်ငန်းဆောင်တာများကို သက်တော်ရွယ်တော်ကိုမငဲ့၊ ကျန်းမာရေးကို ဂရုမစိုက်အားဘဲ နိုးကြားထက်သန်သော ဇွဲလုံ့လဝီရိယ၊ ခိုင်ခံ့မြဲမြံသော သတိပညာ၊ လေးနက် ပြင်းပြသောသဒ္ဓါ စေတနာစိတ်ဓာတ် အားမာန်တို့ဖြင့် ကြိုးစားထမ်းဆောင်တော်မူကြသဖြင့် သာသနာတော်မြတ်ကြီးသည် ရောင်ရှိန်လင်းလက် အားတက်ဖွယ်ရာဖြစ်ပါ၍ ဝမ်းမြောက် နှုမော်သာဓု ခေါ်ဆိုရပါကြောင်း။

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို မဆုတ်မနစ် အားသစ်ထပ်လောင်းစုပေါင်းဆောင်ရွက်ကြသည့်နည်းတူ နိုင်ငံတော်အစိုးရအမှူးရှိသော ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ကလည်း ပစ္စယဓမ္မာ နှစ်ဖြာနုဂ္ဂဟ ဗလဝသဒ္ဓါအဖြာဖြာတို့ဖြင့် ညွတ်တွားကော်ရော် ပူဇော်လျက်ရှိကြပါကြောင်း၊ ဆရာဒကာ ညီညာလက်ဆင့် ကျွန်းနှင့်ကိုင်းမှီရှေ့သွားညီအောင် သာသနာတော်မြတ်ကြီးအတွက် ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ အပရစေတနာ စေတနာသုံးတန် ပြဋ္ဌာန်းလျက် ဆပွားထပ်ဆင့် ထောက်ပင့်ကော်ရော်ပူဇော်ကြမည်သာဖြစ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက တင်သွင်းလျှောက်ထားတော်မူသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြသည်။

ယင်းနောက် သာသနာရေးရာနှင့်ဝိနိစ္ဆယရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား ဇူလိုင် ၂ ရက် အကြိုညီနိူင်း ပထမနေ့ တစ်နေ့တာ ဆွမ်းခဲဖွယ်ဘောဇဉ်များကို ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း အကောက်ခွန်အိမ်ရာနေ ဗိုလ်မှူး ရဲထွဋ်အောင်-ဒေါ်မြသီ မိသားစု၊ ဇူလိုင် ၃ ရက် အကြိုညီနိူင်း ဒုတိယနေ့ ဆွမ်းခဲဖွယ်ဘောဇဉ်များကို စမ်းချောင်းမြို့နယ် လင်းလွန်းလမ်းနေ ဒေါ်မာရီလွင်၊ ဇူလိုင် ၄ ရက် အကြိုညီနိူင်း တတိယနေ့တစ်နေ့တာ ဆွမ်းခဲဖွယ်ဘောဇဉ်များကို တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်းနေ ဦးစိန်လွင်- ဒေါ်ညိုညိုအေး မိသားစုနှင့်ယနေ့အစည်းအဝေး ပထမနေ့ တစ်နေ့တာ ဆွမ်းခဲဖွယ်ဘောဇဉ်များကို ကမ္ဘာအေးဗီလာနေ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)-ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❒ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာကဏ္ဍသည် ကမ္ဘာ့ဘဏ်၏ ခန့်မှန်းတွက်ချက်မှုများအရ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး၏ ၄၃ ရာခိုင်နှုန်းရှိပြီး အလုပ်လုပ်နိုင်သောလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်၏ အဓိကစီးပွားရေးဖြစ်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုနှစ်မှ စတင်ကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် စိုက်ပျိုးစရိတ်ချေးငွေကို အတိုးနှုန်းလျှော့ချပြီး ထုတ်ချေးပေးလျက်ရှိပါကြောင်း။

အလားတူ သမဝါယမဝန်ကြီးဌာနက သမဝါယမအသင်းသားတောင်သူလယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် အရင်းအနှီးရရှိနိုင်ရန်အတွက် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို ၂၀၁၅ ခုနှစ်အကုန်တွင် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်အောင် ရည်မှန်းချက်ထားဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် လုပ်ငန်းဖြစ်ရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ငွေကြေးအဖွဲ့အစည်းများကို လက်လှမ်းမမီနိုင်သည့် အခြေခံပြည်သူများ အရင်းအနှီးရရှိအောင်၊ မိမိဘာသာ ရပ်တည်နိုင်အောင်၊ နောက်ပိုင်း အမှီအခိုကင်းကင်းဖြင့် လုပ်ငန်းဆောင်ရွက်နိုင်အောင် ဟူသည့် ရည်ရွယ်ချက်ကောင်းများနှင့် ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သည့်အတွက် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အသေးစားအရင်းအနှီးချေးငွေထောက်ပံ့ခြင်းလုပ်ငန်းသည် အခြေခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် တိုင်းပြည်၏ စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ထို့အပြင် လယ်ယာလုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများကို အရစ်ကျရောင်းချပေးခြင်းဖြင့်လည်း အသင်းသားလယ်သမားများအနေဖြင့် ဈေးနှုန်းသက်သက်သာသာဖြင့် မိမိတို့လိုချင်သော၊ လိုအပ်သောပစ္စည်းများကို ဝယ်ယူနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ခိုင်မာကောင်းမွန်သည့် သမဝါယမအခြေခံသဘောတရားများကို လိုက်နာခြင်းမပြုကြဘဲ မည်ကာမတ္တ သမဝါယမအသင်းများသာ ဖွဲ့စည်းခဲ့ကြခြင်း၊ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အရည်အသွေးမီ ဝန်ဆောင်မှုများ ပေးနိုင်စွမ်းမရှိဘဲ အရေအတွက်အရသာ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် သမဝါယမကဏ္ဍအပေါ် လူထု၏ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေခဲ့သည့် အတိတ်က အမှားများကို သင်ခန်းစာယူပြုပြင်သွားရမည်ဖြစ်ပါကြောင်း။

သမဝါယမ ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများ တစ်စထက်တစ်စ အောင်မြင်မှုရှိနေသည့်အပေါ် အသင်းသားပြည်သူများ၏ ယုံကြည်မှုသည် အရေးကြီးပါကြောင်း၊ ယနေ့ဆိုလျှင် နိုင်ငံတော်အစိုးရ၏ အစီအမံနှင့် နိုင်ငံတကာမှ အကူအညီများရယူပြီး အသင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက် ရည်ရွယ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သမဝါယမ ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် သမဝါယမလောကသားများအားလုံးက တက်ညီလက်ညီ ဆောင်ရွက်နေသည့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ တောင်သူလယ်သမားများနှင့် ပြည်သူများ လိုအပ်သည့် လယ်ယာသုံး၊ လုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကမ္ဘာ့နိုင်ငံအသီးသီးတွင် သမဝါယမများသည် စိုက်ပျိုးရေးကဏ္ဍ၊ အိမ်ရာကဏ္ဍ၊ အခြား ဝန်ဆောင်မှုကဏ္ဍများနှင့် အခြေခံအကျဆုံး သာရေး၊ နာရေးလုပ်ငန်းများအပါအဝင် လူမှုရေးကဏ္ဍ စသည့်ကဏ္ဍအားလုံးတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အသင်းသားများ၏ အကျိုး၊ ကမ္ဘာ့လူသားများ၏အကျိုးကို ဖော်ဆောင်ပေးလျက်ရှိပါကြောင်း။

အမေရိကန်ပြည်ထောင်စု၏ ၄၀ ရာခိုင်နှုန်းသော နိုင်ငံသားများသည် သမဝါယမအသင်းသားများဖြစ်ကြပြီး ဂျပန်နိုင်ငံ၏ လယ်ယာလုပ်ငန်းအားလုံးကို သမဝါယမအသင်းသားများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကင်ညာနိုင်ငံ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၄၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ နယူးဇီလန်နိုင်ငံ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၂၂ ရာခိုင်နှုန်းကို လည်းကောင်း သမဝါယမအသင်းများက ထုတ်လုပ်ပေးလျက် ရှိပါကြောင်း၊ ကိုလံဘီယာနိုင်ငံ၏ ၂၄ ရာခိုင်နှုန်းသော ကျန်းမာရေးစောင့်ရှောက်မှုကို သမဝါယမများက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဆွစ်ဇာလန်နိုင်ငံ၏ ကုန်သွယ်မှု ၉၀ ရာခိုင်နှုန်းကို သမဝါယမများက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့တစ်ဝန်းပုဂ္ဂလိက လုပ်ငန်းရှင်ကြီးများက ဖော်ဆောင်ထားသော အလုပ်အကိုင်အခွင့်အလမ်းထက် သမဝါယမလုပ်ငန်းများက သန်း ၁၀၀ ကျော် ပိုမိုဖော်ဆောင်လျက်ရှိပါကြောင်း။

ထို အောင် မြင် မှု များ ကြောင့် သမဝါယမလုပ်ငန်းများသည် အကြီးဆုံး လူမှုစီးပွားရေးလုပ်ငန်းဖြစ်ပြီး ကမ္ဘာ့လူဦးရေ ထက်ဝက်ဖြစ်သည့် လူသန်းပေါင်း ၃၀၀၀ ကျော်၏ အသက်မွေးဝမ်းကျောင်းများကို ခိုင်မာစေခဲ့ကြောင်းဖြင့် ကုလသမဂ္ဂက ထုတ်ပြန်ခဲ့ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်က ပေးပို့သည့် သဝဏ်လွှာကို ဗဟိုသမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းစုချုပ်ဥက္ကဋ္ဌ ဦးကျော်မြင့်ခိုင်က ဖတ်ကြားရာတွင် ၂၁ ရာစုအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်းဆုံး တည်ဆောက်သွားနိုင်မည့် အဖွဲ့အစည်းသည် သမဝါယမများသာ ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့မှ ၂၀၁၅ ခုနှစ်လွန်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များဟုခေါ်ဆိုသော "ဆင်းရဲစွာ နေထိုင်သူများဖြစ်စေ၊ ဝိုင်းပယ်ခံအားနည်းသည့် အဖွဲ့အစည်းများဖြစ်စေ ၎င်းတို့၏ဆန္ဒကိုအခြေခံကာ သမဝါယမများဖွဲ့စည်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီပြီး ဖြစ်မြောက်အောင် ဆောင်ရွက်သွားရန်" အဖွဲ့ဝင်နိုင်ငံအစိုးရများကို တိုက်တွန်းထားကြောင်းဖြင့် ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည် အမြင့်မားဆုံးဆုရရှိသည့် သမဝါယမအသင်းများအပါအဝင် ဆုရရှိသူများကို ဆုများပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် အဖွဲ့ဝင်များသည် သမဝါယမဝန်ကြီးဌာန ပရဝဏ်အတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၄ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာနရုံး၌ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမ အသင်းစုချုပ်များ၏ ထုတ်ကုန်ပစ္စည်းများကို ပြည်သူများ လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ရန် ယနေ့မှ ဇူလိုင် ၇ ရက်အထိ ခင်းကျင်းရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သမဝါယမ အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတဦးညဏ်ထွန်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနား၌ ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမ အသင်းစုချုပ်များ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည် အမြင့်မားဆုံးဆုရရှိသည့် သမဝါယမအသင်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❋ *ကျောဖုံးမှ*

ဇူလိုင် ၅ ရက် နံနက်က ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီး၌ ပဲခူးမှ ညောင်လေးပင်အပိုင်းကို တာဝန်ယူဆောင်ရွက်နေသော ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၆၇/၁) ပျဉ်ပုံကြီး (ရွာသစ်ရွာ)အနီးရှိ ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီသို့ ရောက်ရှိခဲ့သည်။

ခရီးရောက်မဆိုက် ထိုရုံးခန်းတွင် အဆင်သင့်တွေ့ရသော မန်နေဂျာ ဦးတိုးလှိုင်နှင့် ဒုတိယမန်နေဂျာ ဦးစန်းလွင်တို့အား ပြည်ထောင်စုလမ်းမကြီးတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မည့်ကုမ္ပဏီအနေဖြင့် စီစဉ်ဆောင်ရွက်ထားပုံများကို မေးမြန်းကြည့်ရာ ၎င်းတို့က ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်အနေဖြင့် ပဲခူးမှ ညောင်လေးပင်အပိုင်း ၄၈ မိုင်ကို ၇-၄-၂၀၀၁ ရက်နေ့မှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက BOT စနစ်ဖြင့် တာဝန်ယူလုပ်ကိုင်လာနိုင်ကြောင်း၊ ထိုသို့ အဆိုပါလမ်းပိုင်းကို မိမိတို့ စတင်တာဝန်ယူခဲ့စဉ်က လမ်းပိုင်းအကျယ်သည် ၁၉ ပေ၊ ပေ ၂၀၊ ၂၁ ပေ၊ ၂၂ ပေ၊ ၂၄ ပေ စသည်ဖြင့် အသီးသီးပါရှိခဲ့ကြောင်း၊ ထိုသို့ကွဲပြားနေသည့် လမ်းအကျယ်ပေများကို တစ်ဆက်တစ်စပ်တည်း ၂၄ ပေချဲ့ပြီး နိုင်လွန်ကတ္တရာများခင်းခဲ့ရာ ၂၀၁၂ ခုနှစ်၌ ၄၈ မိုင်စလုံး ဆောင်ရွက်ပြီးခဲ့ပါကြောင်း။

ယခုအခါ ထိုအပိုင်းကိုပင် ၄၈ ပေအထိချဲ့၍ နိုင်လွန်ကတ္တရာလမ်းခင်းပေးရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ပေးခဲ့ပြန်သဖြင့် ၎င်းတို့အနေဖြင့် ပဲခူးမြို့တွင်းလမ်းမိုင်တိုင်အမှတ် (၅၀)မှ (၅၂) အထိ နှစ်မိုင်နှင့်ဒိုက်ဦးမြို့တွင်းလမ်း၊ ပြွန်တန်ဆာမြို့တွင်းလမ်း၊ ညောင်လေးပင်မြို့တွင်းလမ်းတို့ကို ၄၈ ပေ အထိချဲ့ပြီး နိုင်လွန်ကတ္တရာများခင်းပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အပိုင်းများကိုလည်း ယခု ၂၀၁၄ ခုနှစ် ပွင့်လင်းရာသီတွင် ၄၈ ပေချဲ့ခြင်း၊ နိုင်လွန်ကတ္တရာများခင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လမ်းခင်းကျောက်များနှင့် စက်ကိရိယာများလည်း အဆင်သင့်ရှိပါကြောင်းတို့ကို ပြောပြသည်။

ရန်ကုန်- ပဲခူး - မန္တလေး လမ်းဟောင်း ပြည်ထောင်စုလမ်းမကြီးကို ရန်ကုန်မှ မန္တလေးအထိ ၁၂ ပေ လေးလမ်းသွား ၄၈ ပေ အထိ တိုးချဲ့ခြင်းလုပ်ငန်းကို BOT စနစ်ဖြင့် ဆောင်ရွက်နေသော ကုမ္ပဏီ ခုနစ်ခုသို့ ၂၀၁၆ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားကြရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စာချုပ်များချုပ်ဆိုထားခြင်းဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အဆင့်မြင့် အရာရှိကြီးတစ်ဦးထံမှ သိရသည်။

■ *ကျောဖုံးမှ*

CPG သည် ကွင်းဆင်းလေ့လာမှုများပြုလုပ်လျက်ရှိပြီး Master Plan ရေးဆွဲနိုင်ရေးအတွက်လည်း အကြံပြုချက်များ ပေးထားပြီးဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင်ပါဝင်သည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံချက် ပထမအဆင့်အဖြစ် မြေဧက ၄၀၀၀ ပေါ်တွင် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ ကျောက်ဖြူ အထူးစီးပွားရေးဇုန်တွင် ကျောက်ဖြူ ရေနက်ဆိပ်ကမ်း တည်ဆောက်မှု၊ စက်မှုလက်မှုလုပ်ငန်းများ၊ အထည်အလိပ်နှင့်ဆိုင်သည့် စက်မှုလုပ်ငန်း၊ စက်မှုဇုန်၊ လူနေအိမ်ရာ စီမံကိန်းများ ပါဝင်မည်ဖြစ်သည်။ ယင်းစီမံကိန်းများအတွက် တင်ဒါများခေါ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သီလဝါ အထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်တို့ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်း လာမည့်နှစ်၌ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၅

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီခွဲက စစ်တွေမြို့ လမ်းမကြီးတွင် ပျက်စီးနေသော ကွန်ကရစ်လမ်းပိုင်းများ ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ၍ လမ်းဘေးပလက်ဖောင်းနှင့် ရေစီးရေလာကောင်းမွန်ရေးကိစ္စရပ်များကို ဆွေးနွေးမေးမြန်းကာ နာရီစင်မှ မြို့လယ်ချောင်းအထိ နိုင်လွန်ကတ္တရာလမ်းအဆင့်မြှင့်တင်ရေး၊ လမ်းဘေးရေစီးရေလာကောင်းမွန်ရေး ကိစ္စရပ်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ထို့နောက်မြို့လယ်ချောင်းတံတားကြံ့ခိုင်မှုနှင့် တံတားပျက်စီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တံတားသစ် ပြန်လည်ဆောက်လုပ်သွားနိုင်ရေးအတွက် ကုန်ကျစရိတ်ကို တွက်ချက်တင်ပြရန် မှာကြားခဲ့သည်။

ယင်းနောက် မြို့လယ်ချောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်ပေးနိုင်မည့် ပြင်ပကုမ္ပဏီများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ အစီအမံများကို ဆက်လက်တင်ပြသွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ပညာရည်မြင့်မားရေးနှင့် သန့်ရှင်းသာယာ လှပရေးတို့အတွက် မှာကြားပြီး စစ်တွေမြို့ ဝက်ပါကွင်း စက်ရုံလမ်းပတ်လည် ရေမြောင်း၊ ပလက်ဖောင်းလုပ်ငန်းများကို လည်းကောင်း၊ စက်ရုံလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ လေးပေအကျယ် လမ်းပခုံးဆောင်ရွက်မှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရပ်ကွက်နေ ပြည်သူလူထုနှင့် တွေ့ဆုံကာ ယခင်က လျှပ်စစ်မီတာ တစ်ယူနစ် ၃၅ ကျပ်နှုန်းဖြင့် ၁၀ ယူနစ်သုံးစွဲခွင့်ပြုခဲ့ရာမှ ယခုအခါ ၂၀ ယူနစ်အထိ တိုးမြှင့်သုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝက်ဘာကွင်းမှ ကုန်သည်လမ်း BOC လမ်းဆုံအထိ လက်ရှိကွန်ကရစ်လမ်းကို လမ်းဘေး ဝဲ/ယာ လေးပေအကျယ် လမ်းပခုံး ဆောင်ရွက်သွားရေး မှာကြားပြီး စစ်တွေမြို့မဈေး၌ ဈေးမိ၊ ဈေးဖများနှင့် တွေ့ဆုံရာ ဈေးမိဈေးဖများ၏ ဆိုက်ကား၊ စက်ဘီးရပ်နားမှု စနစ်တကျရှိရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ ရှိရေးတို့အတွက် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့မဈေးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဈေးအတွင်း ပတ်လမ်းကို ကွန်ကရစ်လမ်းခင်းရန်နှင့် ဟောင်းနွမ်းပျက်စီးနေသည့် ဈေးခေါင်မိုးများပြုပြင်ရန် မှာကြားပြီး ဈေးဆိပ်ခံတံတားသို့ ရောက်ရှိကာ ဟင်းသီးဟင်းရွက် ဈေးသည်များအတွက် ဈေးမြေနေရာ တိုးချဲ့ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းဆောင် အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်ရေး၊ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် ပျက်စီးကျောင်းဆောင်ကို အသစ်ဆောက်လုပ်နိုင်ရေးကိစ္စရပ်များကို တာဝန်ရှိသူတို့အား မှာကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇူလိုင် ၄ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုကွန်ရက်အဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ ဒေသတည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ပါကြောင်း၊ အဓိက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးကောင်းရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးရှိရန်ဟူသည့် အချက်များနှင့်အညီ ပြည့်စုံညီညွတ်ရန် လိုအပ်ပါကြောင်း။

ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက အလေးထားဆောင်ရွက်လျက်ရှိပြီး ဒေသခံ တိုင်းရင်းသားပြည်သူလူထု၊ လူမှုကွန်ရက်များ၊ လူမှုရေးအသင်းအဖွဲ့များက အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ခံယူပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ လူမှုကွန်ရက်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၅

မြန်မာ့ကျောက်မျက်ရတနာများ ခင်းကျင်းပြသရောင်းချသည့် (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နံနက်ပိုင်းမှစတင်၍ ဆက်လက်ကျင်းပရာ **(အပေါ်ပုံ)** ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမနှင့် သတ်မှတ်ထားသည့် ဇရိယာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများကို ဝယ်ယူနိုင်ရန် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုမှတ်သားပြီး ဈေးပြိုင်စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူလျက်ရှိနေကြသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများသည် ဈေးပြိုင်စနစ်ဖြင့်ရောင်းချနေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့ ပြသရောင်းချပွဲတွင် ကျောက်စိမ်းတွဲအမှတ် ၇၂၇၁ မှ ၇၃၈၀ ထိ ကျောက်စိမ်းအတွဲပေါင်း ၁၁၀ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချလျက်ရှိသည်။

ပြပွဲသို့ တက်ရောက်လာသည့် လေ့လာသူတစ်ဦးက “ဒီတစ်ခေါက်ပြပွဲမှာ မြန်မာ့ကျောက်စိမ်းတွေကို ကြမ်းခင်းသတ်မှတ်ဈေးနှုန်းတွေထက် ပိုပေးပြီး ဝယ်ယူနေကြတာတွေကို တွေ့မြင်နေရပါတယ်။ ဈေးပြိုင်ဝယ်ယူထားတဲ့ ဈေးနှုန်းတွေနဲ့ တကယ်ထုတ်ယူမလားဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဈေးပိုဝယ်ယူတယ်ဆိုတဲ့နေရာမှာ အခု ကြေညာထားတဲ့ ကျောက်စိမ်းအတွဲအမှတ် ၇၃၁၈ ရဲ့ ကြမ်းခင်းဈေးဟာ ယူရိုငွေ ရှစ်သိန်းကျော်ဖြစ်ပြီး၊ ဝယ်ယူတဲ့ဈေးနှုန်းက ယူရိုသန်း ၂၀ ကျော် ဖြစ်နေတာကို မြင်တွေ့ရမှာပါ”ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်ရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်ရေး လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)တို့မှ ပါမောက္ခချုပ် ဦးစီးသည့် သင်ကြား၊ စီမံဝန်ထမ်း ၄၁၅ ဦး၊ ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာနှင့် ပညာရေးဘွဲ့ (B.Ed.)ငါးနှစ်သင်တန်း ကျောင်းသား ကျောင်းသူ ၁၁၀၅ ဦး တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ကျောင်းသား ကျောင်းသူများ တစ်ဘဝတာ တိုးတက်မြင့်မားရေး၊ အကြောင်းအကျိုး၊ အဆိုးအကောင်း၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြား သုံးသပ်နိုင်ရေး၊ အကောင်းမြင်စိတ်ဓာတ်ရှိရေး၊ စည်းလုံးညီညွတ်မှုရှိရေး၊ အရည်အသွေးမြင့်မားနေစေရေး မှာကြားပြီး သင်ကြား၊ စီမံဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲလေ့လာရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးညွန့်တင်နှင့် ဦးဝင်းကိုတို့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် သမ္မတ ရွေးကောက်ပွဲသို့ International Observers အဖြစ် လေ့လာရန် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသာဂရ ပျံလွန်တော်မူ

နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော် ဩဝါဒါစရိယ ရခိုင်ပြည်နယ် မင်းပြားမြို့ ပန်းမြောင်း အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် သက်တော်(၉၇)နှစ် သိက္ခာတော် (၇၆)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာဂရသည် ၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၆ ရက် ဇူလိုင် ၂ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

✲ ရှေ့ဖုံးမှ

ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများ တစ်ဦးမှတစ်ဦးသို့ နည်းပညာများ ဆင့်ပွားသင်ယူသည့် အဆိုပါ နည်းလမ်းကို ပြည်တွင်းမွေးမြူရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မည့်အစီအစဉ်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း WINROCK နိုင်ငံတကာအဖွဲ့အစည်းမှတာဝန်ရှိသူ ဒေါက်တာအိသန္တာကျော်က ပြောကြားသည်။

လက်ရှိတွင် ပြည်မြို့ဝန်းကျင်၊ ခရမ်းမြို့ဝန်းကျင်၊ ညောင်တုန်းနှင့် တွံတေးမြို့ဝန်းကျင်တို့မှ ငါးမွေးမြူရေး လုပ်ငန်းရှင်များကို တွေ့ဆုံကာ ငါးမွေးကန်များအတွက် မွေးမြူရေးနည်းပညာများ၊ နေ့စဉ်ဆောင်ရွက်ပုံ အလေ့အထများ၊ သုံးစွဲရမည့်ဆေးနှင့်အာဟာရများ၊ ငါးကန်များ၏ အဆင့်အတန်းနှင့် ကန်ရေအရည်အသွေး ထိန်းသိမ်းမှုလုပ်ငန်းများအတွက် သင်တန်းများ ပို့ချပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံအပြင် နီပေါနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တို့တွင်လည်း အဆိုပါအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း ဒေါက်တာအိသန္တာကျော်က ပြောကြားသည်။ လိုအပ်သည့် သင်တန်းများပို့ချခြင်းနှင့် အကူအညီပေးရေး အစီအစဉ်များကို ပြည်ပမှ ကျွမ်းကျင်သူ မွေးမြူရေးသုတေသနပညာရှင်များက လာရောက် သင်ကြားပေးမည်ဖြစ်ပြီး ငါးနှစ်စီမံကိန်းအတွက် ကူညီထောက်ပံ့ပေးမည့် ငွေကြေးပမာဏကို ကန့်သတ်မထားဘဲ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးများတွင် ပိုမိုအဆင့်အတန်းမြင့်မားလာစေရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပတင်ပို့မှုများတွင်ပါ အဆင့်မြင့်လာစေရေးအတွက် ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိတ္ထီလာမြို့၌ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပျိုးပင်ပေးအပ်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

မိတ္ထီလာ ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်သစ်ပင်ပေးအပ်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက မိတ္ထီလာမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ **(အပေါ်ပုံ)** မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာမြို့ အမှတ်(၂)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ခရိုင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှဌေးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများအား အထိမ်းအမှတ်ပျိုးပင်များ ပေးအပ်ကြပြီး ကျွန်းပင် ၃၀၊ မဲဇလီပင် ၁၀၀၊ တမာပင် ၁၂၀၊ ကုက္ကိုပင် ၁၂၀၊ စိန်ပန်းကြီး ၁၃၆ ပင်၊ ခရေ ၅ ပင်၊ ပိတောက် ၂ ပင် စုစုပေါင်းသစ်ပင် ပျိုးပင် ၅၁၃ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာလက်ဝှေ့ အစည်းအရုံး M.L.A မှ စီစဉ်သည့် One On One Big Fight မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ အားကစားခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင်ကျင်းပမည်ဖြစ်ရာ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ-ထိုင်း လက်ဝှေ့သမားများကို တွေ့ရစဉ်။ တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်စည်းဝေး

နေပြည်တော် ဇူလိုင် ၅

e-Government လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ဌာနတိုင်းမှလိုအပ်သည့် ဝန်ထမ်းများကိုပါ ဖွဲ့စည်းလေ့ကျင့်ပေးပြီး စနစ်တကျ ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဌာနတစ်ခုနှင့် တစ်ခု ပူးပေါင်းချိတ်ဆက် ညှိနှိုင်းသွားရန်နှင့် လုပ်ဆောင်ချက်များကို ပွင့်လင်းစွာ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဌာနတိုင်းတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှု လျော့နည်းနေသည့်အတွက် အောင်မြင်မှုလျော့နည်းနေသည်ကို ဆန်းစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဌာနအချင်းချင်း စဉ်ဆက်မပြတ်ညှိနှိုင်းချိတ်ဆက် လုပ်ဆောင်သွားမှသာလျှင် အောင်မြင်လာမည်ဖြစ်ကြောင်း၊ e-Government စနစ်ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေးကိစ္စအဝဝ ဆောင်ရွက်သည့်နေရာမှာ လွယ်ကူလျင်မြန်ချောမွေ့ပြီး နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် ဝန်ထမ်းအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ထားသည့် အစီအမံများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်ပေါ်မှဘဏ်စနစ် စတင်အသုံးပြု

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော အွန်လိုင်းဘဏ်ဝန်ဆောင်မှု (Internet Banking Service) တစ်ခုဖြစ်သည့် iBanking ကို ဇွန် ၁၆ ရက်တွင် မြန်မာနိုင်ငံဗဟိုဘဏ်က ဧရာဝတီဘဏ်ကို လုပ်ကိုင်ခွင့်ပေးလိုက်ပြီဖြစ်သည်။ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်နေသူများအား ဒစ်ဂျစ်တယ် ဘဏ်စနစ်ကို ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဧရာဝတီဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးအောင်ထံမှ သိရသည်။

အွန်လိုင်းအခြေပြု ဒစ်ဂျစ်တယ်ဘဏ်စနစ်ဖြစ်သည်နှင့်အညီ ဘဏ်၏ ပုံမှန်ဖောက်သည်များအနေဖြင့် အင်တာနက်အသုံးပြုနိုင်သည့် Computer, Laptop, Smartphone နှင့်Device များမှတစ်ဆင့် ဘဏ်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်နိုင်မည်ဖြစ်သည်။ **အောင်သူရ**

ကျောင်းဖွင့်သည်မှာ တစ်လပြည့်ပြီဖြစ်သော်လည်း ဆရာ ဆရာမ မလုံလောက်

နေပြည်တော် ဇူလိုင် ၅

၂၀၁၄-၂၀၁၅ ပညာသင်နှစ် စတင်ဖွင့်လှစ်ပြီး တစ်လပြည့်မြောက်ပြီဖြစ်သော်လည်း ဆရာ ဆရာမ အလုံအလောက်မရှိ၍ ကျောင်းသားကျောင်းသူများ၏ ပညာရေးအတွက် စိုးရိမ်ပူပန်နေရကြောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ဒီကျောင်းမှာ မနှစ်က ဆရာ ဆရာမရှစ်ဦးရှိပါတယ်။ လေးဦးက ရာထူးတိုးနဲ့ပြောင်းသွားပါတယ်။ လောလောဆယ် ဆရာ ဆရာမလေးဦးပဲရှိပါတယ်။ စာသင်ခန်းကငါးတန်းနှစ်ခန်း၊ ခြောက်တန်းနှစ်ခန်း၊ ခုနစ်တန်းနှစ်ခန်းနဲ့ ရှစ်တန်းနှစ်ခန်းရှိပါတယ်။ စုစုပေါင်း စာသင်ခန်း ရှစ်ခန်းရှိရာမှာ ဆရာ ဆရာမ လေးဦးနဲ့ မလောက်ပါဘူး။ ဒီနှစ် ရှစ်တန်းတွေက အစိုးရစစ်ဆိုတော့ ကလေးတွေအတွက် အရည်အချင်းမပြည့်ဝမှာကို အတော်လေး စိုးရိမ်မိတယ်ဗျာ" ဟု ကျောင်းအကျိုးတော်ဆောင် ဦးဝင်းသူရက မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါအထက်တန်းကျောင်း(ခွဲ)သည် မကြာမီက အလယ်တန်းကျောင်းအဆင့်မှ အထက်တန်းကျောင်း(ခွဲ) အဖြစ်တိုးမြှင့်လိုက်သော ကျောင်းဖြစ်သည်။ နဝမတန်းအထိ ယခုပညာသင်နှစ်မှစတင်၍ ပညာသင်ကြားနိုင်ကြောင်း သိရသည်။ သို့ရာတွင် လက်ရှိ အလယ်တန်းအဆင့်၌ပင် ဆရာ ဆရာမ လိုအပ်ချက်များရှိနေ၍ ကျောင်းသား ကျောင်းသူများ အရည်အချင်းမပြည့်ဝမည်ကို မိဘများက စိုးရိမ်ပူပန်နေကြခြင်း ဖြစ်သည်။ လက်ရှိပညာရေးစနစ်တွင် တစ်နိုင်ငံလုံးပျမ်းမျှ ဆရာ၊ ကျောင်းသားအချိုးသည် ၁း၂၃ ရှိကြောင်း သိရသည်။ ဤအချိုးအရဆိုလျှင် ကျောင်းတိုင်းတွင် ဆရာ ဆရာမ အလုံအလောက်ရှိသည်ဟု ဆိုနိုင်ပါသည်။ အဆိုပါအထက်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူ ၅၇၀ ကျော် တက်ရောက်ပညာ သင်ကြားလျက်ရှိပြီး အလယ်တန်းအဆင့်တွင် ဆရာ ဆရာမ လေးဦးရှိကြောင်း သိရသည်။ **ကြံတိုင်းအောင်**

ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ပေး

ကယား ဇူလိုင် ၅

ကယားပြည်နယ်အတွင်းရှိ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို One Stop Service စနစ်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပေးရာ ဖေဖော်ဝါရီ ၁၇ ရက်မှ ဇူလိုင် ၃ရက်နေ့အထိ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ် ၃၇၉၈ စီး၊ သုံးဘီးဆိုင်ကယ် ၁၉စီးနှင့် လျှပ်စစ်ဆိုင်ကယ်တစ်စီးတို့ကို မှတ်ပုံတင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးရာတွင် တရုတ်၊ ယိုးဒယား၊ အိန္ဒိယ၊ ဂျပန်နှင့် ဗီယက်နမ် အမျိုးအစားများဖြစ်ပြီး သတ်မှတ်ဈေးနှုန်းအလိုက် နေ့ချင်းပြီးဆောင်ရွက်မှုကို ဇူလိုင် ၄ ရက်နေ့ထိ နောက်ဆုံးထားပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအချိန်မီ ဆောင်ရွက်နိုင်ရေး နှိုးဆော်အသိပေးကြော်ငြာထားပြီး ဖြစ်ကြောင်း၊ ဇူလိုင် ၇ ရက်မှ ၃၁ ရက်နေ့အထိကို နိဗ္ဗာန်ယာဉ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်၊ လျှပ်စစ်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်မှတ်ပုံတင်ပေးခြင်းကိုလည်း One Stop Service စနစ်ဖြင့် နေ့ချင်းပြီးဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ရဲနောင်(လွိုင်ကော်)**

လှည်းကူးမြို့နယ် သမဝါယမကောလိပ် (ဖောင်ကြီး) နှစ် ၂၀ပြည့် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂ ရက်က သမဝါယမကောလိပ်ဝင်းအတွင်း၌ကျင်းပရာ သမဝါယမကောလိပ်(ဖောင်ကြီး)မှ ကျောင်းအုပ်ကြီး ဒေါ်တင်တင်ချိုနှင့် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများက ပျိုးပင်ပေါင်း ၈၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မီးမီးလှိုင်)

မန္တလေးမြို့၌ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကျင်းပ

မန္တလေး ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ၆၈ လမ်း၊ ၆၆ လမ်းကြား၊ ၃၃ လမ်းနှင့် ၃၅ လမ်းကြားရှိ ပညာရေးကောလိပ်(မန္တလေး) ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအတွင်းမှ ထူးချွန်အမျိုးသမီးများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက ဂုဏ်ပြုဆုနှင့်အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

အောင်မြေသာစံမြို့နယ်တရားရုံးတော်

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၇

ဦးရှိဆန်း **နှင့်** ၁။ ဒေါ်တိုးတိုးဝင်း
၂။ ဦးဇော်နိုင်မြတ်
၃။ ဒေါ်အုန်းကြည်
၄။ ဒေါ်မြင့်မြင့်

တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈×၂၉ လမ်းကြား၊ ၇၆×၇၇ လမ်းကြားနေ (၂)ဦးဇော်နိုင်မြတ်၊ (၃)ဒေါ်အုန်းကြည်၊ (၄)ဒေါ်မြင့်မြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီး ရန်လုံရပ်ကွက်၊ အကွက်အမှတ် (၄၁၅ N)၊ ဦးပိုင်အမှတ်(၁၈၁-ဏ)၏ အနောက်အလယ်ခြမ်း၊ ခဲစင်းပြဇရိယာ ၀ ဒသမ ၀၄၆၈ ဧက မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူဖြူအောင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
အောင်မြေသာစံမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

အောင်မြေသာစံမြို့နယ်တရားရုံးတော်

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇

ဦးရှိဆန်း **နှင့်** ၁။ ဒေါ်တိုးတိုးဝင်း
၂။ ဦးဇော်နိုင်မြတ်
၃။ ဒေါ်အုန်းကြည်
၄။ ဒေါ်မြင့်မြင့်

တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက် ၃၂၇၊ ၂၈×၂၉ကြားနေ ဒေါ်တိုးတိုးဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် ၄၁၅ N၊ ဦးပိုင်အမှတ် ၁၈၁-ဏ၏အနောက်အလယ်ခြမ်း ခဲစင်းပြဇရိယာ ၀ ဒသမ ၀၄၆၈ဧက မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဇူလိုင် ၁၄ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူဖြူအောင်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
အောင်မြေသာစံမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၃

ဦးသက်စိုး **နှင့်** ဒေါ်ရီရီမြင့်(၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်ရွှေ)

တရားလို **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၄×၇၅ ကြား၊ ၃၆ လမ်းနေ ဒေါ်ရီရီမြင့် (၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်ရွှေ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် H-၂၁၄၊ ဦးပိုင်အမှတ် ၆၇ မြေကွက်နှင့် ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၂၃ ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်မြင့်)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ချင်းတွင်းမြစ်ရေတက်ချိန် မြို့ပေါ်နှင့် ကျွန်းထဲကျေးရွာများ ရေကြောင်းလမ်းဖြင့် ဆက်သွယ်သွားလာရေးလွယ်ကူ

ရေစကြို ဇူလိုင် ၅

ယခုအချိန်သည် မိုးရာသီဖြစ်သဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးများရွာသွန်းလျက်ရှိရာ မြစ်ချောင်းများတွင် ရေများပြည့်လျှံလာသည့်အတွက် မြစ်ရေမြင့်တက်လာသော အချိန်ဖြစ်သည်။ ထို့ကြောင့် ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေသည် တစ်ပတ်အတွင်း ခြောက်ပေခန့်မြင့်တက်လာခဲ့ရာ ရေစကြိုမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားရှိ ကျွန်းထဲကျေးရွာများ၏ ရွာခြေထိ မြစ်ရေများ ဝင်ရောက်လာလျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးရွာများသည် ကျွန်းထဲကျေးရွာများဖြစ်သဖြင့်မြစ်ရေကျချိန် သဲသောင်ပြင်ပေါ်ချိန်တွင် ရွာထဲမှမြစ်ကမ်းပါးဆိပ်ကမ်းသို့ရောက်ရှိရန် တစ်မိုင်ခန့် သဲသောင်ပြင်ပူပူကို ကျော်ဖြတ်ရလေ့ရှိ၍ ယခုကဲ့သို့ မြစ်ရေတက်ချိန်တွင် မြစ်ရေမှာရွာခြေထိရောက်ရှိလာသဖြင့် မိမိတို့ရွာမှ ရေစကြိုသို့ နေ့စဉ်ထွက်သော စက်လှေသို့မဟုတ် မော်တော်များကို လူတစ်ဦးလျှင် ငွေကျပ် ၅၀၀ ပေး၍ နေ့စဉ်ဈေးဝယ်လာလျက်ရှိသည်ဟု သိရသည်။

ထို့ကြောင့် ဧရာဝတီမြစ်ဘေး ကျွန်းညိုကျေးရွာမှ ရေစကြိုမြို့သို့ ဈေးဝယ်လာသူတစ်ဦးအားမေးမြန်းကြည့်ရာ “ဦးတို့ရွာကမြစ်ရေတက်တဲ့အချိန်မှာ မြို့ပေါ်နဲ့သွားလာရေးက ပိုအဆင်ပြေကြတယ်။ ရေငယ်တဲ့အချိန်မှာတော့ ရွာကနေသဲသောင်ပြင်အပူကိုခြေကျင်ဖြစ်ဖြစ်၊ ဆိုင်ကယ်နဲ့ဖြစ်ဖြစ် ဖြတ်ကြရတာ။ တစ်ခါဆိုင်ကယ်ကိုကျတော့ ဟိုဘက်ဆိပ်ကမ်းမထားခဲ့ချင်တာနဲ့ ရေစကြိုမြို့ထိအောင် စက်လှေနဲ့တစ်ခါထပ်သယ်လာရတာ၊ သွားရေးလာရေးဒုက္ခများတော့ ရေနည်းတဲ့အချိန်ဆိုရင်မဖြစ်မနေအလုပ်ကိစ္စမရှိရင် မလာကြဘူး။ အခုလို မြစ်ရေတက်တဲ့အချိန်မှာ ရွာခြေထိရေရောက်တော့ သွားလာရေးအဆင်ပြေတယ်။ ဦးတို့ကတော့ ရေမတက်ခင် ဦးတို့ စိုက်ခင်းတွေက ရိတ်သိမ်းထားတဲ့ ပဲတွေ၊ နှမ်းတွေကိုလာရောင်းကြတာ နှမ်းကမနှစ်ကထက်ဈေးပိုရခဲ့တယ်။ တစ်ဧကတင်း ၂၀ လောက်ထွက်တယ်။ ရွာဘေးထိမြစ်ရေရောက်တော့ ပဲအိတ်၊ နှမ်းအိတ်သယ်ရတာလည်း အဆင်ပြေတယ်”ဟု ပြောပြသည်။

ရေစကြိုမြို့၏ မြို့မဈေးကြီးနှင့် ပွဲရုံများသည် ရေစကြိုမြို့ချင်းတွင်းမြစ်ကမ်းဘေးတွင်တည်ရှိသဖြင့် ယခုကဲ့သို့မြစ်ရေတက်ချိန်တွင် အဆိုပါကျွန်းထဲကျေးရွာများမှ ရွာသူရွာသားများအနေဖြင့် ရေစကြိုမြို့သို့ ရေကြောင်းလမ်းဖြင့်ဆက်သွယ်သွားလာရေးလွယ်ကူလျက်ရှိကြသည်ဟု သိရသည်။

အိမွန်ဆွေ(ရေစကြို)

ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးကုသပေး

သတင်းနှင့်ဓာတ်ပုံ-တင်မောင်လွင်

နေပြည်တော် ဇူလိုင် ၅

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ရေဆင်းဆေးရုံမှ ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းပြီး ရေဆင်း အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၈၀၀ ကျော်ကို ကျောင်းကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် သွေးလွန်တုပ်ကွေးနှင့်ပတ်သက်သော ကျန်းမာရေးပညာပေးဟောပြောခြင်းကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီခွဲက ရေဆင်းအထကကျောင်းအတွင်း၌ ကျင်းပရာ ဇေယျာသီရိမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာကေသီခိုင်နှင့် ရေဆင်းဆေးရုံမှ ဒေါက်တာသန်းထိုက်စိုး ဦးဆောင်သည့် ကျန်းမာရေးအဖွဲ့က ရေဆင်းအထကမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၉၀အား ကျန်းမာရေးစစ်ဆေးကုသပေးမှုများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး၏ ကူညီမှုဖြင့် ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ယခုရာသီတွင် လူကြီးလူငယ်မရွေးဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးနှင့်ပတ်သက်၍ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကေသီခိုင်က ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းရေး အထူးဂရုစိုက်ရန်၊ ကျောင်းဝင်းအတွင်း မုန့်ဈေးတန်းရောင်းချမှုတွင် အန္တရာယ်ရှိသော အစားအစာများ မရောင်းချမိစေရန်နှင့် သန့်ရှင်းသပ်ရပ်စွာ ရောင်းချရန် ပညာပေးဟောပြောရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၁၀၇)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ထီဆုမဲအမျိုးအစားများကို စတင်ပြောင်းလဲဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၅

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ထီဆုငွေများကို အောင်ဘာလေထီလက်မှတ်ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ဆုမဲအမျိုးအစားအလိုက်ခွဲခြား၍လစဉ်ထီဖွင့်ပွဲများ ကျင်းပဖွင့်လှစ်ပေးလျက်ရှိသည်။ လက်ရှိ ထီဆုငွေများအတွက် ဆုမဲခွဲဝေဖွင့်လှစ်သည့် ထီဆုမဲအမျိုးအစားများကို ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်မည့် (၁၀၇) ကြိမ်မြောက် ထီဖွင့်ပွဲတွင် စတင်ပြုပြင်ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်သည်။

လက်ရှိ မင်္ဂလာစုံတွဲ ယူနစ်ဆုများနှင့်ကျပ်သိန်း ၁၅၀၀ ကို အခြေပြုဖွင့်လှစ်ပေးသည့် မိတ်သဟာယပူးတွဲဆုများကို ဖျက်သိမ်းပြီး ပဒေသာယူနစ်ဆုမဲစနစ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးမည်ဖြစ်သည်။ ကျပ်တစ်သိန်း ပဒေသာယူနစ်ဆုမဲစနစ်တွင် တစ်ယူနစ်အတွက် ဂဏန်းလေးလုံးဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ယင်းရှေ့ဂဏန်းလေးလုံးနှင့် မည်သည့်အက္ခရာမဆို အစဉ်လိုက်တူညီပါက ကျပ်တစ်သိန်းဆုရရှိမည်ဖြစ်ပြီး ကျပ်ငါးသောင်း ပဒေသာယူနစ်ဆုမဲစနစ်တွင် တစ်ယူနစ်အတွက် ဂဏန်းလေးလုံးဖွင့်လှစ်ပေးမည်ဖြစ်၍ ယင်းရှေ့ဂဏန်းလေးလုံးနှင့်မည်သည့်အက္ခရာမဆို အစဉ်လိုက်တူညီပါက ကျပ်ငါးသောင်းရရှိမည်ဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲသည် ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်မည့် (၁၀၇)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေထီဖွင့်ပွဲမှစ၍ အထူးဆုကြီးစနစ်ဖြင့်ကျပ်သိန်း ၁၅၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၅၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆု သုံးဆု၊ ကျပ်သိန်း ၂၀၀ ဆုငါးဆု၊ ဆုတစ်ဆုချင်း ဆုမဲများအဖြစ် ကျပ်သိန်း ၁၀၀ ဆု ၁၃ ဆု၊ ကျပ်သိန်း ၅၀ဆုငါးဆု၊ ကျပ် ၂၅ သိန်းဆုငါးဆု၊ ကျပ် ၁၀ သိန်းဆု ၂၀၀ ဆု၊ ကျပ်ငါးသိန်းဆု ၂၀ ဆု၊ ကျပ်သုံးသိန်းဆု ၁၂၁ ဆု၊ ကျပ်နှစ်သိန်းဆု ၄၅၈ ဆု၊ ကျပ်တစ်သိန်း ပဒေသာယူနစ်ဆုမဲများအဖြစ် တစ်ယူနစ်လျှင် ဆုမဲ ၃၀၀၀ ဖြင့် လေးယူနစ်အတွက် ၁၂၀၀၀ ဆု၊ ကျပ်ငါးသောင်းပဒေသာ ယူနစ်ဆုမဲများအဖြစ် တစ်ယူနစ်လျှင် ဆုမဲ ၃၀၀၀ ဖြင့် ငါးယူနစ်အတွက် ၁၅၀၀၀ ဆု၊ ဆုမဲ စုစုပေါင်း ၂၇၈၃၃ ဆုဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၃၇)လူစီးရထားတွဲချော်မှုဖြစ်ပွား

ကသာ ဇူလိုင် ၅

ဇူလိုင် ၄ ရက် ညနေ ၄ နာရီခန့်က နမ်းခမ်းမှဘုံချောင်းသို့ ထွက်ခွာလာသော အမှတ်(၃၇)လူစီးအမြန်ရထားသည် ဘုံချောင်းနှင့်မဲဇာအကြား မီးရထားမိုင်တိုင်အမှတ်(၅၆၅/၂၄)အရောက်တွင် တွဲချော်မှုဖြစ်ပွားခဲ့ရာ တွဲအမှတ်(ဘီဘီအီးဇက်၁၀၆၆၁)မှ ဘီးအမှတ်(၁/၂)အပြင်ကျ၊ ဘီးအမှတ်(၇/၈)အတွင်း တစ်ပေခန့်ကျခဲ့ပြီး ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ နမ်းခမ်းတွဲပြင်ဌာနမှ ဦးဇာနည်ဦး (ကက ၅)နှင့်အဖွဲ့၊ နမ်းခမ်းသံလမ်းအင်ဂျင်နီယာဌာနမှ လမ်းဗိုလ်လေးဦးအောင်နိုင်နှင့်အဖွဲ့ သွားရောက်ပြင်ဆင်လျက်ရှိပြီး ရဲအုပ်စံလှနှင့်အဖွဲ့က လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၉၄၆၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

မိဘအမည်မှန်

အထက (၃)၊ တောင်ဥက္ကလာပ တက္ကသိုလ်ဝင်တန်း (E)မှ မောင်မင်းကျော်ဟိန်း၏မိဘအမည်မှန်မှာ ဦးကျော်ဆန်းလင်း ၁၂/ဥကတ(နိုင်)၀၆၄၁၆၈နှင့် ဒေါ်အေးအေးမော် ၁၂/ဥကတ(နိုင်)၀၆၆၁၇၄ တို့ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ အထက(ခွဲ)ပြည်စုံအောင်၊ အဋ္ဌမတန်း(A)မှ မနှင်းနန္ဒာလှိုင်၊ စတုတ္ထတန်း(C)မှ မောင်ကျော်ဇင်ဟိုဏ်း၊ ဒုတိယတန်း(C)မှ မအိမ့်ဖူးအောင်တို့၏ဖခင်အမည်မှန်မှာ ဦးထွန်းလင်းအောင် ၉/ခမစ(နိုင်)၀၁၁၅၈၄ ဖြစ်ပါကြောင်း။

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ Snow Garden Housing၊ နှင်းဥယျာဉ်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၅၂+၅၃၊ Block No.2D၊ မြေကွက်အမှတ် ၁၀၃၊ ၁၀၄၊ ကုမ္ပဏီ မြေကွက်အမှတ် ၅၊ ၆၊ ဦးမောင်မောင်အောင်အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက် နှစ်ကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်နှစ်ကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ကျော့မြခင် ၁၁/စတန(နိုင်)၀၁၃၈၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ကျော့ကေသာစိုးစံ ၁၂/ရကန(နိုင်)၀၂၆၁၈၉
အမှတ် ၅၄-အေ၊ ဣန္ဒြီတံအိမ်ရာ၊ ဈ/တောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ၆၆၈ ၁/၂(ဘီ)နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကိုဝင်းထွန်း ၁၄/ဟသတ(နိုင်)၁၉၅၆၄၉ထံမှ ကျွန်ုပ်ကနှစ်ဦးသဘောတူ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်၏ကြေညာစာပါသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာမီမီညိုထိုက်
ဖုန်း-၀၉-၅၁၈၅၄၅၇

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် CD-3/12 ၏ ယာဉ်သက်သေခံကတ်ပြား(ဝိုးတက်)နှင့် ယာဉ်မှတ်ပုံတင်စာအုပ်သည် အမည်ပြောင်းလျှောက်ထားရန် မြောက်ဒဂုံ ရာဖြတ်ရုံးတွင် လျှောက်ထားပြီး အခွန်ဆောင်ရန်ဆောင်ရွက်စဉ် ၂၅-၆-၂၀၁၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူမှ ဦးအေးသွယ် ဖုန်း-၀၉-၅၁၄၄၅၂၈ သို့ ဆက်သွယ်အကြောင်းကြားပေးနိုင်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ သဒ္ဒါရုံလမ်းအနောက်၊ အမှတ် ၆၀၂ ဟုခေါ်တွင်သော လိပ်စာတွင်ရှိနေသည့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ် (၂/မြောက်)၊ မြေကွက်အမှတ် ၆၀၂၊ ပေ (၄၀×၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်သည် မြို့မြေစာရင်း၌ (၁) ဦးသန်းမြင့်၊ (၂) (အဖ)ဦးစံဦး၏ သမီး ဒေါ်သန်းမြင့် ၁၂/သကတ(နိုင်)၁၀၅၈၁၃ တို့နှစ်ဦးအမည်ပေါက်သည့် မြေကွက်ဖြစ်ပါသည်။ ထိုမြေကွက်မှ အမည်ပေါက် တစ်ဦးဖြစ်သော ဒေါ်သန်းမြင့် ၁၂/သကတ(နိုင်)၁၀၅၈၁၃ ၏ အပိုင်အစုဖြစ်သော (၁၃.၄×၆၀)ပေအား ကွယ်လွန်သူ ဒေါ်သန်းမြင့်၏ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော (အဖ) ဦးလူး-(အမိ) ဒေါ်သန်းမြင့် တို့၏ သားသမီးများဖြစ်သော ဦးသံခဲ ၁၂/မဂတ(နိုင်)၁၀၅၂၁၅၊ ဒေါ်ခင်စန်းဝင်း ၁၂/သကတ(နိုင်)၁၀၁၆၀၃၊ ဒေါ်ခင်စန်းထွေး ၁၂/သကတ(နိုင်)၁၀၁၆၀၂ တို့ထံမှ ကျွန်တော် ဦးအောင်ထူးမြင့် ၁၂/သဃက(နိုင်)၀၄၆၇၅၅ က အပြီးအပိုင်ဝယ်ယူခြင်းအတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဦးသံခဲ၊ ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်စန်းထွေး တို့မှလည်း ၃၀-၆-၂၀၁၄ ရက်က ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၆၈၆/၂၀၁၄ ကို လွှဲအပ်ပေးထားပြီးဖြစ်ပါသောကြောင့် ဖော်ပြပါမြေကွက်မှ ဒေါ်သန်းမြင့် ၁၂/သကတ(နိုင်)၁၀၅၈၁၃ ၏ အပိုင်အစုကို အပြီးအပိုင် ဝယ်ယူမှုတွင် ကန့်ကွက်ရန်အကြောင်းရှိသူများသည် ဖော်ပြပါမြေကွက်၏ ဒေါ်သန်းမြင့် အပိုင်အစုနှင့်ပတ်သက်သော အထောက်အထားမူရင်းများအားတင်ပြလျက် ကျွန်တော် ဦးအောင်ထူးမြင့် ၁၂/သဃက(နိုင်)၀၄၆၇၅၅ ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ဦးအောင်ထူးမြင့် ၁၂/သဃက(နိုင်)၀၄၆၇၅၅
အမှတ် ၄၂၊ လယ်ယာရှေ့မြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၀၁၆၉၈၃

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ဈေးပိုင်ရပ်ကွက်၊ အကွက်အမှတ် (၂၀)၊ အကွက်အမည် ကန်အောက်ရပ်၊ မြေကွက်အမှတ် ၂၃၀/၄၄၉၊ ဦးပိုင်အမှတ် ၁၇၉ C၊ ဧရိယာ ၀ဒသမ၀၄၆၈ဧက အကျယ်အဝန်းရှိ မြေကွက်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လေးလေးသန်း ၁၃/တကန(နိုင်)၁၉၃၆၇၆၊ မနှင်းရတနာသန်း ၁၃/တကန(နိုင်)၂၂၃၈၃၀၊ မောင်ဇော်လင်းနိုင်သန်း ၁၃/တကန(နိုင်)၂၆၆၆၆၁တို့ ပိုင်ဆိုင်ထားသည့် မြေကွက်နှင့် အဆောက်အအုံအားလုံးကို တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ ပတ္တမြားလမ်း၊ ရ-၁၀၈နေထိုင်သူ မမိုးစန္ဒာလင်း ၁၃/ဟပန(ဧည့်)၀၀၀၁၀၇သည် ၂၆-၉-၂၀၁၃ရက်တွင်ဝယ်ယူပြီး ဟိုပုံးမြို့သို့ ခရီးသွားစဉ်ယူဆောင်သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် မမိုးစန္ဒာလင်းအမည်ပေါက်ဂရန်ကို အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း မမိုးစန္ဒာလင်းထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

မမိုးစန္ဒာလင်း

ကန့်ကွက်နိုင်ပါကြောင်း

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၅

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဇူလိုင် ၄ ရက် နံနက် ၉ နာရီခွဲက ပြည်ထောင်စုဝန်ကြီးရုံးရှေ့ ဥပစာမြက်ခင်းပြင်စိုက်ခင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများအား သစ်ပင်များပေးအပ်ပြီး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များနှင့် နှစ်ရှည်သီးပင်စားပင်များကို စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများစုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံးရေကန်အမှတ် (၁) အတွင်းသို့ ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးပြီးဝန်ထမ်းများကလည်း ငါးမျိုးသားပေါက်များ ဆက်လက်စိုက်ထည့်ပေးကြသည်။

ယခုကျင်းပသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၁၄ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ကျွန်း၊ ကံ့ကော်၊ သရက်၊ ခရေ၊ ပိန္နဲ၊ ငှက်ပျော၊ မဟော်ဂနီ၊ မဲဇလီ၊ တည်းနှင့် စိန်ပန်း စုစုပေါင်း အပင် ၆၅၀ ကို စိုက်ပျိုးပေးပြီး ရွှေဝါငါးကြင်း၊ ခေါင်းပွငါးကြင်း၊ မြက်စားငါးကြင်းနှင့် ငါးခုံးမသား ပေါက်များကို မျိုးစိုက်ထည့်ပေးခဲ့သည်။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးခဲ့ရာ အရိပ်ရလေကာပင်နှင့် နှစ်ရှည်ပင်စုစုပေါင်း ၂၇၀၇၄ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုလဲသွယ်မိုးစပါး မျိုးစေ့ပွဲတော်ကျင်းပ GAP သင်တန်းပေး

ပုသိမ်ကြီး ဇူလိုင် ၅

မန္တလေး တိုင်းဒေသကြီး မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၄-၂၀၁၅ ခုနှစ်မိုးစပါးရာသီတွင် တောင်သူများတစ်ဧကအထွက်နှုန်း တိုးတက်စေရေးနှင့် ဝင်ငွေနှစ်ဆ တိုးမြှင့်ရေးကိုရည်ရွယ်၍ ပုလဲသွယ်စပ်မျိုးစပါးများကို သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့် စိုက်ပျိုးနိုင်စေရန်အတွက် မျိုးစေ့ချပွဲနှင့် သိပ္ပံနည်းကျ GAP စိုက်နည်းစနစ်သင်တန်းကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက ပုသိမ်ကြီးမြို့နယ် နန္ဒာတောင်ကျေးရွာ ကွင်းအမှတ် ၄၅၀ တောင်သူဦးသာထွန်း၏ မိုးစပါးဧက ၁၀၀ စံပြကွက်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဒေါ်သီတာအောင်နှင့် ဝန်ထမ်းများ၊ တောင်သူဦးကြီးများ တက်ရောက်ကြသည်။ ဆက်လက်၍ မန္တလေးခရိုင်ဦးစီးမှူး ဦးကျော်မြင့်ဇော်က မျိုးစေ့ချပွဲ ဆောင်ရွက်ရခြင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဒေါ်သီတာအောင်က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တောင်သူဦးသာထွန်း၏ ဧက ၁၀၀ စံပြကွက်၌ မျိုးစေ့ချပွဲကျင်းပကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၅-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၉၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၉၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၀
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၇၆၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၅၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၆၀၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၃၀၀-၄၆၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဇေ့ငှတင်ပြသည်။

တီးတိန်မြို့နယ် တက်ဇန်ကျေးရွာ၌ အထွက်တိုးမိုးစပါးပုလဲသွယ်စိုက်ပျိုး

တီးတိန် ဇူလိုင် ၅

ချင်းပြည်နယ် တီးတိန်မြို့နယ် တက်ဇန်ကျေးရွာတွင် ဇွန် ၃၀ ရက်က တောင်သူဦးဒိုဆန်းထန်၏ ပုလဲသွယ် အထူးအထွက်တိုး လယ်ကွင်း၌ မိုးစပါးပုလဲသွယ်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးဒေါင်ခန့်နန်က ဂျီအေပီစိုက်ပျိုးနည်းစနစ်ကို ရှင်းလင်းပြီး စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ ပူးပေါင်းကာ မိုးစပါးပုလဲသွယ် နှစ်ဧက စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ ပုလဲသွယ်စိုက်ကွင်းတွင် အနီးအနားကျေးရွာများမှ တောင်သူများ၏ စိတ်ဝင်တစား မေးမြန်းမှုများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိက ဂျီအေပီစိုက်ပျိုးနည်း စနစ်များ၊ ပိုးမွှားရောဂါကာကွယ် နှိမ်နင်းရေးများနှင့် တစ်ဧကအကျိုးအမြတ်ရရှိမှုတို့ကို အသေးစိတ်ရှင်းလင်းခဲ့သည်။ ယင်းစိုက်ကွင်းတွင်တစ်ကွင်း တစ်စပ် ၁၀ ဧကစံပြကွက်ကြီးကို ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေစု (ချင်းရိုးမ)**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကံကောင်း
PH-09-49300967
09-420185599

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၁၄၆၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့ကျေးရွာ၊ ကွင်းအမှတ် ၅၆၃၊ နတ်ရေတွင်းအရှေ့ကွင်း၊ မြေကွက်အမှတ် (၅၇-ဠ)၏ အစိတ်အပိုင်း၊ မြေကွက်အမှတ် ၈၊ ဧရိယာ ၁ဒသမ၈၆ဧကခန့်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ တောင်ပိုင်းရပ်ကွက်၊ သီရိမြိုင်လမ်းသွယ်၊ အမှတ် ၆ဟုခေါ်တွင်သော မြေကွက်နှင့် တကွအကျိုးခံစားခွင့်အားလုံးတို့ကို ၁၂-၄-၁၉၇၈ ရက်စွဲပါ မြေရောင်းအဝယ် ကတိစာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အမာ DV-၀၀၅၄၁၃၏ သမီးဖြစ်သူ ဒေါ်စုလှဲ့မြင့် ၉/မထလ(နိုင်)၀၄၅၅၈၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း LL.B, D.B.L
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ ပြည်နယ်ဦးစီးမှူးနေအိမ်နှင့် လက်ထောက်ညွှန်ကြားရေးမှူးနေအိမ်အဆောက်အအုံတို့အားဆောက်လုပ်ရန် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ပိတ်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါနေအိမ်အဆောက်အအုံများအား ဆောက်လုပ်လိုသော ကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် တင်ဒါအဆိုပြုလွှာများကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးတွင် ၆-၇-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၅-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၇၄- ၂၉၅၁၂၊ ၂၃၅၅၅၊ ၂၂၆၆၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့

အမှတ် (၄၄/၄၆)၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့်စပ်လျဉ်းပြီး အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၄၄/၄၆ဟု ခေါ်တွင်သော နှစ်ခန်းတွဲ သုံးထပ်အဆောက်အအုံမှ တိုက်ခန်းများနှင့်စပ်လျဉ်းပြီး တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းစီမံခန့်ခွဲခြင်းတို့ကို မြေနှင့်တိုက်ပိုင်ရှင်၏ ခွင့်ပြုချက်မရရှိဘဲ မဆောင်ရွက်ကြရန် အသိပေးကြေညာအပ်ပါသည်။

မြေနှင့်တိုက်ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L, D.M.L, D.I.L, D.L.P, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), H.G.P, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂

ဦးသက်စိုး **နှင့်** ဦးစိန်လှ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်ရွှေ)

တရားလို **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၄×၇၅ ကြား၊ ၃၆ လမ်းနေ ဦးစိန်လှ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးတင်ရွှေ)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၁၄)၊ ဦးပိုင်အမှတ်(၇၂)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၃ ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မြင့်)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

နေ့ခင်းကြောင်တောင် လော့ကက်မျိုးစုံ ၁၃၀ ကျော် ခိုးယူမှုဖြစ်ပွား

ကော့ကရိတ် ဇူလိုင် ၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဇူလိုင် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက အမှတ် (၆)ရပ်ကွက် ဈေးကြီးလမ်းရှိ ရွှေလင်းယုန်ရွှေဆိုင်၌ ရွှေထည်ပစ္စည်းများ ခိုးယူခံရကြောင်း သတင်းရရှိသဖြင့် စခန်းမှူး ဒုရဲမှူးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၄ ရက် မွန်းတည့် ၁၂ နာရီတွင် မရှုရီ (ခ) မီးမီးသည် မိသားစုပိုင် ရွှေလင်းယုန်ရွှေဆိုင်တွင် ရွှေထည်ပစ္စည်းများ ရောင်းချနေရာ အရပ်မြင့် ခန္ဓာကိုယ်ပိန်ပါး ဆံပင်ရှည် အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး ဆွဲကြိုးလုပ်မည်ဟုပြောရာ မရှုရီက ဆွဲကြိုးအမျိုးအစားများကို ပြသခဲ့သည်။ ၎င်းအမည်မသိ အမျိုးသမီးက နားကပ်ကို ပေါင်နှံလိုကြောင်း ပြောသဖြင့် မရှုရီက အပေါင်ခံပြီး ငွေကျပ် ၃၀၀၀၀ ပေးလိုက်ရာ ၎င်းအမျိုးသမီး ပြန်သွားခဲ့သည်။



သိမ်းဆည်းခဲ့

ယင်း အမျိုးသမီး ပြန်သွားပြီးနောက် မရှုရီက ၎င်းခင်းကျင်းထားသည့် ရွှေထည်ပစ္စည်းများကို စစ်ဆေးရာ ရွှေထည်ပစ္စည်းများ ထည့်ထားသည့် ကော်ဘူး အဖြူရောင်မှာ ပျောက်ဆုံးနေသဖြင့် ကော့ကရိတ်မြို့နယ် ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ မြို့နယ်ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမြင့်အောင်နှင့်အဖွဲ့က လိုက်လံစုံစမ်း ဖော်ထုတ်ခဲ့ရာ နှင်းဆီအေး(ခ)လစီဒါ (၂၇ နှစ်) ဘုရင့်နောင်လမ်း အမှတ်(၃) ရပ်ကွက်နေသူဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး ၎င်းနေအိမ်ခြံဝင်းကို ရှာဖွေခဲ့ရာ နေအိမ်အောက် လွှစာမှုန့်ထဲတွင် ရွှေထည်ပစ္စည်းများ ထည့်ထားသည့် အဝတ်ထုပ်ကို ရှာဖွေတွေ့ရှိပြီး ၎င်းအဝတ်ထုပ်ထဲတွင် ဒေါ်ရှုရီ ပျောက်ဆုံးသွားသော ရွှေထည်ပစ္စည်းများဖြစ်သည့် လော့ကက် ဆိုက်စုံ ၂၈ စုံ ၂၀ ကျပ်သား ခြောက်ပဲခွဲ (တန်ဖိုးငွေကျပ် ၁၄၃၀၀၀၀)၊ လော့ကက် ပန်းခက်စုံ ၂၂ ခု နှစ်ကျပ် ၁၀ ပဲ (တန်ဖိုးငွေကျပ် ၁၅၇၅၀၀၀)၊ အသည်းပုံ ဆိုက်စုံ ၃၇ ခုနှစ်ကျပ် နှစ်ပဲလေးရွေး(တန်ဖိုးငွေကျပ် ၁၂၉၃၀၀၀)၊ ကျောက်ဆူးဝါးပုံ လေးထောင့်ပုံ ဆိုက်စုံ ၁၉ ခု တစ်ကျပ် ခြောက်ပဲတစ်ရွေး (တန်ဖိုးငွေကျပ် ၈၃၀၀၀၀)၊ လော့ကက်ထုပိုင်း ကြီး/သေး ခြောက်ခု ၁၄ ပဲ ငါးရွေး (တန်ဖိုးငွေကျပ် ၅၅၀၀၀၀)၊ လော့ကက်ကြုတ်ဆိုက်စုံ ၁၄ ခု တစ်ကျပ်သား ရှစ်ပဲခြောက်ရွေး (တန်ဖိုးငွေကျပ် ၉၃၀၀၀၀)၊ လော့ကတ်ကျောက်စုံဆွဲပြား ၁၂ ခု နှစ်ကျပ်သားငါးပဲသုံးရွေး (တန်ဖိုးငွေကျပ် ၁၄၀၀၀၀၀) စုစုပေါင်း ငွေကျပ် ရှစ်ဆယ့်ရှစ်သိန်းနှင့်ရှစ်ထောင်ကျပ်ဖိုးကို သိမ်းဆည်းရမိခဲ့သည်။ ထို့နောက် ဆက်လက်ရှာဖွေခဲ့ရာ ရွှေထည်ပစ္စည်းများ ထည့်ထားသည့် ကော်ဘူးအဖြူရောင်အခွံကို နှင်းဆီအေး၏အိမ်နောက်ဖေးရေစပ်တွင် တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

စိုးထက်အောင်(ပြန်/ဆက်)

အရှိန်မထိန်းနိုင်သည့်ယာဉ် မြင်းလှည်းကိုတိုက်ပြီး ထွက်ပြေး

ရေတာရှည် ဇူလိုင် ၅

ဇူလိုင် ၃ ရက် နံနက် ၃ နာရီခန့်က ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာတောင်ဘက် ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် ယာဉ်တစ်စီး အရှိန်လွန်ကာ မြင်းလှည်းကို ဝင်ရောက်တိုက်မိခဲ့ရာ မြင်းနှင့် မြင်းလှည်းပေါ်တွင် လိုက်ပါလာသူနှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြောက်ဘက် လေးမိုင်ခန့်အကွာ သပြေတန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၉၄/၂) နှင့် (၁၉၄/၃) အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရေတာရှည်မြို့မရဲစခန်းမှ ဒုတိယရဲအုပ်စိုးမိုးကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ကားလမ်းအတိုင်း တောင်မှမြောက်သို့ သက်နိုင်စိုး(၁၇ နှစ်) သပြေတန်းကျေးရွာနေသူ မောင်းနှင်လာသောမြင်းလှည်းကို ယာဉ်ကြောတူနောက်မှ မောင်းနှင်လာသော 2G/ ---- အနက်ရောင် အမည်မသိယာဉ်က အရှိန်လွန်ပြီး ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် မြင်းလှည်း၏ ရှေ့ဝဲဘက်ဘီး ပျက်စီးပြီး မြင်းလှည်းရှေ့လက်တံနှစ်ချောင်းကျိုးကာ မြင်းမှာ ကားလမ်းအရှေ့ဘက် ချောက်ထဲကျသွားခဲ့သဖြင့် ပြန်မထနိုင်တော့ဘဲ မြင်းလှည်းမောင်းသူ သက်နိုင်စိုးတွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲ ဒဏ်ရာတစ်ချက်နှင့် မြင်းလှည်းပေါ်တွင် စီးနင်းလိုက်ပါလာသူ ဦးမောင်မြင့် (၅၀ နှစ်) သပြေတန်းကျေးရွာနေသူတွင် ဝဲလက်ပြင် ဒဏ်ရာများ ရရှိခဲ့သည်။ ဝင်ရောက်တိုက်မိခဲ့သောယာဉ်မှာ ဆက်လက်မောင်းနှင်ထွက်ပြေးသွားခဲ့ပြီး အခင်းဖြစ်နေရာအနီးတွင် ကား၏ယာဘက်နောက်ကြည့်မှန်(မှန်မပါ)တစ်ခု၊ ကား၏ ရှေ့ကာတန်းအလယ်မှ ပြုတ်ကျခဲ့သည့် တံဆိပ်ဝိုင်းတစ်ခုတွေ့ရှိရ၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်ကာ ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကဝမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့်
အဆောက်အအုံများ အမိုးလန်ပျက်စီး၊ နေအိမ်လေးလုံးပြိုလဲ

ကဝ ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ဇူလိုင် ၂ ရက် နံနက်၂ နာရီမှ စ၍ ၅ နာရီကြား လေပြင်းတိုက်ခတ်မှုကြောင့် ဆောက်လုပ်ဆဲ ဆေးရုံ၊ စာသင်ကျောင်းနှင့် လူနေအိမ်များ စွာ ပျက်စီးခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်မှုကြောင့် ငွေတောင်ကျေးရွာတွင် လေးပင်ပတ်လည် သွပ်မိုးထရံကာ နေအိမ်နှစ်လုံး၊ ဓနိမိုးထရံကာ နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

အလားတူပင် ကဒက်စိန်ကျေးရွာတွင် ပေ(၁၅၀×၃၀)အကျယ်ရှိ အထက်တန်းကျောင်းဆောင်နှစ်ခု၊ လေးခန်းတွဲအိမ်သာ တစ်လုံး၊ ဓနိမိုးထရံကာ နေအိမ် ၁၁ လုံး၊ သွပ်မိုး၊ ပျဉ်ကာနေအိမ်ကိုးလုံး အမိုးလန်ကာ ပျက်စီးသွားခဲ့သည်။

ထို့အတူ ဝဲပဒန် ကျေးရွာ၌ ပေ ၁၇၀ ပတ်လည်ရှိ ဆောက်လုပ်ဆဲ တိုက်နယ်ဆေးရုံ တစ်လုံး၊ ပေ ၆၀ ဝန်ထမ်းအိမ်ရာ သုံးလုံး၊ ဓနိမိုးထရံကာနေအိမ် ခုနစ်လုံး၊ သွပ်မိုးပျဉ်ကာနေအိမ် ၁၀ လုံး အမိုးလန်ပျက်စီးခဲ့ပြီး ရွှေတန်ကျေးရွာတွင် တိုက်ခံသွပ်မိုး ကျေးလက်ဆေးပေးခန်းတစ်ခု၊ သွပ်မိုး ပျဉ်ကာ နေအိမ် ၁၂ လုံး၊ ဓနိမိုး ပျဉ်ခင်း ပျဉ်ကာနေအိမ်နှစ်လုံး၊ စပါးကျီတစ်လုံး အမိုးလန်ပျက်စီးကာ ဓနိမိုးထရံကာ နေအိမ်လေးလုံး ပြိုလဲပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိသော်လည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး ၁၉၁ သိန်း ၅ သောင်းခန့်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအား လိုအပ်သော အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖြိုးလွင်အောင်

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၁၉၆၊ ဧရိယာ ၀ ဒသမ ၆၈၁၈ဧက၊ မြေပိုင်မြေအမျိုးအစား၊ မြေကွက်တည်နေရာအမှတ် ၁၇၊ ယုဝလမ်း၊ (ခ)ရပ်ကွက်ရှိ အမည်ပေါက် အပ္ပဒူရတ် အမည်ပေါက် မြေကွက်အား အမည်ပေါက် အပ္ပဒူရတ်၏ အမွေထိန်းလက်မှတ်စာရသူ A.H.Modlah ထံမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၃၅၉/က/၁၉၆၃ ဖြင့် မစ္စဘီကလစ်မှလည်းကောင်း၊ မစ္စဘီကလစ်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၂၁၇/၁၉၇၃ ဖြင့် ဒေါ်တင်တင်မှလည်းကောင်း၊ ဒေါ်တင်တင်ထံမှအရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၁၇၃/၈၆ ဖြင့် မခွဲစိတ်ရသေးသော တောင်ဘက်အလယ်အစိတ်အပိုင်း (၅၇×၃၇)ပေနှင့် မှတ်ပုံတင်စာချုပ်အမှတ် (၁၇၄/၈၆)ဖြင့် မခွဲစိတ်ရသေးသော မြေအစိတ်အပိုင်း (၅၃×၂၀၈)ပေအား ဝယ်ယူထားသူ ဒေါ်တင်မြ(ခ)ဒေါ်ဟာလီမာ(မိခင်)၊ ဦးအပ္ပဒူဂဖူး(ခ) ဦးဘရွှေ(ဖခင်)ကွယ်လွန်သဖြင့် (၁)ဦးတင်မြင့် ၁၂/တမန(နိုင်)၀၇၁၄၆၀၊ (၂)ဒေါ်စန်းမြင့်၁၂/သဃက(နိုင်)၁၃၂၇၅၂၊ (၃)ဒေါ်မြင့်မြင့်ခိုင် TGKN-၀၂၂၂၇၇၊ (၄)ဦးမြင့်ရွှေ ၁၂/သဃက(နိုင်)၁၃၁၉၆၈၊ (၅)ဦးလှမြင့်(ကွယ်လွန်) ဇနီး ဒေါ်ခင်မော်မော် ၁၂/သဃက(နိုင်)၁၂၄၆၁၃၊ (၆)ဦးစိုးမြင့် ၁၂/သဃက(နိုင်)၀၀၁၅၈၅၊ (၇)ဒေါ်ခင်ညွန့် ၉/အမဇ(နိုင်)၀၀၀၃၀၂၊ (၈) ဒေါ်ခင်မြင့် ၉/ခအဇ(နိုင်)၀၆၄၀၉၇တို့က သားသမီး၊ ချွေးမတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းများ

စဉ်	တည်နေရာ/တက္ကသိုလ်အမည်		ဆောင်ရွက်မည့်လုပ်ငန်းများ
၁။	ရန်ကုန်တိုင်းဒေသကြီး	ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဆေးတက္ကသိုလ်(၂)၊ ရန်ကုန် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်	(၁)အရာရှိအိမ်ရာ နှစ်ခန်းတွဲနှစ်ထပ်တည်ဆောက်ခြင်းနှစ်လုံး (၁) အရာထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်တည်ဆောက်ခြင်းတစ်လုံး (၁) (၃) စာသင်ဆောင်တည်ဆောက်ခြင်း တစ်လုံး (၂) ဆရာ/ဆရာမများအိမ်ရာ ခြောက်ခန်းတွဲသုံးထပ် တည်ဆောက်ခြင်းတစ်လုံး
		သူနာပြုတက္ကသိုလ်၊ ရန်ကုန်	(၁) အရာရှိအိမ်ရာနှစ်ခန်းတွဲလေးထပ်တည်ဆောက်ခြင်းနှစ်လုံး (၂) အမှုထမ်းအိမ်ရာ ရှစ်ခန်းတွဲလေးထပ်တည်ဆောက်ခြင်း တစ်လုံး
		ပြည်သူ့ကျန်းမာရေး ကွင်းဆင်းသင်တန်းဌာန၊ လှည်းကူး	(၁) စာသင်ဆောင်တည်ဆောက်ခြင်း တစ်လုံး (၂) အမှုထမ်းအိမ်ရာတည်ဆောက်ခြင်း တစ်လုံး
၂။	မန္တလေးတိုင်းဒေသကြီး	ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး သူနာပြုတက္ကသိုလ်၊ မန္တလေး	(၁) လူ (၁၅၀)ဆံ့ အိပ်ဆောင်သုံးထပ်ဆောင် တည်ဆောက်ခြင်း တစ်လုံး (၁) ခြောက်ထပ်ဆောင်တည်ဆောက်ခြင်း တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၇-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၅-၇-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ရုံးအမှတ် (၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဦးစီးဌာနတွင်လည်းကောင်း ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော်ဦးဆန်းထွန်း (ဘ)ဦးဟန်မြင့် ၁၂/ဥကတ(နိုင်)၁၃၃၄၆၉နှင့် ဒေါ်မိုးမိုးခင် (ဘ)ဦးကျော်ရှိန် ၁၂/ဥကတ(နိုင်)၁၅၁၆၉၅ တို့သည် ၃-၇-၂၀၁၄ ရက်က (၁၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

ဦးဆန်းထွန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံနှင့် လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ၂၅-၇-၂၀၁၄ရက် ညနေ ၄း၃၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မကွေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဖုန်း-၀၆၃-၂၅၉၉၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ကြော်ငြာ

THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

The arrival of BMW in Myanmar marks a significant change in the way you experience luxury. As the world's number one luxury car brand, our commitment to the highest standards mean you no longer have to compromise, starting with the BMW 528i. Its BMW TwinPower Turbo engine offers a peak torque of 350Nm while this vehicle's 245hp accelerates from 0 to 100 km/h in 6.2 seconds.

(3 years Warranty, inclusive 3 years Maintenance Service and 1 year Comprehensive Motor Insurance)

The wait is now over. Please visit to display room : **P5 Parking, Junction Square, Between Kyun Taw Road and Pyay Road, Kamayut Township**. Contact : **09 8633 209** or email : **info@pac-bmw.com** to experience Sheer Driving Pleasure.

PRESTIGE AUTOMOBILES.
MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.

BMW EfficientDynamics
Less emissions. More driving pleasure.

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉။)
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်

၁။ ဤဥပဒေကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၄)ကို အောက်ပါအတိုင်းအစားထိုး ရမည်-

"(4) "district" means the local limits of the jurisdiction of a principal Court of original civil jurisdiction (hereinafter called a "District Court"), and includes the local limits of ordinary original civil jurisdiction of a Court of the Self-administered Division or a Court of the Self-administered Zone;"

၃။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) နောက်တွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (၄-က) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(4 A) "civil Court" means a Court of civil jurisdiction;"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ ပါရှိသော "President of the Union" ဆိုသည့်စကားရပ်ကို "Attorney General of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၉နှင့် ပုဒ်မ ၅၅၊ ပုဒ်မခွဲ (၁)၌ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Chief Justice of the Union" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တရားမကျင့်ထုံးဥပဒေတွင်

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (၁၅) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(15) "Pleader" means any person entitled to appear and plead for another in Court, and includes an advocate of the Supreme Court of the Union;"

(ခ) ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (က) နှင့် (ခ)၊ ပုဒ်မ ၁၁၁၊ နဝမ ပိုင်းခေါင်းစဉ်၊ ပုဒ်မ ၁၁၇၊ ပုဒ်မ ၁၁၈ နှင့် ပုဒ်မ ၁၂၀ တို့တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၁၇)၊ ပုဒ်မခွဲငယ် (ခ) နှင့်(ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(b) every gazetted officer and the superior officer of Civil Services;

(c) every commissioned or gazetted officer of Defence Services;"

၆။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော-

(က) "the High Court"ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "and every Court of Small Causes" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၂၃ တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (၂) ၏ နောက်ဆက်တွဲ ပုဒ်မခွဲ(၃) ကို အောက်ပါ အတိုင်းဖြည့်စွက်ရမည်-

"(3) Where such Courts are different High Courts of the Region or High Courts of the State, the application shall be made to the Supreme Court of the Union."

၈။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄ တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "the State or Divisional Court" ဆိုသည့်စကားရပ်ကို "the High Court of the Region or the High Court of the State" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the District Court" ဆိုသည့် စကားရပ်ကို "the Court of the Self-administered Division or the Court of the Self-administered Zone or the District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Courts of Additional and Assistant Judges" ဆိုသည့်စကားရပ်ကို "Court of Additional and Deputy Judges" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၃၅-က၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "100,000 Kyats" ဆိုသည့် စကားရပ်ကို "1,000,000 Kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၅-က၊ ပုဒ်မခွဲ (၂)၏ ခြွင်းချက်တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဇ) နှင့်(ဈ) တို့တွင်ပါရှိသော"ten thousand Kyats" ဆိုသည့်စကားရပ်ကို "30,000 Kyats" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၀။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၈၀၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၈၃၊ ပုဒ်မခွဲ (၂) ရှင်းလင်းချက် တို့တွင်ပါရှိသော "a Secretary to the Government" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ (၁)တွင် ပါရှိသော "a Director General of the Office of the Government" ဆိုသည့်စကားရပ်တို့ကို "the Secretary to the Union Government" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၉၃ ကိုပယ်ဖျက်ရမည်။

(ဂ) ပုဒ်မ ၉၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "one hundred thousand Kyats" ဆိုသည့်စကားရပ်ကို "500,000 Kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "the State or Divisional Court"ဆိုသည့် စကားရပ်ကို "any Court Subordinate to the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ) တွင်ပါရှိသော "2,000,000 Kyats" ဆိုသည့်စကားရပ်ကို "1,000,000 Kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၂။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၁၀၂ တွင်ပါရှိသော "2,000,000 Kyats" ဆိုသည့် စကားရပ်ကို "1,000,000 Kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၁၄၊ ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၁၃။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၆ တွင်ပါရှိသော "the District Court or the State or Divisional Court" ဆိုသည့်စကားရပ်ကို "the Court of the Self-administered Division or the Court of the Self-administered Zone or the District Court, or the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၀ တွင်ပါရှိသော "ten thousand Kyats" ဆိုသည့် စကားရပ်ကို "10,000,000 Kyats" ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

၁၅။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၃၊ ပုဒ်မ ၁၁၉၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၂၉ နှင့် ပုဒ်မ ၁၃၃၊ ပုဒ်မခွဲ (၂) တို့တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၆။ တရားမကျင့်ထုံးဥပဒေတွင် -

(က) ပုဒ်မ ၁၁၅ ၌ ပါရှိသော "the High Court or the State or Divisional Court or the District Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union, or the High Court of the Region or the High Court of the State, or the Court of the Self-administered Division or the Court of the Self-administered Zone, or the District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၁၅ ၏ ပထမခြွင်းချက်နှင့် ဒုတိယခြွင်းချက်တို့ကို ပယ်ဖျက်ရမည်။

၁၇။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃ တွင် -

(က) ပုဒ်မခွဲ (၁)၌ ပါရှိသော "at Yangon" ဆိုသည့် စကားရပ်ကို "at Nay Pyi Taw" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ)ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (က)၊ (ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(a) three Judges of the Supreme Court of the Union,

(b) two Judges of the High Court of the Region or the High Court of the State, and

(c) two advocates who have practised as advocates for at least 10 years."

(ဂ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ)ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (၃) ၏ ခြွင်းချက်၌ပါရှိသော "other Judges" ဆိုသည့် စကားရပ်နောက်တွင် "of the Supreme Court of the Union" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(င) ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲ (၄)နှင့် ပုဒ်မခွဲ (၅) တို့တွင်ပါရှိသော "Chief Justice" ဆိုသည့် စကားရပ်၏နောက်တွင် "of the Union" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၈။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၆ ကို အောက်ပါအတိုင်း အစားထိုးရ မည်-

"126. After issuing the rules made under the foregoing provisions, the Supreme Court of the Union shall distribute and submit such rules to the respective representatives of the Pyithu Hluttaw and Amyotha Hluttaw at the nearest regular session to enable to be discussed whether such rules are in conformity with the provisions of relevant Law or not, and to be resolved in accordance with the provisions contained in section 137 and 157 of the Constitution of the Republic of the Union of Myanmar and carry out in accordance with the resolution adopted by the Pyidaungsu Hluttaw."

၁၉။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၃၆ တွင်ပါရှိသော "the District Court" ဆိုသည့်စကားရပ်နှင့် "Yangon City Civil Court" ဆိုသည့် စကားရပ်တို့ကို "the Court of the Self-administered Division or the Court of the Self-administered Zone, or the District Court" ဆိုသည့် စကားရပ်ဖြည့်လည်းကောင်း၊ "as if it were the District Court" ဆိုသည့် စကားရပ်ကို "according to the procedure provided in the foregoing provisions of sub-sections (2) and (3)" ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၂၀။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၃၇ ကို အောက်ပါအတိုင်း အစားထိုးရ မည် -

"137.(1) The Language of the Supreme Court of the Union and any Court subordinate to the Supreme Court of the Union shall be Myanmar language.

(2) The application to and proceeding in such Courts shall be written in Myanmar language."

၂၁။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၃၉၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union, the High Court of the Region or the High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်များစစ်ဆေး

သီပေါ ဇူလိုင် ၅

ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးခင်မောင်ဌေးသည် ကျောက်မဲခရိုင် တရားသူကြီး ဒေါ်စိုးညဏ်နှင့် သက်ဆိုင်ရာမြို့နယ် တရားသူကြီးများနှင့် ရုံးအဖွဲ့များ လိုက်ပါလျက် ဇွန် ၃၀ ရက်က ကျောက်မဲမြို့နယ် ကြူအင်း၊ ကောင်းမှု၊ ဟိုခို၊ ကုန်းစံ၊ ခဲမွန်၊ လွင်ကြီး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများနှင့် စခန်းခွဲများ၊ နောင်ချိုမြို့မ ရဲစခန်းအချုပ်ခန်းကိုလည်းကောင်း၊ဇူလိုင်၁ ရက်တွင် သီပေါမြို့မ ရဲစခန်း အချုပ်ခန်းနှင့် သီပေါအကျဉ်းထောင်ကိုလည်းကောင်း၊ ဇူလိုင် ၂ ရက်က ကျောက်မဲမြို့မရဲစခန်းအချုပ်ခန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် အချုပ်သားများနှင့် အကျဉ်းသားများ၏ နေရာ ထိုင်ခင်းသက်သာချောင်ချိမှု ရှိမရှိ၊ စားသောက်ရာတွင် အာဟာရ သင့်တင့်မျှတမှု ရှိမရှိ၊ မကျန်းမာပါက ဆေးဝါးကုသရန် အခွင့်အရေးရှိမရှိ၊ အကျဉ်းသားများနှင့် အချုပ်သားများအပေါ် နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှုရှိမရှိ စသည်တို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ကျား၊ ပိုးလောက်လမ်းများ နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်က မြို့မဈေးကြီးအတွင်း ဈေးဆိုင်ခန်းများအား ဆေးဖျန်းခြင်းကို ဈေးတာဝန်ခံနှင့် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်စဉ်။

(ဝ၂၁)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

ကျေးရွာ ၂၀ မှ ကျောင်းသား ကျောင်းသူများ ပိုမိုအဆင်ပြေ

ကျောက်ဆည် ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အထက်တန်းကျောင်းအဖြစ်အဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၉ ရက် နံနက် ၈ နာရီကအဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆိုင်းဘုတ်မှန်ခ်ဦးကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နှင်းဦး၊ ကျေးရွာအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးပွနှင့် ရပ်မိရပ်ဖ ဦးငွေးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်း၊ ဘင်ခရာ၊ ပန်းဖွားအကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းက ကျောင်းအဆင့်တိုးမြှင့်ခြင်းအထိမ်းအမှတ်အလံများကို လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အမှတ်(၂)အခြေခံပညာ

ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၃၂ သိန်းဖြင့် (Crystal မင်္ဂလာမန္တလေး) ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ စာသင်ကျောင်းဆောင်သစ်ကို ကျောင်းအုပ်ဆရာမကြီးအား လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်ပြီး ယခင်က ကျောင်းသားကျောင်းသူများအနေဖြင့် သင်ကြားရေးနှင့် မိဘများ၏ အခြေအနေအရ ကျောင်းပြောင်းလက်မှတ်ထုတ်ယူရာတွင် များစွာအခက်အခဲရှိခဲ့ရာ ယခုကျောင်းဖွင့်ရာသီတွင် ကျောင်းအဆင့်တိုးမြှင့်လိုက်ခြင်းကြောင့် မိဘများနှင့် ကျောင်းသား ကျောင်းသူများအတွက် များစွာအကျိုးရှိသည့်အတွက် ထိုဒေသရှိ မိဘများကိုယ်စား ဝမ်းမြောက်မိပါတယ်"ဟု ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌဦးဝင်းမြိုင်၏ ရင်တွင်းစကားကို သိရှိရသည်။

အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့သည့် အထက်တန်းကျောင်းသည် ၁၉၆၂ ခုနှစ်တွင် မူလတန်းအဖြစ်လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၉၇ခုနှစ်တွင် အထက်တန်းကျောင်းခွဲအဖြစ်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့သည်။ ကျောင်းဧရိယာ ၁၂ ဒသမ ၇၅ ဧကကျယ်ဝန်းပြီး ပတ်ဝန်းကျင်ကျေးရွာ ၂၀ မှ ကျောင်းသား ကျောင်းသူပေါင်း ၈၇၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

သက်မောင်

သတင်းတို

တစ်နိုင်ငံလုံးအောင်ချက်အကောင်းဆုံး ဆုရကျောင်းများ ဂုဏ်ပြုပွဲကျင်းပ

မုံရွာ ဇူလိုင် ၅

မွန်ပြည်နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများ ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန်လနောက်ဆုံးပတ်က မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် ထူးချွန်ထက်မြက်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၄ ဦး၊ အောင်ချက်အကောင်းဆုံးမြို့နယ်သုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်း၊ သိပ္ပံဘာသာတွဲ အမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ သုံးဦး၊ ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူသုံးဦး၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဝိုင်းဝန်းကူညီပေးသော အဖွဲ့များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၁၀၈)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းနှင့် လိုင်စင်စစ်ဆေး ထုတ်ပေးခြင်းဆောင်ရွက်

ကော့ကရိတ် ဇူလိုင် ၅

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးကျော်စိုး၊ ကရင်ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်ဆေးရေးမှူး(၂) ဦးကိုကိုနိုင်နှင့်အဖွဲ့သည် ဇူလိုင် ၁ ရက်အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မွမ်းမံသင်တန်းနှင့် ယာဉ်မောင်းလိုင်စင်စစ်ဆေးထုတ်ပေးခြင်းကို ကော့ကရိတ်ခရိုင်ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းနှင့်လိုင်စင်ဖြေဆိုမှုကို သင်တန်းသား သင်တန်းသူ ၄၀ တို့က တက်ရောက်ဖြေဆိုခဲ့ကြပြီး ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများ၏ စိတ်အခြေအနေ၊ အမြင်အာရုံ၊ အရောင်ခွဲခြားမြင်တွေ့မှု၊ ကိုယ်လက်အင်္ဂါသန်စွမ်းမှု၊ အရက်သောက်သုံးမှုအခြေအနေများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် လက်တွေ့ယာဉ်မောင်းနှင်ကျွမ်းကျင်မှုများကို စစ်ဆေးအောင်မြင်ပြီးမှ ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်များ လာရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အလှူငွေများ ထောက်ပံ့ကူညီခြင်း၊ စာအုပ်စာစောင်များ ကူညီထောက်ပံ့ခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။

လာရောက်လှူဒါန်း

ထို့အတူ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၃၉၁/၃၉၂) ပုသိမ်ညွန့် ၉ လမ်း၊ မြစ်ရိပ်ငြိမ်နေ ကွယ်လွန်သူ ဆရာကြီးဦးလှကျော်အားရည်စူး၍ ဇနီးဒေါ်တင်ညွန့်ကျော်(ညွန့်သစ္စာ)၊ သမီးမြသီတာကျော်၊ ဒေါက်တာဥမ္မာကျော်၊ သား- သူရလှကျော် မိသားစုတို့က တန်ဖိုး ငွေကျပ် ၁၀ သိန်းကျော်ရှိ စာစီစာကုံးစာအုပ်များ၊ ပုံပြင်စာအုပ်များ၊ ဗဟုသုတစာအုပ်များ စုစုပေါင်း အုပ်ရေ ၂၀၀၀ ကျော်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၇၆၆၅ Hti La HL-01 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၉/ပဘန(နိုင်)၀၁၂၁၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၃၁၆၃၅ Zong Shen-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဦး ၅/မရန(နိုင်)၁၃၆၂၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(မကွေး)**

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၂)၊ န၀မတန်း(D)မှ မောင်ရှိုင်းလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၅/တဆန(နိုင်)၁၂၆၉၅၇ ဖြစ်ပါကြောင်း **ဦးညွန့်ဝင်း**

ဖခင်အမည်မှန်

တန့်ဆည်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(စီ)မှ မအေးယုအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၅/တဆန(နိုင်)၀၂၀၀၃၁ ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်**

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၂)န၀မတန်း(D) မှ မောင်ခိုင်တိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွန်း ၅/တဆန(နိုင်)၀၃၆၃၀၀ ဖြစ်ပါကြောင်း။ **ဦးသောင်းထွန်း**

ဖခင်အမည်မှန်

တန့်ဆည်မြို့ အထက(၂) န၀မတန်း(F) မှ မောင်ကျော်လင်းမိုး၏ ဖခင်အမည်မှန်မှာ ဦးမင်းစိုး ၅/တဆန(နိုင်)၀၈၀၅၇၂ ဖြစ်ပါကြောင်း။ **ဦးမင်းစိုး**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/နန္ဒသူ၊ ဦးပိုင်အမှတ် ၈၆၊ ဧရိယာ ၀ဒသမ ၁၁၈ဧကရှိ ဦးမြသောင်း အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးသန်းကျော်ဇော ပါ-၂၊ ၉/တကန(နိုင်)၀၀၀၅၈၁၊ (ဘ) ဦးမြသောင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၅၆၊ ဧရိယာ ၀ဒသမ ၁၅၄ဧကရှိ ဒေါ်တင်တင်ငွေအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်ခိုင်ရွှေဦး ၁၂/ကမရ(နိုင်)၀၃၂၂၉၇ (ဘ) ဦးလှိုင်ဦးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ အဘိရာဇာ၊ ဦးပိုင်အမှတ် (၁၃/၁၄)၊ ဧရိယာ ၀ဒသမ ၁၅၇ဧကရှိ အစိုးရမြေကွက်အား ဒေါ်ရင်ရင်ငွေ ၉/တကန (နိုင်) ၀၀၅၅၅၈ (ဘ) ဦးအေးလေးမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၅၈၂၇ Khittara wagon KTR-ONA, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၁၂/ကမရ(နိုင်)၀၄၆၄၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၃၁၂၁၊ KTS Yar Zar Jeep ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်မြင့် ၉/မနမ(နိုင်)၀၉၇၉၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အမည်ပြောင်း

ဦးလှထွဋ်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း န၀မတန်းမှ မအိမ့်မှုံထွန်းအား ယနေ့မှစ၍ မအိပြည့်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိပြည့်ပြည့်ဖြိုး**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ် ၁၈က၊ ဧရိယာ ၀ဒသမ၀၃၄ဧကရှိ ဒေါ်ထူးထူးလင်း အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်ထူးထူးလင်း ၉/မရတ(နိုင်)၀၀၄၃၆၄၊ (ဘ) ဦးမင်းဟန်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင် အရောင်းအဝယ်စာချုပ် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ် ၆၇၊ ဧရိယာ ၀ဒသမ ၁၅၉ဧကရှိ ဒေါ်လှအေးအမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးသန့်ဇင်၊ ဒေါ်မေဇော်ဦး [၉/တကန(နိုင်)၀၂၈၀၁၇၊ ၉/ဓရတ(နိုင်)၀၀၃၆၁၈] (ဘ) ဦးညွန့်ဝေ၊ ဦးသိန်းမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

လူမှုဘဝဖူလုံပါရစေ

မောင်မောင်မျိုး(ပဲခူး)

စာရေးသူတို့နိုင်ငံမှာ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေဆိုတာ ရှိခဲ့ပါတယ်။ ခေတ်ကာလရဲ့ တောင်းဆိုမှု၊ တာဝန်ရှိသူတွေရဲ့ စေတနာထားကြိုးစားမှုတို့ကြောင့် အခုဆိုရင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေဟာ ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့က အသက်ဝင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီဥပဒေကို ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ကတည်းက ပြဋ္ဌာန်းခဲ့ပေမယ့်လည်း မကြာသေးမီကမှ အာဏာတည်စေခဲ့ပါတယ်။

ဒီဥပဒေ အသက်ဝင်ပြီဆိုတာ ကြားကတည်းက အပျော်ဆုံးဖြစ်ခဲ့ရသူတွေထဲမှာ စာရေးသူရဲ့ မိတ်ဆွေ ကိုရဲမာန်က ထိပ်ဆုံးက ပါဝင်ခဲ့မှာ သေချာပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကိုရဲမာန်ရဲ့ဇနီးက ကိုယ်ဝန်နဲ့ ဖြစ်နေတယ်။ နောက်ပြီး ကိုရဲမာန်က ခွင့်ရဖို့ခက်ခဲတဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်လေတော့ ရက်ရှည် ခွင့်ရဖို့ ဘယ်လိုလုပ်ရပါ့မလဲလို့ တွေးရင်းစိတ်ညစ်ခဲ့ရသူပေါ့။

ဒီလိုနဲ့ ဥပဒေအာဏာတည်ပြီး တစ်လကျော်ကြာတဲ့အခါ ကိုရဲမာန်ရဲ့ဇနီး မီးဖွားဖို့ အချိန်ကျရောက်ခဲ့ပါပြီ။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ဘာမှမပူနဲ့ မွေးကင်းစကလေးပြုစုခွင့် ၁၅ ရက်ရမှာပါလို့ ပြောကြလေရဲ့။ အဲဒီအချိန်မှာ လူမှုဖူလုံရေးဥပဒေအသစ်ကို မွှေနှောက်ကြည့်တော့တာပါပဲ။

ပုဒ်မ ၂၈ ကို တွေ့လိုက်ရတဲ့အချိန်မှာတော့ ကိုရဲမာန်အလွန်ကို ဝမ်းသာသွားပါတယ်။ ပုဒ်မ ၂၈ မှာ ပါဝင်တာကတော့ ဖော်ပြပါအတိုင်း ဖြစ်ပါတယ်-

အာမခံထားသူအမျိုးသားသည် ဇနီးမီးဖွားမှုအတွက် ဆေးသက်သေခံလက်မှတ်အရ သတ်မှတ်ချက်များနှင့်အညီ အောက်ပါဖခင်ဘဝ အကျိုးခံစားခွင့်ရှိသည်–

(က) အာမခံထားသူဖြစ်သော ဇနီးမီးဖွားသည့်အခါ မွေးကင်းစကလေးအား ပြုစုခွင့် ၁၅ ရက် ခံစားခွင့်၊

(ခ) အာမခံထားသူဖြစ်သော ဇနီးမီးဖွားသည့်အခါ ပုဒ်မခွဲ(က)ပါ ခွင့်ကာလအတွက် မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်အဖြစ် လွန်ခဲ့သော တစ်နှစ်အတွင်း ပျမ်းမျှလုပ်ခ၏ ၇၀ ရာခိုင်နှုန်းကို ခံစားခွင့်၊

(ဂ) အာမခံထားသူမဟုတ်သော ဇနီးဖြစ်သူမီးဖွားသည့်အခါ ပုဒ်မခွဲ (က)နှင့် (ခ)တို့ပါ အကျိုးခံစားခွင့်များအပြင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)ပါ မီးဖွားစရိတ်ခံစားခွင့်၏ ထက်ဝက်ခံစားခွင့်။

အဲဒါနဲ့ ဆေးသက်သေခံလက်မှတ် ဘယ်လိုလုပ်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး သိချင်တာလေးတွေရှိလို့ လူမှုဖူလုံရေးအဖွဲ့က ညွှန်ကြားရေးမှူး (အာမခံဌာန)ရဲ့ တယ်လီဖုန်းကို ဆက်သွယ်မေးမြန်းတဲ့အခါ အဲဒီပုဒ်မမှာပါတဲ့ အကျိုးခံစားခွင့်တွေကို ခံစားလို့မရသေးပါဘူး။ လာမယ့် အောက်တိုဘာလမှ ခံစားလို့ရမယ်ဆိုပြီး ဥပဒေအကိုးအကားတွေနဲ့ ပြန်ရှင်းပြတာ ကြားခဲ့ရပုံကတော့။

ပထမဆုံးညွှန်းတဲ့ပုဒ်မကတော့ ပုဒ်မ ၁၀၁၊ ပုဒ်မခွဲ(ခ)ဖြစ်ပါတယ်။ အဲဒီမှာ ဖော်ပြထားတာကတော့-

ဤဥပဒေအာဏာတည်ပြီးနောက် တောင်းဆိုခွင့်ရှိသော အကျိုးခံစားခွင့်အားလုံးနှင့်စပ်လျဉ်း၍ ဤဥပဒေအရ သတ်မှတ်ထားသည့် ထည့်ဝင်ကြေးကာလ ပြည့်မီမှသာလျှင် ဤဥပဒေအရ ခွင့်ပြုထားသော အကျိုးခံစားခွင့်ကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်လို့ ပါရှိပါတယ်။

ဒုတိယညွှန်းတဲ့ပုဒ်မကတော့ ပုဒ်မ ၂၆ ဖြစ်ပါတယ်။ အဲဒီမှာ ဖော်ပြထားတာကတော့-

အာမခံထားသူ အမျိုးသမီးနှင့်အမျိုးသားတို့သည် ပုဒ်မ ၂၇ နှင့် ၂၈ တို့အရ မီးဖွားမှုနှင့်ဆိုင်သည့် ငွေကြေး၊ အကျိုးခံစားခွင့်ကို ခွင့်စတင် ခံစားသည့်နေ့မတိုင်မီ သက်ဆိုင်ရာလုပ်ငန်းဌာနတွင် အနည်းဆုံးတစ်နှစ်လုပ်ကိုင်ခဲ့သူဖြစ်ရမည့်အပြင် အဆိုပါတစ်နှစ်အတွင်းအနည်းဆုံးခြောက်လအတွက် ထည့်ဝင်ကြေးပေးသွင်းပြီးသူဖြစ်မှသာ ခံစားခွင့်ရှိစေရမည်လို့ ပါရှိပါတယ်။

အဲဒီတော့ ကိုရဲမာန်က **ကျွန်တော် လူမှုဖူလုံကြေးထည့်ဝင်လာတာ လေးနှစ်ကျော်တောင်ရှိပြီ၊ တစ်ခါမှမပျက်ဘူး။ လစာထဲက တစ်ခါတည်းဖြတ်ထားတာပဲ** လို့ စောဒက တက်ကြည့်ပါတယ်။ ဒါပေမယ့် ကိုရဲမာန်စကားဆက်မပြောနိုင်တော့ပါဘူး။ ဘာပြောရမှန်းမသိတော့ဘဲ ရင်ထဲမှာဆို့နစ်စွာ ကျန်ရစ်ခဲ့ပါတော့တယ်။ တာဝန်ရှိသူရဲ့ ဖြေကြားချက်ကတော့ **အနည်းဆုံးခြောက်လထည့်ဝင်ကြေးပေးတဲ့ကာလကို ဒီဥပဒေအာဏာတည်တဲ့ ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့က စပြီးရေတွက်ပါတယ်။ ပြီးခဲ့တဲ့ ဥပဒေဟောင်းကာလမှာ ထည့်ဝင်ခဲ့တဲ့ထည့်ဝင်ကြေးတွေ အကျုံးမဝင်ပါဘူး။ ဒါကြောင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလရောက်မှ ဒီပုဒ်မတွေ အသက်ဝင်မှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရတဲ့ရည်ရွယ်ချက်က လူမှုဖူလုံရေးဥပဒေအသစ်အရ ငွေကြေးအကျိုးခံစားခွင့်တွေပေးရမှာများနေလို့ဖြစ်ပါတယ်**တဲ့။

နောက်ဆုံး စာရေးသူရဲ့မိတ်ဆွေ ကိုရဲမာန်ပြောလိုက်နိုင်တာကတော့ **ငွေကြေးခံစားခွင့်မရလည်း ခွင့်ရက်ကလေးရရင်တော်ပါပြီဗျာ၊ ရှေ့က ထည့်ဝင်ခဲ့တဲ့ ထည့်ဝင်ကြေးတွေအချည်းနှီးဖြစ်သွားတာကတော့ တော်တော်ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စပဲဗျာ။ ဒီကိစ္စကို ပြန်စဉ်းစားပေးဖို့ကောင်းပါတယ်။ ဥပဒေပြင်ဖို့အခြေအနေပေးခဲ့ရင် ဒါမှမဟုတ် တခြားနည်းနဲ့ကုစားလို့ရရင် လုပ်ပေးစေလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအခွင့်အရေးကို မရနိုင်တော့ပေမယ့်လည်း တခြားသူတွေအတွက် အချိန်မီလေး ခံစားခွင့်ရစေလိုပါတယ်** လို့ အကြံပြုနိုင်လိုက်ရုံပါပဲ။

နောက်တစ်ခုကတော့ အမျိုးသမီးတွေ မီးဖွားခွင့်နဲ့ပတ်သက်တဲ့ အကြောင်းအရာပဲဖြစ်ပါတယ်။ အခုတလော နိုင်ငံပိုင်သတင်းစာတွေမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများထဲက အကြောင်းအရာတွေကို ကောက်နုတ်ချက်အဖြစ် ဖော်ပြနေတာ တွေ့ရပါတယ်။ ကြည့်လိုက်တဲ့အခါကျတော့ မီးဖွားခွင့်ကာလတွေဟာ လူမှုဖူလုံရေး ဥပဒေအသစ်မှာပါတဲ့ ကာလသတ်မှတ်ချက်တွေနဲ့မတူတာတွေ့ရပါတယ်။ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်နေ့က အာဏာတည်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၀၁(က) မှာ ခြောက်လခံစားခွင့်ရှိတယ်လို့ဖော်ပြထားပြီး ၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၂၅(ဂ) မှာတော့ ရက်သတ္တပတ် ၁၄ ပတ် (သုံးလခွဲ) ခံစားခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ဘယ်ဟာကို အတည်ယူရမလဲဆိုတဲ့ ပြဿနာရှိလာပါပြီ။

လူမှုဖူလုံရေးဥပဒေသစ်ရဲ့ ပုဒ်မ ၂၅ မှာကတော့-

အစိုးရဝန်ထမ်းများနှင့်သက်ဆိုင်သည့်ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ စည်းကမ်းများ၊ အမိန့်များနှင့်ညွှန်ကြားချက်များတွင် မည်သို့ပင်ပါရှိစေကာမူ အာမခံထားသူ အမျိုးသမီးအလုပ်သမားများသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါအကျိုးခံစားခွင့်များကို ခံစားခွင့်ရှိသည် လို့ ပါရှိပါတယ်။

ဒီလိုဆိုရင် လူမှုဖူလုံရေးဥပဒေအသစ်က လွှမ်းမိုးထားတဲ့ သဘောဖြစ်နေပါတယ်။ အခုလို ဆုံးရှုံးနစ်နာရတဲ့အပေါ်၊ ဗွိဟဖြစ်နေတဲ့ အချက်တွေအပေါ် ရှင်းရှင်းသိရှိနိုင်ကြဖို့ တာဝန်ရှိသူတွေအပိုင်းက အမှန်အတိုင်းဖြေရှင်းဆောင်ရွက်ပေးစေလိုပါတယ်။ ဒါကြောင့်နိဂုံးအနေနဲ့တင်ပြရသော် စာရေးသူနဲ့နီးစပ်တဲ့ မိတ်ဆွေတွေရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေအရ လူမှုဘဝ ဖူလုံချင်ပြီဖြစ်တဲ့အကြောင်း ဤနေရာကနေ အသိပေးအကြံပြုလိုက်ပါရစေခင်ဗျား။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အဆင့်မြင့်လူနေဆိုင်ခန်းနှင့် ပျံကျဈေးအဆောက်အအုံပန္နက်တင်

မြစ်ကြီးနား ဇူလိုင် ၅

မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နေပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် စီတာပူအဆင့်မြင့် လူနေဆိုင်ခန်းများနှင့် ပျံကျဈေးတည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက အဆိုပါဈေးကြီးဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဈေးကိုတာဝန်ယူဆောက်လုပ်မည့် ဇီးကွက်နှစ်ကောင်ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဒေါ်စန္ဒာမိုးက ဈေးကြီးတည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါ၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတို့က ပန္နက်တင် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ **(အပေါ်ပုံ)**

မြစ်ကြီးနားမြို့သည် ပြည်နယ်၏ မြို့တော်ဖြစ်သည်နှင့်အညီ လူဦးရေထူထပ်လာသည်နှင့်အမျှ မြို့နေအင်္ဂါရပ်နှင့်အညီ ခေတ်မီဈေးသစ်ကြီးများကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ယခင်စည်ပင်သာယာဈေး(၁)နှင့်(၂)အပြင် ယခုအချိန်တွင် အေးမြသာယာခေတ်မီဈေးသစ်ကြီးနှင့် စီတာပူ အဆင့်မြင့်ဈေးတို့ကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

နိုင်ငံ့အဝန်း သစ်တောစိမ်းဖြင့် စိမ်းလန်းစေရမည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မြန်မာသိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနတွင် အသုံးပြုမည့် သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း (၄၈)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်။

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်၍ Open Tender ပုံစံများကို ၇-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၈-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန် အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အမည်မှန်

ဦးရန်ချဲ့ရင်၏သား လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း ပထမတန်းမှ မောင်ကျော်ကျော်(ကမ-၀၄၅၂)၏ အမည်မှန်မှာ မောင်ကျော်ကျော်(ခ)မောင်အောင်မြစ်ဟိန်းဖြစ်ပါသည်။

ပြောင်းလဲခေါ်ဆိုပါရန်

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ ကျယ်ခေါင်ကျေးရွာနေ ဦးညီဆာ၏သား ဦးအိုက်ငို ၁၃/မတတ(နိုင်)၀၀၀၄၇၄အား ယနေ့မှစ၍ ဦးမျိုးသွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)နေ ဦးတိုက်ရပေါင်(တိုက်ရှင်းပေါင်)၏ သမီးဖြစ်သူ မခင်ခင် ၁၃/ဟပတ(နိုင်)၀၁၃၇၄၇နှင့် မရှောက်စေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မခင်ခင်(ခ)မရှောက်စေး**

အမည်ပြောင်း

ဦးရာဇာဝင်းလှိုင်၏ သမီး မကြယ်စင်ရှင်းသန့်အား မသင်ဇာချမ်းမြေ့စံဟု အမည်ပြောင်းလဲခေါ်ပါရန်။

မသင်ဇာချမ်းမြေ့စံ

လေလံကြော်ငြာ

မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ သစ်ထုတ်ရေးဒေသများမှ အသုံး မပြုနိုင်တော့သည့် တာယာ၊ ဘက်ထရီ၊ ပီပါခွံနှင့် သံတိုသံစအဟောင်းများအား အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

စဉ်	ဒေသ	တာယာ	ဘက်ထရီ	ပီပါခွံ	သံတိုသံစ
၁	ပဲခူးတောင်(သစ်ထုတ်ရေး)	၇၄၄	၁၉၀	-	-
၂	ပဲခူးမြောက်(သစ်ထုတ်ရေး)	၆၈၄	၂၂၂	၄လုံး	၄တန်
၃	တောင်ငူတောင်(သစ်ထုတ်ရေး)	၆၀၆	၂၉	-	၂တန်
၄	တောင်ငူမြောက်(သစ်ထုတ်ရေး)	၇၄၇	၂၇၅	-	-
၅	စစ်တောင်းဖောင်ဖွဲ့ရေး	၂၀	၁၈	၄၈လုံး	-
၆	ဒုတိယအထွေထွေမန်နေဂျာရုံး	၂၅၃	၅၃	၄၅လုံး	-

လေလံတင်ရောင်းချမည့်ရက် - ၁၈-၇-၂၀၁၄ရက်

လေလံတင်ရောင်းချမည့်အချိန် - နံနက် ၉း၃၀ နာရီ

လေလံတင်ရောင်းချမည့်နေရာ - ဒုတိယအထွေထွေမန်နေဂျာ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ပဲခူးမြို့

အသေးစိတ်အချက်အလက်နှင့် လေလံစည်းကမ်းများအား ဒုတိယအထွေထွေမန်နေဂျာ(ရုံး) ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၀၁၀၂၃၊ ၀၅၂-၂၁၂၈၄ တို့တွင် ၇-၇-၂၀၁၄ ရက်မှစ၍ ဝယ်ယူစုံစမ်းနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့

အမည်မှန်

ဦးကျော်စိန်၏သမီး လားရှိုးမြို့၊ အလက (၈)၊ အဋ္ဌမတန်း(က)မှ မတင့်တင့်ထွန်း (ကမ-၁၇၆၅)၏ အမည်မှန်မှာ မတင့်တင့်ထွန်း(ခ) မချောက်မေ ဖြစ်ပါသည်။

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (က)မှ နန်းခမ်းလှိုင်း (ကမ-၃၄၆၇)၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသိန်းအောင်(ခ)ဦးစိုင်းအောင်သိန်း ၁၃/ကခန(နိုင်)၀၄၄၇၄၆ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

နိုင်ငံကူးလက်မှတ်အသစ်ရရှိရန်အတွက် ပတ်စ်ပို့စာအုပ် တစ်အုပ်ကို ရင်းဂစ် ၁၈၀၀ အထိ ပေးရသည်ဟုဆို

ကွာလာလမ်ပူ ဇူလိုင် ၅

မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများ နိုင်ငံကူးလက်မှတ်အသစ်ရရှိရန်အတွက် ပတ်စ်ပို့စာအုပ်တစ်အုပ်ကို ရင်းဂစ် ၁၈၀၀အထိ ကုန်ကျခဲ့ကြောင်းနှင့်ပြီးခဲ့သော ၂၀၁၃ ခုနှစ်က မြို့တော်ကွာလာလမ်ပူရှိ ဆင်ခြေဖုံးဒေသဖြစ်သော (BANGI) ဘန်ကီ ဆိုနီစက်ရုံမှ အလုပ်သမားများအတွက် အလုပ်ရှင်ဘက်မှ ကုန်ကျခဲ့ကြောင်းဖြင့် မြန်မာအလုပ်သမားအဖွဲ့ (MMRC)ရုံးမှ ဆက်သွယ်ပြောချက်အရ သိရသည်။

ဖြစ်စဉ်အရ မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူရှိ ဆင်ခြေဖုံးဒေသဖြစ်သော (BANGI)ဘန်ကီဆိုနီစက်ရုံမှ အလုပ်ထုတ်ခံလိုက်ရသည့် မြန်မာအလုပ်သမား အောင်ကိုဦးအတွက် ပြီးခဲ့သော ဇွန် ၁၇ ရက်က ရှားအလမ်မြို့နယ်ရှိ အစိုးရအလုပ်သမားခန့်အပ်ရေးဌာနဖြစ်သော (JPP)ရုံးရှိ အလုပ်သမားတရားရုံးတော်၌ ကြားနာစစ်ဆေးမှု ပြုလုပ်ခဲ့သည်ဟု မလေးရှားနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် adam က ပြောဆိုသွားခဲ့ကြောင်းဖြင့် မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားအဖွဲ့ MMRC ရုံးမှ သိရခြင်းဖြစ်သည်။

အဆိုပါ မလေးရှား အလုပ်သမားတရားရေးဌာနမှ အလုပ်ထုတ်ခံလိုက်ရသည့် မြန်မာအလုပ်သမားအတွက် ဆိုနီစက်ရုံ၌ ပြန်လည်အလုပ်ခန့်အပ်ရန်တောင်းဆိုခဲ့သော်လည်း အလုပ်ရှင်ဘက်မှလက်မခံနိုင်ကြောင်းဖြင့် မလေးရှားနိုင်ငံအစိုးရ၏ အလုပ်သမားတရားရေးဌာန ရှေ့မှောက်တွင် အလုပ်ရှင်ဘက်မှ ထွက်ဆိုသွားခဲ့သည်ဟု ဆိုသည်။

မလေးရှားနိုင်ငံ အစိုးရအလုပ်သမားတရားရေးဌာနမှယခုကဲ့သို့သော အလုပ်ထုတ်ခံလိုက်ရသည့် မြန်မာအလုပ်သမားအတွက် နစ်နာကြေးနှင့် လစာအပြင် လေယာဉ်လက်မှတ်တို့ကိုပါ အလုပ်ရှင်ဘက်မှ ကျခံရမည်ဖြစ်ကြောင်း၊ အိုဗာစတေးဖြစ်နေသော မြန်မာအလုပ်သမားအတွက် ခရီးသွားလာခွင့်တရားဝင်စာရွက်စာတမ်း လုပ်ဆောင်ပေးရန်နှင့် နေရပ်မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန်အတွက် အလုပ်သမားမပြန်မချင်း အာမခံတာဝန်ယူရမည်ဟု အမိန့်ချမှတ်ခဲ့ကြောင်းဖြင့် အစိုးရအလုပ်သမားတရားရုံးတော်ရှေ့မှောက်တွင် အလုပ်ရှင်မှ ဝန်ခံကတိလက်မှတ်ရေးထိုးသွားခဲ့ရကြောင်း သိရသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရှင်ဘက်မှ ပျက်ကွက်မှုရှိခဲ့ပါက လက်ရှိမလေးရှားနိုင်ငံအစိုးရ၏ ဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ အလုပ်ရှင်ကလည်း ၎င်းဘက်က ပြီးပြတ်အောင် လုပ်ဆောင်နိုင်သော်လည်း မြန်မာတာဝန်ရှိသူများ၏ လုပ်ဆောင်မှုများ အလွန်နှေးကွေးလွန်းပြီး ကြန့်ကြာမှုရှိခဲ့သောကြောင့် ယခုကဲ့သို့ သော မြန်မာအလုပ်သမား ၃၂ ဦးမှာ အိုဗာစတေးဖြစ်သွားခဲ့ရသည်ဟု အစိုးရ အလုပ်သမားတရားရေးဌာန ရှေ့မှောက်တွင် ထုတ်ဖော်ပြောဆိုခဲ့ကြောင်း သိရသည်။

ယင်းနောက် ၎င်းကဆက်လက်၍ မြန်မာအလုပ်သမား ၃၂ ဦး၏ ပျောက်ဆုံးသွားသော ပတ်စ်ပို့စာအုပ်အသစ်များရရှိရန်အတွက် ကိုးလအထိ စောင့်ဆိုင်းခဲ့ရကြောင်း၊ ပတ်စ်ပို့စာအုပ်ကုန်ကျစရိတ်ငွေများကို ၎င်းမှကုန်ကျခံခဲ့ရကြောင်း၊ ပတ်စ်ပို့စာအုပ်အသစ် တစ်အုပ်ကို မလေး ရင်းဂစ် ၁၈၀၀၊ မြန်မာ ငွေကျပ်ခြောက်သိန်းနီးပါးအထိ ၎င်းအနေနှင့် ပေးဆောင်ခဲ့ရကြောင်းဖြင့် အစိုးရအလုပ်သမား တရားရေးဌာနသို့ ပြောဆိုသွားခဲ့သည်။

မြန်မာအလုပ်သမား အလုပ်ထုတ်ခံလိုက်ရသော ကြားနာစစ်ဆေးမှုသို့ တက်ရောက်ခဲ့သည့် မြန်မာအလုပ်သမားအဖွဲ့ MMRC မှ အထွေထွေအတွင်းရေးမှူး ကိုရန်နိုင်ထွန်းက "အလုပ်ရှင်ဘက်ကတော့ အကြောင်းပြချက်ကအဓိကက မြန်မာအလုပ်သမားတွေ ပျောက်ဆုံးတဲ့ ပတ်စ်ပို့စာအုပ်အသစ်ပြန်ရဖို့အတွက် ကိုးလအထိ စောင့်ဆိုင်းကြန့်ကြာမှုကြောင့် အခုလိုဖြစ်သွားကြောင်း၊ ယခုလည်း ပတ်စ်ပို့စာအုပ် ၃၂ အုပ် ရဖို့အတွက် သူကျခံခဲ့ကြောင်း၊ ပတ်စ်ပို့စာအုပ် ၃၂ အုပ် အခကြေး ရင်းဂစ် ၅၇၀၀၀ မြန်မာကျပ်ငွေနဲ့ဆိုရင် သိန်း ၁၇၀ လောက် ရှိတဲ့ အလုပ်ရှင်ဘက်က ကျခံရတဲ့ပုံစံမျိုးနဲ့ အစိုးရအလုပ်သမားတရားရေးဌာနမှာ အားလုံးရှေ့မှောက်မှာ ထွက်ဆိုခဲ့တာပါ"ဟု ပြောခဲ့သည်။

မြန်မာအလုပ်သမားများကလည်း အလုပ်ရှင်ဆောင်ရွက်လိုက်သော ပတ်စ်ပို့ စာအုပ်အသစ်ရရှိခြင်းနှင့် ပတ်သက်ပြီး ၎င်းတို့ဘာမှ မသိရှိကြောင်း၊ မြန်မာသံရုံးသို့လည်း မသွားလိုက်ရကြောင်း၊ ပတ်စ်ပို့ စာအုပ်အသစ်ရရှိရေး ဆောင်ရွက်ချက်များသည် အလုပ်ရှင်ဘက်ကသာ စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာအလုပ်သမားများ၏ ပတ်စ်ပို့ စာအုပ်များမှာ ပြီးခဲ့သော ၂၀၁၃ ခုနှစ်က ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ပတ်စ်ပို့ စာအုပ်အတွက် အလုပ်ရှင်အား မေးမြန်းလိုက်သော မြန်မာအလုပ်သမား မောင်အောင်ကိုဦးကို ပြီးခဲ့သည့် မေ ၁၅ ရက်က ဆိုနီစက်ရုံမှ အတင်းအဓမ္မဆွဲထုတ်မောင်းထုတ်ခံလိုက်ရခြင်းဖြစ်ကြောင်း မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားအဖွဲ့ MMRC မှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး ဦးဆောင်မှုဖြင့် ကျောင်းနေကလေးများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် အပတ်စဉ်စနေနေ့တိုင်း အခြေခံပညာစာသင်ကျောင်းများသို့ အလှည့်ကျခြင်ဆေးဖျန်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လယ်ဝေးမြို့ သီရိရတနာ မြို့မဈေးတွင် ဈေးရောင်းချသူနှင့် ဈေးဝယ်လာသူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် သီရိရတနာဈေးတာဝန်ခံ ဦးသိန်းဇော်နှင့် ဈေးဝန်ထမ်းများက တစ်ပတ်လျှင်တစ်ကြိမ် ခြင်ဆေးဖျန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ နေပြည်တော် ဒက္ခိဏသီရိမြို့တွင်ရှိသည့် ဒက္ခိဏသီရိဈေးတွင်လည်း ဈေးတာဝန်ခံ ဦးမောင်မောင်လွင်နှင့် ဝန်ထမ်းများက ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် မိုးရာသီတွင် အဖြစ်များသော ရောဂါဖြစ်ကြောင်း သိရသည်။

(၁၅၄)

ပြန်လည်စွန့်လွှတ်မြေယာများ မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

ဘုတ်ပြင်း ဇူလိုင် ၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်မြေယာများကို မူလပိုင်ရှင်တောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သပြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မြေယာအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာက စွန့်လွှတ်မြေများအား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအဆင့်ဆင့်နှင့် မြို့နယ်မြေယာအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဟန်စိုးက မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ သိသင့်သည်များကို ရှင်းလင်းပြောကြားသည်။

ဘုတ်ပြင်းမြို့နယ်အတွင်းတွင် တပ်မတော်၏ တပ်ပြင်ပမြေများ၊ ကုမ္ပဏီများ၏ သိမ်းဆည်းမြေများမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၃၇ ဒသမ ၁၃ ဧကကို ယာယီမြေယာလုပ်ပိုင်ခွင့် လက်မှတ်များအား မြို့နယ်မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ ကိုယ်စားလှယ်များက မူလပိုင်ရှင် တောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ပြန်လည်စွန့်လွှတ်မြေယာများမူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသနှင့် တောင်သူလယ်သမားများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး၊ လာမည့် မိုးရာသီအမီ အကျိုးဖြစ်ထွန်းနိုင်မည့်သီးနှံများ အချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးရည်ရွယ်ကာ လုပ်ပိုင်ခွင့်များပေးအပ်ခြင်းဖြစ်သည်။

ကျန်ရှိသည့် သိမ်းဆည်းမြေများကို ပိုင်ဆိုင်မှုအထောက်အထားအခိုင်အမာပြသနိုင်သည့် မြေပိုင်ရှင်များအား ယာယီလုပ်ပိုင်ခွင့်များ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပြီး မူလမြေပိုင်ဆိုင်မှုအထောက်အထား အခိုင်အမာမပြနိုင်သော်လည်း ရပ်မိရပ်ဖများ၏ ထောက်ခံချက်များဖြင့် လုပ်ပိုင်ခွင့်များကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အသိပညာပေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ အရည်အသွေးစီမံခန့်ခွဲမှုစနစ် Quality Management System (ISO 9001:2008) အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ အဆိုပါဝန်ကြီးဌာန ညီလာခံခန်းမ၌ ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ISO Consultant ဦးပီတာသန်းအောင်က ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားရန်

ကြော်ငြာခြင်း

၁။ ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ဆားလုပ်ငန်းဥပဒေနှင့်အညီ ၂၀၁၄-၂၀၁၅ ခုနှစ် (ဇွန် ၁ရက်မှ မေ ၃၁ရက်)အတွက် ထုတ်လုပ်ခွင့်လိုင်စင်များကို ၂၀၁၄ ခုနှစ် ဇွန် ၁ရက်မှ အောက်တိုဘာ ၃၁ရက်အတွင်း မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်သို့ လျှောက်ထားကြရန် နှိုးဆော်အပ်ပါသည်။
၂။ (၃)နှစ်လိုင်စင် ရရှိထားသူများမှာ အသစ်ပြန်လည် လျှောက်ထားရန်မလိုဘဲ လိုင်စင်ကတ်ပြားတင်ပြ၍ သက်တမ်းတိုးနိုင်သည်။
၃။ စာပိုဒ်(၁)ပါသတ်မှတ်ရက်အတွင်း လိုင်စင်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး လျှောက်ထားခြင်းနှင့်သက်တမ်းတိုးခြင်းအား ဒဏ်ကြေး(ရက်လွန်ကြေး)အဖြစ် တစ်ရက်လျှင် (၃၀၀/-)ကျပ်နှုန်းဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၄။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင် ငွေကျပ်(၄၅၀၀/-)နှုန်းဖြင့် မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် အောက်ဖော်ပြပါရုံးခွဲများနှင့် အချိန်မီ ဆက်သွယ်ရယူနိုင်ပါသည်။

ဆက်သွယ်ရယူနိုင်သည့်ရုံးခွဲများ — **လုပ်ငန်းတည်ရှိသော ပြည်နယ်/တိုင်းဒေသကြီးများ**

(က) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရုံးအမှတ်(၁၉)၊ သတ္တုတွင်းဝန်ကြီးဌာန နေပြည်တော် ဖုန်း-၀၆၇/၄၀၉၂၄၁ — နေပြည်တော်ကောင်စီနယ်မြေ
(ခ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးရုံး မြခွာညိုလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတ၊ ဖုန်း-၀၁/၄၅၀၁၈၉ — ရန်ကုန်တိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး
(ဂ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မွန်ပြည်နယ်/တနင်္သာရီတိုင်းဒေသကြီးရုံး ကမ်းနားလမ်း၊ ပန်းပဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇/၂၄၂၂၀ — မွန်ပြည်နယ်/ တနင်္သာရီတိုင်းဒေသကြီး
(ဃ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီးရုံး ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့ ဖုန်း-၀၄၂/၂၄၉၄၄ — ဧရာဝတီတိုင်းဒေသကြီး
(င) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရခိုင်ပြည်နယ်ရုံး အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့ ဖုန်း-၀၄၃/၄၆၀၁၉ — ရခိုင်ပြည်နယ်
(စ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးရုံး အိုးဘိုရပ်၊ စစ်ကိုင်းမြို့ ဖုန်း-၀၇၂/၂၁၄၆၈ — ကျန်ပြည်နယ်/ တိုင်းဒေသကြီးများ

၅။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာအပိုဒ်(၄)တွင် ဖော်ပြထားသည့်ရုံးခွဲများသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။
၆။ အသေးစိတ်သိလိုသည့် အချက်အလက်များကို အပိုဒ်(၄)တွင် ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့စီးပွားရေးဘဏ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ကရင်ပြည်နယ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁။	ကရင်ပြည်နယ်	(၁) သံတောင်ကြီးဘဏ်ခွဲအဆောက်အအုံသစ်ဆောက်လုပ်ခြင်း (၂) သံတောင်ကြီးငွေသိုလှောင်ခန်း အဆောက်အအုံသစ်ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို ၁၅-၇-၂၀၁၄ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၈-၂၀၁၄ ရက် နံနက် ၁၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - ပြည်နယ်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ကရင်ပြည်နယ်ရုံး၊ ဘားအံမြို့။
၅။ အသေးစိတ်သိရှိလိုသည့်အချက်များကို ကရင်ပြည်ရုံးဖုန်း-၀၅၈-၂၂၇၀၉၊ ၀၅၈-၂၂၇၁၀၊ ၀၅၈-၂၂၇၁၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

အမည်ပြောင်း

ဦးဇော်မင်းထွန်း၏သား ချောက်မြို့ အထက(၂) အဋ္ဌမတန်းမှ မောင်လူငြိမ်းအား မောင်ကောင်းဇင်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းဇင်ခန့်**

အမည်ပြောင်း

ဦးသိန်းစိုး၏သမီး အထက(၂) အင်းစိန်၊ ပဉ္စမတန်း(H)တွင် ပညာသင်ကြားနေသော မယွန်းမြတ်သူအား မဖြိုးသီရိဟု ပြောင်းလဲခေါ်ဆိုပါရန်။
မဖြိုးသီရိ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

ကျောက်ပန်းတောင်း ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တလိုင်းကန်ကျေးရွာအုပ်စု တလိုင်းကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၃ ရက်က ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးဒေါ်ခင်ညိုနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်စုဝင်ကျေးရွာများမှ ကျောင်းအုပ်များနှင့်ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ရပ်မိ ရပ်ဖများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားကိုမြို့နယ်ပညာရေးမှူးဒေါ်ခင်ညို၊ အထက(၂)ကျောင်းအုပ်ဆရာမကြီးဒေါ်ပြုံးရီနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောင်းဆိုင်းဘုတ်ကို မြို့နယ်ပညာရေးမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တက်ရောက်လာသူများက ကျောင်းဝင်းအတွင်း အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းခွင့်ပြုမိန့်ကို ကျောင်းအုပ်ဆရာကြီး ဦးအောင်ဌေးထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာကြီးက တက်ရောက်လာသူများထံ အထိမ်းအမှတ်လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

တလိုင်း ကန်ကျေးရွာအခြေခံပညာ မူလတန်းကျောင်းကို ၁၉၅၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် မူလတန်း (လွန်)ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ရာမှ ယခုအခါ အလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခြင်းဖြစ်ကြောင်း သိရသည်။ တလိုင်းကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းတွင် မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ၂၃၂ဦးတက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒလမြို့နယ်အတွင်း ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများကို တစ်အိမ်တက်တစ်အိမ်ဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၃ ရက်က ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက်ရှိ နေအိမ်များသို့ အိမ်အရောက် စာအုပ်ငှားရမ်းပေးခြင်းနှင့် စာကြည့်တိုက်အသင်းဝင်ကတ်များ ပြုလုပ်ပေးစဉ်။ သတင်းဓာတ်ပုံ-ဗညားမောင်မောင်

သဘာဝတောကျန်များ အချိန်မီထိန်းသိမ်းရန် နိုင်ငံတကာနည်းပညာများ ရယူပူးပေါင်းဆောင်ရွက်သင့်

မုံရွာ ဇူလိုင် ၅

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနယ်မြေအတွင်းရှိ သဘာဝတောကျန်များကို အချိန်မီထိန်းသိမ်းမှုများ မပြုလုပ်နိုင်ပါက သဲကန္တာရအသွင်သို့ ကူးပြောင်းနိုင်ဖွယ်ရှိသဖြင့် သဘာဝတောကျန်များထိန်းသိမ်းရန် နိုင်ငံတကာတွင် ဆောင်ရွက်နေသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာသတင်း အချက်အလက်၊ သုတေသနစာတမ်းများကိုရယူပြီး ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ သစ်တောများ၏ အခြေအနေမှာ တောင်ပေါ်ပိုင်းတွင်ရှိသည့်သစ်တောများသည် အတော်အသင့်ကောင်းမွန်သေးကာ နယ်မြေဒေသ၏ ၂၀ ရာခိုင်နှုန်းခန့် ဖုံးလွှမ်းလျက်ရှိနေပြီး မြေနိမ့်ပိုင်းရှိ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် ကြိုးပြင်တောများ အခြေအနေမှာ တောနိမ့် တောပျက်အသွင်သို့ ကူးပြောင်းလျက်ရှိနေသည့်အပြင် စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ တိရစ္ဆာန်များ မွေးမြူမှုများလာခြင်း၊ စားကျက်မြေဧရိယာ တိုးချဲ့လုပ်ကိုင်ခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုမှာ အခြားဒေသများထက် လျင်မြန်စွာဖြစ်ပေါ်နေကြောင်း သိရသည်။

“သဘာဝတော ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းအဖြစ် အလယ်ပိုင်းဒေသအတွင်း စုစုပေါင်းတော့ ဧက ၁ ဒသမ ၈ သန်းခန့်အနက်က ကြိုးပြင်ကာကွယ်တောနဲ့ ကြိုးဝိုင်းတောအတွင်းမှာရှိတဲ့ သဘာဝတောတွေ၊ တစ်ဧကမှာ သစ်ပင်ပါဝင်မှု အရေအတွက် အပင် ၃၀၀နဲ့အထက် ရှိနေသေးတော့ သဘာဝတောတွေ၊ ရေမြေထိန်းသိမ်းဖို့လိုအပ်နေတဲ့ သဘာဝတောတွေနဲ့ တောရိုင်းတိရစ္ဆာန်တွေအပါအဝင် ဇီဝမျိုးကွဲများ ထိန်းသိမ်းဖို့လိုအပ်တဲ့တောတွေ၊ ဘာသာသာသနာ၊ ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်တွေနဲ့ပတ်သက်ပြီးထိန်းသိမ်းဖို့လိုတဲ့တောတွေစတာတွေကို ဦးစားပေးရွေးချယ်ပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့လိုပါတယ်”ဟု အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်ထားသော အပူပိုင်းဒေသ ကြိုးဝိုင်းတောတစ်ခု။
ဓာတ်ပုံ-မျိုးဝင်းထွန်း(မုံရွာ)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၀၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ထိန်းသိမ်းထားသော ဧရိယာစာရင်းအရ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက ၁၁၀၀၀၀၊ မန္တလေးတိုင်းဒေသကြီးတွင် ဧက ၈၇၅၀၀ နှင့် မကွေးတိုင်းဒေသကြီးတွင် ၄၀၂၅၀၀ဧက စုစုပေါင်းဧက ခြောက်သိန်းကျော်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကလေးခရိုင် စာကြည့်တိုက်တွင် Public Digital Library စနစ် စတင်အသုံးပြု

ကလေး ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ပြည်သူ့စာကြည့်တိုက်တွင် Public Digital Library Service ကို ဇွန် ၄ ရက်က စတင်အသုံးပြုခွင့်ပေးထားပြီဖြစ်၍ စာဖတ်လိုသူများ အနေဖြင့် ဖတ်ရှုလိုသောစာအုပ်များကို ဖုန်း၊ Tablet, Laptop စသည့် မိုဘိုင်းပစ္စည်းများဖြင့် ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

“Public Digital Library Service စနစ်က စာအုပ်တွေဖတ်ရတာကောင်းပါတယ်၊ စာအုပ်ဆိုင်တွေမှာ၊စာကြည့်တိုက်တွေမှာ စာအုပ်သွားငှားပြီး ဖတ်ရင် ပြန်ပို့နေရဦးမယ်၊ ကိုယ်ကြိုက်တဲ့ စာအုပ်ကို Download ယူပြီး ဖတ်လိုက်ရင် ဘယ်နေရာရောက်ရောက် ဖတ်လို့ရသွားပြီ၊ ဒီစနစ်လေးက စာဖတ်ချင်သူတွေအတွက်တော့ သိပ်အဆင်ပြေပါတယ်”ဟု စာပေဝါသနာရှင် ကိုဖိုးညိုက ပြောသည်။

ကလေးခရိုင် Public Digital Library Service တွင် စာရေးဆရာကြီးများ၏ စာအုပ်များ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးစသည့် သုတရသ စာအုပ်ပေါင်း ၆၀၀၀ ကျော်ကို ထားရှိပေးထားပြီး မီတာ ၆၅၀ ပတ်လည်အတွင်း ဖတ်ရှုနိုင်ကြောင်း သိရသည်။ Public Digital Library Service မှ တစ်ဆင့် စာဖတ်ရှုလိုသူများသည် အင်တနက်ဒေတာကို ဖွင့်ရန်မလိုပဲ ဝိုင်ဖိုင်ကို ဖွင့်၍ moi-pdls.net အမည်ရှိ Hotspot ကို ချိတ်ဆက်ကာWeb Browser Address Bar တွင် moi-pdls.net ကိုရိုက်ထည့်ရုံဖြင့် ဖတ်ရှုနိုင်မည်ဖြစ်သည်။ Public Digital Library စနစ်ကို အသုံးပြုရန်အတွက် ကလေးခရိုင်ပြည်သူ့စာကြည့်တိုက်မှ ဝန်ထမ်းများကလည်း အသုံးပြုနည်းများကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သျှင်နေမင်း

ကယားပြည်နယ်အစိုးရအဖွဲ့
လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း/ပြင်ထိန်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ လမ်း/တံတားလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၇-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၇-၈-၂၀၁၄ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဤဌာနပြည်နယ်ရုံးတွင်လည်းကောင်း၊ ဖုန်း-၀၈၃-၂၁၄၉၄သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်(၁၃၆)က/ဆုထူးပန် (၁) လမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဦးဘအေး၏သား ဦးမောင်မောင် EF -၀၁၇၆၉၆နှင့် ဦးဒူရာရှစ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်မောင်(ခ)ဦးဒူရာရှစ်

အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဦးတင်ဝင်း၏သမီး မင်္ဂလာဒုံမြို့နယ် အထက (၅) တက္ကသိုလ်ဝင်တန်း(C)တွင် ပညာသင်ကြားနေသော မမာလာဝင်းအား မမိမိခိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် မမိမိခိုင်၏မွေးသက္ကရာဇ်အမှန်မှာ ၄-၄-၁၉၉၉ ခုနှစ်ဖြစ်ပါသည်။

မမိမိခိုင်(၄-၄-၁၉၉၉)

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ၊ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
စက်မှုလုပ်ငန်းသုံးပစ္စည်း၊ သတ္တုထည့်အိတ်ခွံနှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့် ဆေးဝါးပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်း၊ ရုံးအသုံးအဆောင်/ဧည့်ရိပ်သာသုံးပစ္စည်းများနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးစာရေးကိရိယာပစ္စည်းများ၊ Computer/ Printer/Copier/Fax တို့၏ ဆက်စပ်ပစ္စည်းများ။
၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၇-၇-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်ရက်** - ၄-၈-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ နယ်စီမံကိန်း/ရုံးခွဲများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
(က) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၁၉)နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ) နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး(ပျဉ်းမနား၊ ပုဗ္ဗသီရိမြို့နယ်) ဖုန်း- ၀၆၇-၂၂၁၂၆
(ဂ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၀၂၉
(ဃ) အထွေထွေမန်နေဂျာ(တနင်္သာရီတိုင်းဒေသကြီး)ရုံး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၁၀၀
(င) ဒု-အထွေထွေမန်နေဂျာ(တနင်္သာရီတိုင်းဒေသကြီး)ရုံး၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၂၂၉၄
(စ) အထွေထွေမန်နေဂျာရုံး(ကယား၊ ရှမ်း၊ မန်း)၊ မန္တလေးမြို့၊ ဖုန်း-၀၂-၅၉၈၇၅
(ဆ) ကယားပြည်နယ်၊ မော်ချီးသတ္တုတွင်းစီမံကိန်း၊ လွိုင်ကော်ရုံးခွဲ၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၇၆
(ဇ) စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းစီမံကိန်းရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၉၇၀
(ဈ) အထွေထွေမန်နေဂျာရုံး(ကချင်ပြည်နယ်)၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၆၃၀၄

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁

ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ၂၄ ခန်းတွဲ ၁၈ ထပ် အဆောက်အအုံများတည်ဆောက်ရာ၌ ပထမအဆင့် ဦးစားပေးဆောင်ရွက်နေသော အဆောက်အအုံ ၂၀ လုံးအတွက် Precast Panel များတွင် ပူးတွဲတပ်ဆင်ရန် UPVC door and Window Frame တံခါးချပ်များ တပ်ဆင်ဆောင်ရွက်မည့် လုပ်ငန်းတွင်အသုံးပြုရန် door and window များကို ပေးသွင်းနိုင်သည့် ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၄ ခုနှစ် ဇူလိုင် ၇ရက်
တင်ဒါပိတ်မည့်ရက် - ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းရုံး၊ အမှတ်(၆၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့် အမက(၃)ကျောင်းလမ်းထောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဖုန်း-၀၁-၅၉၀၀၈၈၊ ၀၁-၈၁၀၀၇၁၅

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၇၈၉၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/5909 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဂုံရှမ်းဘာသာ ပိဋကတ်သုံးပုံကျောက်စာတိုင် စိုက်ထူ

တာချီလိတ် ဇူလိုင် ၅

မိုင်းလားမြို့ အထူးဒေသ(၄)တွင် ဒေသသုံး ဂုံရှမ်းဘာသာဖြင့် ပိဋကတ်သုံးပုံ ကျောက်စာတိုင်ငါးချပ် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မိုင်းလားမြို့ ရွှေတိဂုံရင်ပြင်တော်ရှိ သာသနာ့ ဗိမာန်တော်၌ ဇူလိုင် ၂ ရက်က ကျင်းပသည်။

ကျောက်စာတိုင်စိုက်ထူမှုအတွက် တာချီလိတ်မြို့ နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဓမ္မသီရိနှင့် တပည့်ဒါယကာ မိုင်းလားမြို့ အထူးဒေသ(၄)ဗဟိုသာသနာရေး ဦးစီးဌာန ဥက္ကဋ္ဌ ဦးစိုင်းတစ် ခေါင်းဆောင်သော အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

အခမ်းအနားတွင် နဂါးနှစ်ကောင် ကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ဒေသသုံး ဂုံရှမ်းဘာသာဖြင့် ရေးထိုးထားသော ပိဋကတ်တော်ကျောက်စာတိုင်များကို စိုက်ထူကြပြီးနောက် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရွှေစေတီကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ကြီးက အနုမောဒနာတရားချီးမြှင့်ပေးခဲ့သည်။

ကျောက်စာတိုင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားသို့ မိုင်းဖုန်း(က) ကျေးရွာအုပ်စု ပါဆာကျေးရွာရှိ လွန်လိန်းစေတီကျောင်းတိုက်မှ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တ ဉာဏသံဝရ၊ မိုင်းလားမြို့ ရွှေစေတီကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဦးအာနန္ဒ အမှူးပြုသော ဆရာတော်လေးပါး၊ မိုင်းလားမြို့ အထူးဒေသ(၄) ဗဟိုသာသနာရေးဦးစီးဌာန ဥက္ကဋ္ဌ ဦးစိုင်းတစ်နှင့် ဦးစီးအဖွဲ့ဝင်ကိုးဦး၊ တာချီလိတ်စစ်ဗျူဟာ (အခြေချ)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

သတင်းတိုများ

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက်တွင် ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မုံရွာမြို့နယ်လဝကဦးစီးမှူး ဦးဝင်းလွင်၊ မုံရွာတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများက စစ်ဆေးပြုလုပ်ပေးခဲ့ရာ ဇွန် ၂၇ နှင့် ၂၈ နှစ်ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ် ၂၀၅ ခုကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

နေလင်းအောင်(မုံရွာ)

တရားမဝင်သစ်များ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် မေ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ နှစ်လအတွင်း တရားမဝင်သယ်ဆောင်လာသော သစ် ၄၀ ဒသမ ၈၁၃၈ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့ သစ်တောဦးစီးဌာနမှ ဇူလိုင် ၃ရက်က ပြောကြားချက်အရ သိရသည်။ ဖမ်းဆီးရမိသော သစ်အမျိုးအစားများမှာ တမလန်းနှင့် ကျွန်းသစ်များဖြစ်ပြီး အမှုများမှ ပြစ်မှုကျူးလွန်သူ ငါးဦးနှင့် ယာဉ် ခုနစ်စီး ဖမ်းဆီးရမိကြောင်း ကျောက်မြောင်း မြို့နယ်ခွဲ သစ်တောဦးစီးဌာနမှ သိရသည်။

(မြို့နယ်ခွဲ ပြန်/ဆက်)

ဘုတလင်တွင် စပါးစိုက်ခင်း ကွင်းသရုပ်ပြ

မုံရွာခရိုင် ဘုတလင်မြို့နယ် ထန်းတောကျေးရွာအုပ်စုတွင် ဗီယက်နမ်စပါးမျိုးစိုက်ခင်း မျိုးကွဲနှုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲကို ဇွန် ၂၇ ရက်က ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက အထွက်ကောင်းသည့်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် GAP စနစ်လိုက်နာကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြီး ခရိုင်မျိုးစေ့တာဝန်ခံမှ မျိုးစေ့ထုတ်လုပ်နည်းများကို ရှင်းလင်းပြသကာ ဝန်ထမ်းများက မျိုးကွဲနှုတ်ပယ်ခြင်းကို လက်တွေ့ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွန်းဝဿန်

တုပ်ကွေးနှင့်ငှက်ဖျားကာကွယ်ရေး ဟောပြော

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စံပြရပ်ကွက် စံပြသာယာ မူလတန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ဇူလိုင် ၂ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး ဆရာဝန် ဒေါက်တာနှင်းလွင်လွင်ဦးက သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ရပ်ကွက်အတွင်းရှိ အိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးစိမ်ခြင်ထောင်သုံးစွဲခြင်းအတွက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးအသင်းဝင်များက မြို့နယ်ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ လိုက်လံလုပ်ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

စိန်တိုး(ကွမ်းခြံကုန်း)

သထုံကျေးလက်များတွင် နံရံကပ်စာစင်များတိုးချဲ့

သထုံ ဇူလိုင် ၅

နံရံကပ်စာစင် Mini Book Corner များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လိုက်လံတပ်ဆင်ပေးလျက်ရှိရာ လယ်ယာလုပ်ငန်းခွင်များတွင် အချိန်ကုန်နေကြရသော ကျေးလက်တောင်သူများ စာပေဗဟုသုတများ ဖတ်ရှုခွင့် ပိုမိုရရှိလာကြောင်း သိရသည်။

"အခု လာထားပေးတဲ့စာအုပ်တွေက ကျေးရွာပြည်သူတွေကို စာဖတ်တဲ့ အလေ့အကျင့်လည်း ဖြစ်လာစေပြီး စာဖတ်ချင်စိတ်ရှိသူတွေကိုလည်း အဆင်ပြေစေပါတယ်။ ကျွန်တော်တို့ရွာမှာက စာဖတ်ချင်တာတောင် စာအုပ်အငှားဆိုင်လည်း မရှိဘူး။ စာအုပ်တွေကို ဖတ်ပြီးရင် နေရာမှာပြန်ထားဖို့တော့ ကျွန်တော်တို့က တတ်နိုင်သလောက်စည်းရုံးမှာပါ"ဟု တောစွန်းကျေးရွာမှ ရပ်မိရပ်ဖ ဦးမြင့်အေးက ပြောသည်။

"Mini Book Corner တွေကို အရင်က မြို့ပေါ်လူစည်တဲ့နေရာတွေမှာ ထားပါတယ်။ ဒါပေမယ့် မြို့မှာက စာပေဗဟုသုတတွေ ရှာဖွေဖို့လွယ်ကူပြီး ကျေးလက်ဒေသတွေက ပိုခက်ခဲတယ်။ ဒါကြောင့် ကျွန်မတို့ဌာနက ပြည်သူတွေကိုဝန်ဆောင်မှုပေးတဲ့ အနေနဲ့ မြို့ပေါ်က ဖတ်ရှုသူနည်းတဲ့ နေရာတွေကို

ဖြုတ်ပြီး အခုလိုကျေးလက်ဒေသတွေ အရောက်ဆောင်ရွက်ပေးတာပါ၊ လစဉ်စာအုပ်အသစ်တွေကိုလည်း ဖြည့်တင်းပေးသွားဖို့ စီစဉ်ထားပါတယ်"ဟု မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သူဇာအောင်က ပြောသည်။

Mini Book Corner များမှာ သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာစဉ် ၁၃ မျိုးပါသော နံရံကပ် စာအုပ်ထည့်အိတ်ငယ်များဖြစ်ပြီး သထုံမြို့နယ်အတွင်း မြို့ပေါ်တွင် ၁၈ ခု၊ ကျေးရွာပေါင်း ၃၀ တွင် ၃၀ စုစုပေါင်း ၄၈ ခုကို ထားရှိပြီး ဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး ဟောပြော

ယင်းမာပင် ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ယင်းမာပင်ခရိုင် ဥပဒေရုံးမှ ခရိုင်ဥပဒေအရာရှိ ဦးတင့်ငွေက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဇော်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ထန်းတောကြီးကျေးရွာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်		တင်ဒါအမှတ်
(က)	Alloy Wheel with Valve Pin, Valve Guide and Valve Cap	35	Nos	HIE-1/P/001
(ခ)	Chemicals	8	Items	HIE-1/P/002
(ဂ)	Gas	6	Items	HIE-1/P/003
(ဃ)	Oil&Lubricant	4	Items	HIE-1/P/004
(င)	Methylated Spirit	1400	Gals	HIE-1/P/005
(စ)	Paint&Other	12	Items	HIE-1/P/006

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၇-၇-၂၀၁၄ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်းအောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-
၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၁၈-၇-၂၀၁၄ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈/U-9၊ လူနေရပ်ကွက်အမှတ် အဆင့်မြင့်၊ မြေကွက်အမှတ် ၄၈၄၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ အကျယ်ပေ (၆၈×၉၅)၊ နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ်၄၈၄၊ အောင်ဇေယျာလမ်း၊ ၄၈/U-9ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ကြည်ကြည်ဝင်း ၁၂/ဗဟန(နိုင်)၀၃၁၀၃၅ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကောင်းမြတ်ဇော် အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)
ဦးသန့်ဇော် တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)
အမှတ် ၄၆၊ ပထမထပ်၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမြန်ပြန်လာပါ

ကိုရှိုးတီယား
မိသားစုဝင်များနှင့်အမြန်ဆုံး ဆက်သွယ်ပါ။
ဖုန်း-၀၁-၂၂၆၄၈၂၊
၀၉-၅၁၈၈၂၃၅
၀၉-၇၃၇၃၀၇၃၀
ကိုစိန်ဝမ်း(ခ)ကိုစိန်သိုက်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ မြေကွက်/ဦးပိုင်အမှတ် ၁၃၄၁၊ ၁၃၄၂^{A}၊ ၁၃၄၂^{B}၊ ၁၃၄၃^{A}၊ ၁၃၄၃^{B}၊ ၁၃၄၆^{A}၊ ၁၃၄၆^{B}၊ ၁၃၄၇^{A}၊ ၁၃၄၇^{B}၊ ၁၃၄၈၊ ဧရိယာ ၀ ဒသမ ၅၅၀ဧက ဦးစိုးတင့်အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား အာရသတ္တုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး အငှားဂရန်မြေကွက် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ၊ မြေကွက်အမှတ် ၇၆၁၊ အမည်ပေါက် ဒေါ်အေးရီ ပါ (၃)၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သီတာ ၁၂/မရက(နိုင်)၀၉၀၂၈၇မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၁ခ/၈၄၇၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သောင်ကြီးမြောက်(၁၁)ရပ်ကွက်၊ သပြေလမ်း၊ အမှတ် ၄၇၀က အလျားပေ ၂၀×အနံပေ ၆၀ မြေချပါမစ်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းမြင့် ၁၂/အစန(နိုင်)၀၈၄၁၀၆ထံမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် အောက်ပါလိပ်စာအတိုင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်စန်းစန်းအေး ၁၂/လမန(နိုင်)၀၄၈၈၂၈
အမှတ် (၄၀)၊ အုတ်ကျင်းဘုတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ပဋ္ဌာန်းဘုရားပူဇော်နိုင်ရန်တိုက်တွန်းနှိုးဆော်လွှာ

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဝိုင်းအတွင်းရှိ မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၌ ဝါဆိုဝါကပ်တော်မူမည့် သံဃာတော်အရှင်မြတ်တို့က ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဘုရားရှင်ဟောကြားထားသော ဒေသနာတော်တို့တွင် အမြတ်ဆုံးဖြစ်သော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို ရွတ်ဖတ်ပူဇော်မည်ဖြစ်ပါ၍ မိမိတို့နေအိမ်၊ ကုမ္ပဏီ၊ ရုံးခန်း၊ ဆိုင်ခန်းတို့၌ အန္တရာယ်ကင်းပျောက်ချမ်းသာရောက်၍ စီးပွားလာဘ်လာဘတိုးတက်အောင်မြင်စေရန်ရည်ရွယ်ပြီး ကိုးကွယ်တော်မူမည့် ဘုရားဆင်းတုတော်မြတ်များအား အမြတ်ဆုံးပဋ္ဌာန်းဖြင့် ထုံမွှမ်းသိဒ္ဓိတင်နိုင်ရန် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများအား ၂၇-၆-၂၀၁၄ ရက်မှ ၁၀-၇-၂၀၁၄ ရက် နောက်ဆုံးထား၍ အထက်ပါကျောင်းတိုက်သို့ ပင့်ဆောင်ပို့နိုင်ပါကြောင်း မေတ္တာရှေ့ထား၍ အသိပေးနှိုးဆော်လိုက်ပါသည်။

ပဋ္ဌာန်းဘုရားပူဇော်ဖြစ်မြောက်ရေးအဖွဲ့

ဖုန်း-၀၁-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇

ရခိုင်ပြည်နယ်ဓမ္မာရုံ (ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့မှကြီးမှူး၍ ရန်ကုန်မြို့ရှိ ရခိုင်လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ မြို့နယ်အသင်းများနှင့်အခြားအလှူရှင်များ စုပေါင်းကျင်းပမည်။ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သိန်းတစ်ထောင် ငွေပဒေသာပင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားတို့ကို ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက်၊ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ရခိုင်သူ၊ ရခိုင်သားများနှင့် အခြားအလှူရှင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ကျွန်တော် ကျွန်မတို့သည် သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်နိုင်ရန်စိတ်ရည်သန်၍ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကိန်းဝပ်စံပယ်တော်မူကြသော အင်းလေးဖောင်တော်ဦး(ရင်ငွေ့လှုံ)ဗုဒ္ဓရုပ်ပွားတော်မြတ်များကို စံကျောင်းတော်သို့ ပြည်လည်ပင့်ဆောင်ပူဇော်ခြင်း၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေမင်းဝန်တောရ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်တို့မှ ယခုနှစ်ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ)နှင့် တပည့်သံဃာအပါး ၂၀၀ ကျော်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီးစာအောင်သံဃာတော်များအား ဂုဏ်ပြုချီးမြှင့်ပူဇော်လိုပါသောကြောင့် တစ်ဖက်ပါ အစီအစဉ်အတိုင်း ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၆ခုနှစ် ဝါဆိုလပြည့်(၁၁-၇-၂၀၁၄ရက်) သောကြာနေ့

အချိန် - နံနက် ၉း၀၀ နာရီတွင် ဗုဒ္ဓရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ခြင်း။

နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကျွေးမွေးဧည့်ခံခြင်း

သာသနာနုဂ္ဂဟအကျိုးတော်ဆောင်အဖွဲ့

ဖုန်း-၀၁-၆၃၈၀၈၇၊ ၉၆၉၉၁၆၃၊ ၀၉-၅၀၁၁၂၇၉

မင်းဘူးအသင်း (ရန်ကုန်)
(၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲပါဝင်ရန် ဖိတ်ကြားခြင်း

မင်းဘူးအသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကုန်သွယ်/လယ်ယာဓမ္မာရုံတွင် ၂၀၁၄ခုနှစ် ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သဖြင့် မင်းဘူးအသင်း(ရန်ကုန်)၏ အသင်းဝင်များ၊ အသင်းမဝင်ရသေးသော မြို့နယ်သူ မြို့နယ်သားများ အခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ပါဝင်လှူဒါန်းလိုသူများ ဗိုလ်မှူးသိန်းနိုင်(ငြိမ်း) ဖုန်း-၀၉-၇၃၀၀၇၀၇၁၊ ဦးဝင်းမောင် ဖုန်း-၀၁-၆၄၄၅၀၇၊ ဒေါ်ခင်စိန်ဝင်း ဖုန်း-၀၁- ၅၆၀၆၁၁၊ တက္ကသိုလ်စိန်တင် ဖုန်း-၀၉-၅၀၀၈၈၆၄၊ ဦးကျော်သီဟ ဖုန်း-၀၉- ၂၁၃၅၇၁၇၄ တို့သို့ ဆက်သွယ်အကြောင်းပါရန်။

အမှုဆောင်အဖွဲ့၊ မင်းဘူးအသင်း(ရန်ကုန်)

တောင်ငူ (G.T.I) ကန်ရိုး၏ 1st Batch နှင့် 2nd မှ သူငယ်ချင်းများ၏ မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

သူငယ်ချင်းတို့....

တောင်ငူ G.T.I ကြီးမှာ အရင်ဆုံးစတင်တက်ရောက်ခဲ့ကြရတဲ့ တို့တွေဟာ အခုဆိုရင် (၂၉)နှစ်တောင်ကြာခဲ့ပြီ။ မတွေ့ရတာကြာပြီဖြစ်တဲ့ တို့သူငယ်ချင်းတွေ ပြန်လည်တွေ့ဆုံကြမယ်လေ...

သူငယ်ချင်းတို့ရဲ့ စီးပွားရေး၊ လူမှုရေးတွေအချင်းချင်းဖလှယ်ကြရင်း ပျော်ရွှင်စွာတွေ့ဆုံကြရအောင်။ လာဖြစ်အောင်တော့ လာခဲ့စေချင်တယ်။

နေ့ရက် - ၂၀-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီ

နေရာ - KKS စားသောက်ဆိုင်(ရွှေရှမ်းကန်စားသောက်ဆိုင်ဝင်းအတွင်း) အင်းလျားလမ်း

ဆက်သွယ်ရန်- ဦးဝင်းဦး ဖုန်း-၀၉-၅၁၂၅၄၂၀၊ ကိုနိုင်မင်းသူ ဖုန်း-၀၉-၅၀၅၉၉၈၉၊ ကိုမင်းဇော် ၀၉-၅၁၁၆၃၁၃၊ ကိုသန့်ဇော် ဖုန်း-၀၉-၅၁၃၈၃၆၉၊ မမာမာနွယ် ဖုန်း-၄၄၈၀၀၀၁၉၃၊ မခင်မာလာထွန်း ဖုန်း-၀၉-၅၁၆၁၂၃၄

ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်
(၂၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန-နာယကဆရာတော်အမှူးရှိသော စာချစာသင်သံဃာတော်များနှင့် ပင့်သံဃာအရှင်မြတ်တို့အား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲအခမ်းအနားကို (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက်) ၁၃-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လိုသူများသည် ဆွမ်းစရိတ်အပါအဝင် သင်္ကန်းတစ်စုံလျှင် ၅၀၀၀ိ/- (ကျပ်ငါးထောင်)နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့

ဖုန်း-၀၁-၅၇၈၄၂၉

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၇၃/၁၀၊ ဧရိယာ ၀ ဒသမ ၀၄၂၈ဧက၊ မြေကွက်တည်နေရာအမှတ် ၄၄/၄၆၊ အောင်သစ္စာလမ်း၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် အစိုးရမြေအား ၁၉၇၉ ခုနှစ်က လှိုင်မြို့နယ် ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသောကတိခံဝန်ချက်တင်ပြ၍ မြေကွက်ရရှိသူ ဒေါ်မရှင်၏သားဖြစ်သူ ဦးဝင်းမောင်ထံမှလည်းကောင်း၊ မြေကွက်ရရှိသူ ဦးစောမောင်ထံမှ လည်းကောင်းဝယ်ယူထားသူ ဒေါ်မီမီ ၁၂/ကမရ(နိုင်)၀၄၇၃၂၄က အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အရ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနှစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-ဘီ[၂]၊ လူနေရပ်ကွက်အမှတ် S-၇၅၊ မြေကွက်အမှတ် ၈၂၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိသော နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၉၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သော မြေနှင့်အိမ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ ဒေါ်စန်းစန်းရီ ၁၂/မဂတ(နိုင်)၀၇၆၇၁၁ထံမှ ကျွန်ုပ် တို့၏အမှုသည်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ နှစ် ၆၀ဂရန်မြေ/အိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ညွှန့် ၁၇၀၁၊ ဒေါ်ရီရီတင် (၁၉၉၅)၊

တရားလွှတ်တော်ရှေ့နေများ

ရုံးခန်း(၁)၊ အမှတ် ၅၅၊ တတိယထပ်၊	**ရုံးခန်း(၂)၊ အမှတ် ၉၀ မြေညီ၊**
မဟာဗန္ဓုလပန်းခြံလမ်း၊	**လမ်း ၄၀၊**
ကျောက်တံတားမြို့နယ်၊	**ကျောက်တံတားမြို့နယ်၊**

ဖုန်း-၀၁-၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊ ၇၃၀၀၉၆၄၄

Ming Leung International Co.,Ltd. နှင့် Mr.Chan Kai Ming (ဖူမန်လုံစားသောက်ဆိုင်)နှင့် အများသိစေရန်ကြေညာချက်

San Shwe Services Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ San Shwe Services Co.,Ltd. မှ နှစ်ရှည်ငှားရမ်းခွင့်ရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး ဘုရားလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့်၊ အမှတ် -၁၀၂ တွင်တည်ရှိသော နဝဒေးရုပ်ရှင်ဝင်းအရှေ့ဘက်ခြမ်း မြေဧရိယာအတွင်းရှိ အကျယ်အဝန်း ပေ (၄၀×၆၀)တစ်ထပ်အဆောက်အအုံတစ်လုံးကို ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ လူကြီးမင်းတို့ Mingleung International Co.,Ltd. (ဖူမန်လုံစားသောက်ဆိုင်)သို့ ၁၆-၁-၂၀၀၃ရက်တွင် အငှားစာချုပ်ချုပ်ဆို၍သော်လည်းကောင်း၊ မြေညီထပ်အကျယ်အဝန်းပေ(၁၀၀×၁၀၀)နှင့် ပထမထပ်အကျယ်အဝန်းပေ(၆၀×၆၀)တို့ပါဝင်သော အထပ်နှစ်ထပ်ပါအဆောက်အအုံတစ်လုံးကို ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ လူကြီးမင်းတို့ Ming Leung International Co.,Ltd. (ဖူမန်လုံစားသောက်ဆိုင်)သို့ ၂၂-၁-၂၀၀၃ရက်တွင် အငှားစာချုပ်ချုပ်ဆို၍သော်လည်းကောင်း၊ အငှားချထားသည့်စာချုပ်များချုပ်ဆို၍ (၁၀)နှစ်တိတိငှားရမ်းခဲ့ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီတို့ ချုပ်ဆိုထားသောစာချုပ်များမှာ ၂၈-၂-၂၀၁၃ရက်နှင့် ၃၀-၄-၂၀၁၃ရက်များတွင် ငှားရမ်းသည့် စာချုပ်သက်တမ်းများပြည့်ခဲ့ပြီး၊ ထပ်မံငှားရမ်းခြင်းမပြုတော့ကြောင်းကို လူကြီးမင်းတို့အားအကြိမ်ကြိမ် အကြောင်းကြားစာများပေးပို့ပြီးဖြစ်သည်ကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။

San Shwe Services Co.,Ltd. မှ Ming Leung International Co.,Ltd. (ဖူမန်လုံစားသောက်ဆိုင်) ဖယ်ရှားနိုင်ရန်အတွက် စာနာနားလည်စွာဖြင့် အချိန်နှင့်အခွင့်အရေးများပေး၍ စောင့်ဆိုင်းခဲ့ပါသည်။

ထိုသို့ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ ဆက်လက်ငှားရမ်းခြင်းမပြုတော့ကြောင်းကို လူကြီးမင်းတို့ထံသို့ အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းတို့မှ အငှားချထားသည့် မြေနှင့်အဆောက်အအုံများပေါ်မှ ယနေ့တိုင် ဖယ်ရှားခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ ယနေ့တိုင်ဖယ်ရှားခြင်းမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏အကျိုးစီးပွား များစွာထိခိုက်နစ်နာမှု ဖြစ်စေပါသည်။

ထိုသို့ကျွန်ုပ်မိတ်ဆွေကုမ္ပဏီမှ ဆက်လက်ငှားရမ်းခြင်းမပြုတော့ကြောင်းကို လူကြီးမင်းတို့ထံသို့ အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းတို့မှ ဖော်ပြပါအငှားချထားသည့် မြေနှင့်အဆောက်အအုံပေါ်မှာ ယနေ့တိုင် ဖယ်ရှားခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေခြင်းမှာ ကျွန်ုပ်မိတ်ဆွေ၏အကျိုးကို ဆန့်ကျင်လက်ရှိနေထိုင် ဆက်လက်လုပ်ကိုင်နေခြင်းသာဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေအငှားချထားသော မြေနှင့်အဆောက်အအုံများပေါ်မှ အမြန်ဆုံးဖယ်ရှားပေးရန် လေးလေးနက်နက် တောင်းဆိုလိုက်ပါသည်။

အကယ်၍ Ming Leung International Co., Ltd.၊ Mr.Chan Kai Ming (ဖူမန်လုံစားသောက်ဆိုင်)နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများကို ဖယ်ရှားခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညွှန့်ညွှန့်အေး

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၇၅)

AEC Myanmar Consultant Services Co.,Ltd.

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

အထက(၂)ဗဟန်း(နန်ယန်)
နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်ပွဲနှင့် ဒသမအကြိမ်အာစရိယပူဇော်ပွဲအခမ်းအနား

နေရာ - အထက (၂) ဗဟန်း (ကျောင်းဝင်း)
နေ့ရက် - ၂၇-၁၂-၂၀၁၄ရက် (စနေနေ့)၊
၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ

နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အနေဖြင့် မဂ္ဂဇင်းစာအုပ်ထုတ်ဝေမည်ဖြစ်ပါ၍ စာမူများအား ဆရာ / ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် ၁၅-၇-၂၀၁၄ရက်မှ ၁၅-၉-၂၀၁၄ရက်အထိ အထက (၂) ဗဟန်း (ကျောင်းသား/ကျောင်းသူဟောင်းရုံးခန်း)၌ လာရောက်ပေးပို့နိုင်ပါကြောင်းနှင့် သိလိုသည်များရှိပါက အောက်ပါဖုန်းနံပါတ်အား ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရုံးဖုန်း-၀၉-၃၀၀၅၁၆၆၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇

ဦးမိုးကျော် **နှင့်** ၁။ ဒေါ်နီနီငြိမ်း
၂။ ဒေါ်ကြည်ကြည်ငြိမ်း
၃။ ဒေါ်တင်မြိုင်
၄။ ဦးဗိုလ်နိုင်ဝမ်း

တရားလို **တရားပြိုင်များ**

ဒေါ်နီနီငြိမ်း(ယခုနေရပ်လိပ်စာမသိ)၊ ဒေါ်ကြည်ကြည်ငြိမ်း အမှတ် ၆၅၊ မောင်းမကန်ကမ်းသာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (ယခုနေရပ်မသိ)၊ ဒေါ်တင်မြိုင် တိုက် ၃၂၊ အခန်း ၃၀၁၊ ကုန်းဘောင်လမ်း၊ အောင်ဇေယျအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ယခုနေရပ်မသိ)၊ ဦးဗိုလ်နိုင်ဝမ်း အမှတ် ၉၁၊ နီလာလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမိုးကျော်က ပဋိညာဉ်ပါအတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၇ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇူလိုင် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

(အောင်ဇေလွင်)
မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီးရုံး
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇

ဒေါ်အေးငြိမ်းငြိမ်းဖြိုး **နှင့်** ဒေါ်အေးငြိမ်း(ခ)ဒေါ်အေးအေးမော်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ် ၁၀၄၅/ခ နေ ဒေါ်အေးငြိမ်း(ခ)ဒေါ်အေးအေးမော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးငြိမ်းငြိမ်းဖြိုးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၄ ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်စိုးခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စပယ် ၄ လမ်း၊ အမှတ် ၅၈၂ ဟုခေါ်တွင်သော (၁၂ ၁/၂ ပေ×၄၈ပေ)ရှိ (ဒါဘာ)တိုက်ခန်း (မျက်နှာမူလျှင် ယာဘက်ခန်းတိုက်ခန်း)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ် မြတ်လေးနွယ်လမ်း၊ တိုက်အမှတ် ၁၉၆၊ (၁၁ ၁/၂ ပေ×၄၇ပေ)ရှိသော (ဒါဘာ)ဘယ်ဘက်ခန်းသည် ဦးတင်ရွှေ(ဘ)ဦးအီစမာအင် ၁၂/ကတတ(နိုင်)၀၂၂၉၄၀(ဇနီး)ဒေါ်သန်းသန်းအေး(ဘ)ဦးဆလာဂျူဟတ် ၁၂/ပဘတ(နိုင်)၀၁၈၀၃၇၊ (သား)မောင်ဟန်မင်းအောင်သည်သာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါကြောင်း အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း၊ အထူးကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း တစ်စုံတစ်ယောက်ကိုမျှ လုပ်ပိုင်ခွင့်လွှဲပြောင်းပေးအပ်ထားခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ရွှေ-ဒေါ်သန်းသန်းအေး
ဖုန်း-၂၅၀၀၂၀၀၈၆၊ ၀၉-၄၂၀၂၉၃၃၈၆

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၉-ဝါးတစ်ရာစက်မှုဇုန်)၊ စက်မှုမြေကွက်အမှတ် ၃၄၈၊ ဧရိယာခန့်မှန်းခြေ ၁ ဒသမ ၅၂၉၆ ဧက၊ စက်မှုမြေကွက်အမှတ် ၃၄၉၊ ဧရိယာခန့်မှန်းခြေ ၁ဒသမ ၅၅၃ဧက၊ စက်မှုမြေကွက်အမှတ် ၃၅၀၊ ဧရိယာခန့်မှန်းခြေ ၁ ဒသမ ၅၁၁ ဧကရှိ ဒေါ်နီနီသန်းနှင့်ဒေါ်နီနီဆွေပါမစ်အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်မျိုးလင်း ၁၂/လမတ(နိုင်)၀၂၅၅၉၄ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုချက်အရ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်သုံးကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်လှ B.A, B.L,DIR, DMA
(နိုတြီပဗ္ဗလစ်နှင့်တရားလွှတ်တော်ရှေ့နေ)(စဉ်-၉၂၃)
ဒေါ်ချိုချိုဝင်း LL.B.,DBL(တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၉၁၂)
အမှတ် ၅၀၊ အခန်း(A-၂၀)၊ ပထမထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၁၃၂၊ ၀၉-၅၀၃၃၁၉၂

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇၀)၊ မြေကွက်အမှတ် (၁၈၆)၊ အလျားပေ၄၀×အနံပေ ၆၀ ရှိ ဦးအုန်းရွှေအမည်ပေါက် ပါမစ်မြေကွက်အနက်မှ အလျားပေ ၂၀×အနံပေ ၆၀ (ထောင့်ကွက်မြေပိုပါ)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၈၆၊ နဝဒေးလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအုန်းရွှေ၏သားများဖြစ်သော ဦးအေးကြိုင် ၁၂/လမန(နိုင်)၀၆၄၇၁၆၊ ဦးမြင့်အောင် ၁၂/လမန(နိုင်)၀၁၉၇၁၄တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အိမ်နှင့်မြေအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်လှ B.A, B.L, DIR, DMA
(နိုတြီပဗ္ဗလစ်နှင့်တရားလွှတ်တော်ရှေ့နေ)(စဉ်-၉၂၃)
ဒေါ်ချိုချိုဝင်း LL.B.,DBL (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၉၁၂)
အမှတ် ၅၀၊ အခန်း (A -၂၀)၊ ပထမထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၁၃၂၊ ၀၉-၅၀၃၃၁၉၂

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အမာ (မကွေးမြို့)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန် ၅လမ်း၊ တိုက် ၁၁၊ အခန်း ၂၀၂နေ (ဦးဖိုးမြိုင်-ဒေါ်မြခင်)တို့၏သမီး၊ (ဦးတင်လှိုင်)၏ဇနီး၊ [ဦးစိန်ဝင်း(ရွှေတောင်မြို့)]၏ညီမ၊ ဦးမြင့်ခိုင်(အမေရိကန်သံရုံး)-ဒေါ်တင်တင်ဝင်း၊ ဒေါ်အေးအေးမာ(ဌာနမှူး၊ စီမံ၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)၊ ဦးဝင်းနိုင်(ကျောက်မျက်)-ဒေါ်ရှိန်းရှိန်း(အောင်တံခွန်ပွဲရုံ)၊ ဦးကြည်ဝင်းလှိုင်-ဒေါ်ခင်နီလာအောင်(ကလေးမြို့)၊ ဦးသိန်းတိုး (STAI Co., Ltd.) - ဒေါ်နန်းလွင်မိုး(ရွှေသဇင်)၊ ဦးဇော်မျိုးလှိုင်(Unilever)-ဒေါ်နီမာဝင်းမြင့်(ခက်ခက်)၊ ဦးမျိုးမင်းကြည်(MTM Shipping)-ဒေါ်နီလာလှိုင်တို့၏မိခင်၊ မအေးချမ်းမိုး၊ မခင်ဖြိုးစုလှိုင်၊ မောင်ဖြိုးသုတလှိုင်၊ မောင်မျိုးသက်ပိုင်၊မသီရိခက်ဇော်တို့၏ဘွားဘွားကြီးသည် ၄-၇-၂၀၁၄ရက်(သောကြာနေ့) နံနက် ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကျန်ရစ်သောရုပ်ကလာပ်ကို ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်း၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်းစူး၍ ၈-၇-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ကြည်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ ဦးအောင်ထွန်း-ဒေါ်အေးအေးနွဲ့၊ ဦးမျိုးမြင့်၊ ဒေါ်လှအေးမြင့်၊ ဦးအောင်သိန်း-ဒေါ်ခင်မြင့်ဝေ၊ ဦးမင်းဟန်-ဒေါ်အေးအေးနီတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ရိုဒီဝင်း(ခ)ဒေါ်ရိုဒီထွေး
သူနာပြုဆရာမကြီး(ငြိမ်း)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
အသက်(၇၅)နှစ်

မြောင်းမြမြို့နေ (ဦးဘိုးဝင်း-ဒေါ်လှဝင်း)တို့၏သမီး၊ (ဦးတင်မောင်ထွေး)၏ဇနီး၊ အင်္ဂလန်နိုင်ငံ Braintree မြို့နေ မအိအိထွေး-ကိုကျော်မိုးအောင်၊ မညိုညိုထွေးတို့၏မိခင်၊ Anne-Marie Aung, Alexandra Aung တို့၏အဘွားသည် အင်္ဂလန်နိုင်ငံ Essex County, Chelmsford မြို့ရှိ Bromfield Hospital၌ ၂-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅နာရီ တွင် Braintree Baptist Church၌ ဝတ်ပြုဆုတောင်းပြီး Braintree သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သက်တော်ရှည်ဆရာတော်ကြီး
ဘဒ္ဒန္တသာဂရ မဟာထေရ်
နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ
ဆဋ္ဌသင်္ဂါယနာဂီတိကာရက ပါဠိပဝိသောဓက၊ ရခိုင်ပြည်နယ်လုံးဆိုင်ရာ
ပဌမကျော်ဘွဲ့၊ နရမ်းပဝါရဏာဂိုဏ်းအုပ်
သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာ၊ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်နှင့် ပရိယတ္တိတက္ကသိုလ်ကျောင်းတိုက်တို့၏ ဦးစီးပဓာနဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသာဂရ (နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ) သည် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၆ ရက်) ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကာကလာပ်စံကျောင်းတော်တင်ပင့်ဆောင်ခြင်းနှင့် ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ
ပန်းမြောင်းကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သိမ်ဝကိုဏ်းချုပ်ဆရာတော်
ဘဒ္ဒန္တကောဝိဒ မဟာထေရ်
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၂)ဝါ

သိမ်ဝကိုဏ်း ပဓာနနာယကဆရာတော်ဖြစ်တော်မူသော တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ညင်းထွေးရွာ၊ ညင်းထွေးတိုက်ကျောင်း၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မဟာထေရ်မြတ် သက်တော် (၉၃)နှစ်၊ သိက္ခာတော်(၇၂)ဝါသည် (၁၃၇၆ခုနှစ် နယုန်လပြည့် ကျော် ၄ရက်) ၁၆-၆-၂၀၁၄ရက် (တနင်္လာနေ့)ည ၁၀း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် ပြာသိုလပြည့်နေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

နာယကဆရာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ
ညင်းထွေးရွာ၊ ရေဖြူမြို့နယ်

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်အေး
အသက်(၉၃)နှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နေ (ဥပဒေအမတ်ကြီး ဦးလူကြီး-ဒေါ်ခင်နှောင်း)တို့၏သမီး၊ (ပွဲစားကြီးဦးကြွယ် - ဒေါ်ဒေါ်စော)တို့၏ သမီးချွေးမ၊ တောင်ကြီးမြို့နေ (ဦးမောင်မောင်လတ်-ဒေါ်ခင်မေ)၊ (ဒေါ်ခင်အုံး)တို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ် ၃၄၊ ဓမ္မစိန္တာလမ်းနေ (ဦးထွန်းအောင်၊ ညွှန်မှူး၊ ငြိမ်း၊ သမဝါယမဦးစီးဌာန)၏ဇနီး၊ ကျွန်းနံ့သာ အရှင်နန္ဒသီရိ (ပြင်သစ်ဆရာတော်)၏ ဒုတိယရဟန်းမယ်တော်၊ ရန်ကုန်မြို့နေ ဦးသိန်းနိုင်-ဒေါ်မြင့်မော်၊ ဒေါ်နုနုအောင်၊ ဦးမိုးကျော်၊ ဒေါ်မိမိခိုင်၊ ဦးမောင်မောင်မြင့် (ဒုလ/ထညွှန်မှူး၊ အမှတ်-၃၊ အကြီးစား စက်မှုလုပ်ငန်း၊ နေပြည်တော်)တို့၏မိခင်၊ ဦးကံကြီးမောင်၊ ဒေါ်မြမြတို့၏ကြီးကြီး၊ မောင်ထက်အောင် (ခေတ္တ-စင်ကာပူ)၏အဘွားသည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်လှ(ဟင်္သာတ) အသက်(၉၁)နှစ်
သိမ်ကြီးဈေး (B) ရုံ

ဟင်္သာတမြို့နေ (ဦးကံ-ဒေါ်သီလှ)တို့၏သမီး၊ (ဦးမြ)၊ (ဦးသ)၊ (ဦးထွန်းစိန်-ဒေါ်ခင်ရှု)၊ (ဦးသာဒင်-ဒေါ်တင်ညွန့်)၊ (ဦးသန်းရွှေ-ဒေါ်အေးညွန့်)၊ (ဦးတင်လတ်-ဒေါ်တင်စိန်)တို့၏ညီမ၊ (ဒေါ်တင်ထွေး)၏အစ်မ၊ ရန်ကုန်မြို့၊ ၄၁/၈၊ ရွှေတောင်ကုန်းရိပ်သာ၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးသန်းတင်)-ဒေါ်ယဉ်ယဉ်၊ ဦးမြင့်သိန်း(Future Engineering Group)-ဒေါ်ချိုချိုကြည်၊ ဦးငွေအောင်၊ ဦးခင်မောင်ဟန်(ဥက္ကဋ္ဌ၊ Future Engineering Group)-ဒေါ်ခင်သန်းဆွေ (ထိပ်ခေါင်တင်ဂါဝန်ဆိုင်၊ အမှတ် ၁၂၁၊ B ရုံ၊ သိမ်ကြီးဈေး)၊ ဦးဇေယျ(Shwe Myint Mo Aung Trading Co.,Ltd.)-ဒေါ်ကြူကြူနိုင် (Tokyo Fukushi University)တို့၏အဒေါ်သည် ၄-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းရီ
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ ၁ လမ်း၊ အမှတ် ၁၅၆ နေ (ဦးသာဒင်-ဒေါ်လှအေး)တို့၏သမီးကြီး၊ (ဦးပု-ဒေါ်အုန်းမြ)တို့၏ချွေးမ၊ ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးသန်းထွန်း-ဒေါ်ခင်ဆွေဝင်း၊ ဦးသန်းအောင်-ဒေါ်စုစုကြည်၊ ဦးချစ်လွင်-ဒေါက်တာခင်နွယ်သန်းတို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးသက်နိုင်-ဒုတိယဗိုလ်မှူးကြီးဝင်းမာအေး၊ ဦးရဲဝင်းနိုင်-ဒေါ်စန်းစန်းဌေး၊ ဗိုလ်မှူးသန့်စင်အောင်-ဒေါ်ဝင်းလဲ့အေး၊ ဦးအောင်ခိုင်ထွေး-ဒေါ်အေးမိုးမိုးကြည်တို့၏ကျေးဇူးရှင်မွေးမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာကျော်ဝင်းဖေ
မျက်စိအထူးကုဆရာဝန်ကြီး (သာယာဝတီ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၃၊ သိမ်ဖြူလမ်းနေ (ဦးပုစိန်-ဒေါ်ကျင်မြိုင်)တို့၏ သားကြီး၊ (ဦးအီဟန်)-ဒေါ်ကြည်တို့၏ သားသမက်၊ ရွှေတိဂုံဘုရားလမ်းနေ ဦးရွှေထွန်း-ဒေါ်ကျင်ကီတို့၏ တူ၊ ဒေါ်ခင်စန်းရင်၏ခင်ပွန်း၊ စွမ်းပေါ်မင်း-မမေဝင်းခိုင်၊ မောင်ကျော်မင်းဟန်၊ မထက်ထက်ဝင်းတို့၏ဖခင်၊ ဦးစံလင်း-ဒေါ်ကြူကြူဌေး၊ ဦးစံမင်း-ဒေါ်ဆွေဆွေရှမ်း၊ ဒေါက်တာ ဦးသိန်းဝင်း-ဒေါ်ခင်ယုလွင်(နှင်းစန္ဒာ သွားခံတွင်းဆေးခန်း၊လသာ)၊ (ဦးစံဝင်း)-ဒေါ်ဂျူလိုင်သန်း၊ ဦးလှသန်း-ဒေါ်သန်းသန်းစိန်တို့၏အစ်ကိုကြီး၊ တူ၊တူမ ၁၃ယောက်တို့၏ဘကြီးသည် ၂-၇-၂၀၁၄ရက် မွန်းလွဲ ၁၂း၁၉နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ရှိန်

အထက်တန်းပြ(ငြိမ်း)၊ BA Dip Ed

အထက(ဆည်သည်)၊ အထက(၁၇)မန္တလေး၊ အထက(၁၄)မန္တလေး

အသက်(၉၅)နှစ်

ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ဆည်သည်ရွာနေ (ဦးစံခိုင်-ဒေါ်ပန်းရုံ)တို့၏သား၊ မန္တလေးမြို့နေ ဒုတိယဗိုလ်မှူးကြီးတင်အောင်နိုင်(ငြိမ်း)-ဒေါ်သန်းမြင့်၊ ဆည်သည်ရွာနေ (ဦးမျိုးဆွေ)-ဒေါ်အမာစိန်တို့၏ဖခင်၊ (ဒေါ်တင်ညွှန့်)၏ခင်ပွန်း၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၄ရက် ည ၁၀း၁၅ နာရီတွင် ဆည်သည်ရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက်တွင် ဆည်သည်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အမာ(မကွေး) အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင်(Unilliever)၏ချစ်လှစွာသောမိခင် ဒေါ်အမာ အသက်(၈၇)နှစ်သည် ၄-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
Forever Group Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အမာ(မကွေး)

အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင်(Unilliever)၏ချစ်လှစွာသောမိခင် ဒေါ်အမာ အသက်(၈၇)နှစ်သည် ၄-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Media Kabar

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အမာ(မကွေး) အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင်(Unilliever)၏ချစ်လှစွာသောမိခင် ဒေါ်အမာ အသက်(၈၇)နှစ်သည် ၄-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမိုးနိုင်မြင့်
သီရိစန္ဒာဆေးရုံ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အမာ(မကွေး)

အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင်(Unilliever)၏ချစ်လှစွာသောမိခင် ဒေါ်အမာ အသက်(၈၇)နှစ်သည် ၄-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar Online Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အမာ (မကွေး)

အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင်(Unilliever)၏ချစ်လှစွာသောမိခင် ဒေါ်အမာ အသက်(၈၇)နှစ်သည် ၄-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar Index Creative Village

ရဲအုပ်အောင်ဆန်းလင်း

လ-၁၈၈၈၀၄၊ နရခ(ထောက်) ဒုရဲအုပ်အပတ်စဉ်(၄၂)

အသက်(၄၂)နှစ်

မိုးကုတ်မြို့၊ ကျပ်ပြင်ရပ်၊ အောင်သုခရပ်ကွက်နေ ဦးထွန်းမောင်-(ဒေါ်အမာကြည်)တို့၏သား၊ မန္တလေးမြို့နေ (ဦးခင်မောင်တင့်)-ဒေါ်မြခင်တို့၏သားသမက်၊ နေပြည်တော်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ချယ်ရီအိမ်ရာ၊ တိုက်အမှတ် ၃၃၃၃၊ အခန်း ၀၁နေ ဒေါ်ကေသွယ်တင့်၏ခင်ပွန်း၊ မမြင့်မြတ်စံ(သတ္တမတန်း-ခ၊ အထက-၉၊ နေပြည်တော်)၏ဖခင်သည် ၄-၇-၂၀၁၄ရက် (သောကြာနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် (ခုတင်-၁၀၀၀)ဆေးရုံမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုနန္ဒကျော်

အသက်(၃၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၅)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက် ၂၄၂၊ အခန်း ၅နေ ဦးသောင်းကြိုင် (ဥပသကာ-ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်) - ဒေါ်ရင်ကြည်တို့၏သား၊ ကိုစည်သူကျော်-မဝတ်ရည်ခိုင်တို့၏အစ်ကို၊ မစွမ်းပြည့်နန္ဒာ၊ မောင်သူရလင်းမြတ်တို့၏ဖခင်၊ မနှင်းနှင်းဝါ၏ခင်ပွန်းသည် ၄-၇-၂၀၁၄ရက် ည ၁၁နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်အုန်းမြင့်

အငြိမ်းစားအထက်တန်းပြ၊ အထက(၁)ရန်ကင်း

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၂)တိုးချဲ့ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ် ၆၂နေ (ဦးဘညွှန့်-ဒေါ်လှမြင့်)တို့၏ဒုတိယသမီး၊ [ဒေါ်မြမြ(ခ)ဒေါ်မေရင်]၏ညီမ၊ ဒေါ်စန်းရီ၊ ဒေါက်တာဦးစိုးလှအောင်-ဒေါ်နီနီထွေး၊ (ဒေါက်တာဦးသန်းထွတ်-ဒေါ်မေစု)တို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၅-၇-၂၀၁၄ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းမြင့်

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ ၂လမ်း၊ အမှတ် ၅၀၅နေ (ဦးအေးမောင်-ဒေါ်ချစ်ပု)တို့၏သမီး၊ (ဦးစိန်ခို-ဒေါ်စောရှင်)တို့၏သမီးချွေးမ၊ ဦးလှသွင်(စာရင်းစစ်မှူး၊ ငြိမ်း)၏ဇနီး၊ ဦးကျော်လွင်-ဒေါ်ခင်ခင်လှ၊ ဦးသိန်းထွန်း-ဒေါ်သန်းသန်းလှ၊ ဒေါ်ခင်ခင်မိုး၊ ဦးတင်ဝင်းနိုင်၊ ဒေါ်နန်းယုဆွေတို့၏မိခင်၊မအိန္ဒြာခင်၊ မောင်ဝဏ္ဏအောင်တို့၏အဘွားသည် ၅-၇-၂၀၁၄ရက်(စနေနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီ မှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခိုင်မေဦး

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ ဒယ်လ်တာပလာဇာ၊ တိုက် D-2၊ အခန်းအမှတ် ၂၀၄နေ ဗိုလ်မှူးမြင့်ဝင်း(ငြိမ်း)၊ ရုံးအဖွဲ့မှူး၊ လယ်/ဆည်ဝန်ကြီးဌာန(ငြိမ်း)၏ဇနီး၊ ဒေါက်တာပြည့်မြင့်ဝင်း၊ မောင်ဖြိုးသီဟမြင့်ဝင်း-ဒေါက်တာဝင်းပြည့်စုံတို့၏မိခင်၊ မအိန္ဒြေဦး၏အဘွားသည် ၄-၇-၂၀၁၄ရက် ညနေ ၆း၃၀နာရီတွင် အလုံမြို့နယ် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးစိုးမြင့်

အသင်းဝင်အမှတ်-၃၇၅

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊အမှတ် ၆၀၊ မြေညီထပ်နေ ဒေါ်သောင်းတင်၏ခင်ပွန်းသည် ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀နာရီတွင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ကသာခရိုင်အသင်း(ရန်ကုန်)

ဒေါ်ခိုင်မေဦး

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ ဒယ်လ်တာ ပလာဇာ၊ တိုက် (D-2) ၊ အခန်းအမှတ် ၂၀၄နေ ကသာခရိုင်အသင်း အလုပ်အမှုဆောင် ဗိုလ်မှူးဝင်းမြင့်(ငြိမ်း)(ရုံးအဖွဲ့မှူး၊လယ်/ဆည်ဝန်ကြီးဌာန၊ ငြိမ်း)၏ဇနီး၊ ဒေါက်တာပြည့်မြင့်ဝင်း၊မောင်ဖြိုးသီဟမြင့်ဝင်း၊ဒေါက်တာဝင်းပြည့်စုံတို့၏မိခင်၊ မအိန္ဒြေဦး၏အဘွား ဒေါ်ခိုင်မေဦးသည် ၄-၇-၂၀၁၄ရက် ညနေ ၆း၃၀နာရီတွင် အလုံမြို့နယ် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကသာခရိုင်အသင်းအမှုဆောင်အဖွဲ့

ကိုဝင်းနိုင်ထွန်း(ခ)ဘီယာ

(ကျုံပျော်မြို့)

အသက်(၄၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၁၉နေ ဦးကျော်သန်း(ခ)ဦးကျွမ်းနား-[ဒေါ်ဝင်းဝင်းအေး(ခ)ဒေါ်အမိဟာ]တို့၏သားကြီး၊ မသန်းသန်းထွေး၏ခင်ပွန်း၊ ကိုအောင်မင်းထွန်း(ခ)အသေးလေး-မစီစီသိန်း၊ မသက်သက်ဇင်(ခ)မီးမီး၊ ကိုနိုင်နိုင်ထွန်းတို့၏အစ်ကို၊ မသဏ္ဍာဆုအောင်၊ မောင်ဘုန်းမြတ်ပိုင်တို့၏ဦးလေးသည် ၄-၇-၂၀၁၄ရက်(သောကြာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ကျုံပျော်မြို့ အုန်းသုံးပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဟန်စိန် (ပုသိမ်)

အသက်(၈၀)

ရန်ကုန်မြို့၊ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ မင်းမဟော်လမ်း၊ အမှတ် ၁၁၁နေ ဒေါ်လှဲ့လှဲ့၏ခင်ပွန်း၊ ဦးတင်ယု-ဒေါ်ချိုချိုဝင်း (လ/ထ ညွှန်မှူး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်)၊ဦးသိန်းဦး(ဇီဇဝါဆေးကုမ္ပဏီ)-ဒေါ်သီသီဟန်၊ ဦးခန္တီစာရ(ခ)ဦးဇော်မင်း၊ ဦးဇော်လင်း(ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကျော်ကျော်မင်း (လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်စန္ဒာဟန်၊ ဦးသုစိတ္တ(ခ)ဦးသိန်းဇော်၊ ဦးတင်အောင်မိုး-ဒေါ်စန်းသူဇာဟန် (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်)တို့၏ဖခင်သည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းအေး(ခ)

ဒေါ်ဂေဟွား (မော်ကျွန်း)

အသက်(၅၈)နှစ်

မော်လမြိုင်ကျွန်းမြို့နေ (ဦးချိန်ဟုတ်-ဒေါ်ရန်ကြည်)တို့၏သမီး၊ (ဦးကျော်ညွှန့်-ဒေါ်ကြည်)၊ ဒေါ်သိန်းသိန်းနွယ်၊ ဦးသောင်းဟန် - ဒေါ်ကြည်ကြည်နွယ်၊ ဒေါ်အေးအေးသန်းတို့၏ညီမ၊ ကျောက်မြောင်း၊ မလွကုန်းလမ်းနေ Dr.ဦးတင်ထွန်း-Dr. ဒေါ်သန်းသန်းဝင်း၊ ဒေါ်ထွေးထွေးဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဌေးကြွယ် (က) ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၁၉ (သုံးလွှာ)နေ ဦးမျိုးတင်၏ဇနီး၊ မောင်ပြည့်ဖြိုး-မသန္တာထွန်း၊ မမေသူ၊ ဗိုလ်ကြီးစိုးသီဟကျော်-မသိမ့်သိမ့်စိုးတို့၏မိခင်၊ မောင်ကျော်ဇေယျသွေး၏အဘွားသည် ၄-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သတိပဋ္ဌာန်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်အောင် (တာချီလိတ်)

အသက်(၈၂)နှစ်

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်နေ (ဒေါ်ခင်ညိုဝင်း)၏ခင်ပွန်း၊ မထွေးထွေးအောင်(ခ)မြတ်လေးငုံ၏ ဖခင်၊ မမေမြတ်သူ၏အဘိုးသည်၃-၇-၂၀၁၄ရက် နံနက် ၁နာရီတွင် အဆွေတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင်ကျောက်တောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်လှခင်

(ဟင်္သာတ/နိဗ္ဗာန်)

အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်ကျေးရွာနေ (ဦးသိန်း-ဒေါ်အေးမြင့်)တို့၏သမီးကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဖရဲကျေးရွာနေ (ဦးဘ-ဒေါ်စိန်မယ်)တို့၏သမီးချွေးမ၊ (ဦးခင်သိန်း)၊ (ဦးမြဦး)၊ ဒေါ်ခင်ရီတို့၏ညီမ/အစ်မ၊ ဦးထွန်းဝေ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ ဇနီး၊ ကိုတင်ဦး(ရုပ်ရှင်)၊ မသန်းမော်ဦး၊ (ကိုကျော်ကျော်ဝေ)၊ မမြင့်မြင့်သက်(မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း)၊ မောင်အေးကျော် (တပ်မတော်-ရေ)၊ မနီနီဝင်းတို့၏မိခင်ကြီးသည် ၄-၇-၂၀၁၄ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောဗင်တန်ဖိုး

မန်နေဂျာ(ငြိမ်း)၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်

အသက်(၈၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊အမှတ် ၉၅၊ ၄လမ်း(တောင်)နေ(ဦးထော်ဖိုး-နော်ကဲ)တို့၏သား၊ (နော်ရွှေခင်ဖိုး)၊ (စောရက်ဒရက်ဖိုး)-နော်ရူဒီစိန်ငွေးတို့၏မောင်၊ နော်ဂဲထရုဖိုး - (ဒေါက်တာစောသန်းထွန်းအောင်)တို့၏အစ်ကို၊ ဒေါ်သိန်းစီ(ခ)နော်မဂ္ဂီစို၏ခင်ပွန်း၊ ဒေါက်တာဝါးဆက်ဖိုး-ဦးအောင်ကျော်လတ်၊ နော်ဝါးလွယ်ဖိုး - စောက္ကာလယောတို့၏ဖခင်၊ နော်လေးဒီယာဖိုး-စောဂျိုးဇက်အောင်၊ နော်ဂျူအဲနာဖိုးတို့၏ဦးလေး၊ ဒေါက်တာစောရဲထွန်းအောင် - နော်သမိုင်းဖေတင်၊ စောဂီဒီယန်ထွန်းအောင်-နော်ခရစ္စတီးနား၊ စောကြည်လွင်အောင် - နော်သွယ်သွယ်ယုတို့၏ဘကြီး၊ စောဂျေဂျေမောင်၊ စောညီညီမောင်၊ စောဒေးဗစ်မောင်မောင်တို့၏အဘိုးသည် ၅-၇-၂၀၁၄ရက်(စနေနေ့) နံနက် ၁၁း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၇-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်မင်းလတ်

SAE ရွာမ(၂၄၀)

မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ

အသက်(၄၀)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမ ၂၄၀ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ၊ဝန်ထမ်းအိမ်ရာဝင်း၊(E1/11)နေ [ဦးတင်ဝင်း(ခ)ဦးဂန္ဓိ - ဒေါ်ရင်ကြည်မြင့်]တို့၏သားလတ်၊ ဒေါက်တာကျော်သူရ (UK)၊ ဦးမောင်မောင်(Tokyo)တို့၏တူသား၊ ဦးစိုးသောင်း-ဒေါ်သန်းရင်တို့၏သားသမက်၊ အရှင်စန္ဒန (လမင်းဆရာတော်၊ ကျောင်းသစ်ကျောင်း၊ မုဒုံမြို့)၏ညီ၊ ဦးမြင့်စိန်-ဒေါ်မေစိုးခိုင်၊ ဦးမျိုးမင်းလတ်-ဒေါက်တာစောမြတ်စိုးတို့၏ညီ/မောင်၊ ဒေါ်ခင်ငွေးဝင်း(UK)၊ ဒေါ်ခင်မမဝင်း၊ ဒေါ်ခင်ပပဝင်းတို့၏မောင်၊ [ဦးကျော်ဇေယျ(ခ)ကိုဦး]၊ ကိုကျော်မင်းလတ်တို့၏ညီ၊ မတင်စုလတ်၊ (ကိုပြည့်စုံအောင်)တို့၏အစ်ကို၊ ဒေါ်သက်မွန်စိုး၏ခင်ပွန်း၊ မောင်ရှိုင်းဘုန်းအောင်၏ ဖခင်သည် ၄-၇-၂၀၁၄ရက် (သောကြာနေ့) ည ၈း၃၀နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရွှေရင်အေးဆရာတော် ထီလာအရှင်သုန္ဒရ

သက်တော်(၅၁)နှစ်၊ သိက္ခာတော်(၃၁)ဝါ

မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ၊ ရွှေရင်အေး မဟာစည်သာသနာ့ရိပ်သာ၏ ဦးစီးပဓာနနာယကဆရာတော် မဟာစည်နယ်လှည့် ဓမ္မကထိက သာသနာ့ဗေဒသီရိပဝရဓမ္မာစရိယ၊ သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ဘဒ္ဒန္တသုန္ဒရသည် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၈ရက်) ၄-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၂ရက်) ၈-၇-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇော်ပွဲပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ရွှေရင်အေးမဟာစည်သာသနာ့ရိပ်သာ

ဦးသူတော်

အ.ရ.သ-၃၊ စစ်ဆင်ရေးဌာန၊ ကကလေ

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အရှေ့ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ် ၉၇၊ (ဒုတိယထပ်-ယာ)နေ (ဦးမြ-ဒေါ်မှီ)တို့၏သား၊ ဒေါ်ကျင်ရီ၏ခင်ပွန်း၊ (ဦးခင်ဝင်း)၊ (ဦးအေးဝင်း)၊ ဦးသိန်းဝင်း-ဒေါ်တင်မာဝင်း၊ ဦးမျိုးဝင်း-ဒေါ်ဝေဝေသန်း၊ ဦးလှဝင်း-ဒေါ်နီလာဝင်း၊ ဦးအောင်ကျော်မင်း-ဒေါ်ဝင်းဝင်းမော်၊ ဦးငွေထွန်း(Manager-MKH Co.,Ltd.)-ဒေါ်နှင်းလှ(Chief Accountant -MKH Co.,Ltd.)၊ ဦးမြင့်သိန်း-ဒေါ်ခင်ခင်မော်တို့၏ဖခင်ကြီး၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၅-၇-၂၀၁၄ရက်(စနေနေ့)နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဦးလှဖေဝင်း(ရေကျော်)၊ (ကုန်သွယ်ရေး၊ ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးလှဖေ)-ဒေါ်ကြည်ကြည်တို့၏သားကြီး၊ (ဦးပွ-ဒေါ်အေးခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ၂၁၉၊ ရတနာသီရိလမ်းမြို့သစ်၊ ဒေါပုံမြို့နယ်နေ ဒေါ်အုံးမြင့်၏ခင်ပွန်း၊ (ဦးအုံးသွင်)၊ (ဦးလှမော်)-ဒေါ်လှလှအေးတို့၏အစ်ကိုကြီး၊ ဒေါ်နီလာဝင်း(ပုဇွန်တောင် သ/မ)၊ ဦးနိုင်ဝင်း-ဒေါ်တင်တင်မြင့်၊ (မချိုနွယ်ဝင်း)၊ ကိုသက်ဝင်း-မခင်နန္ဒာ၊ မဝင်းဝင်းမေ (M.F.T-B)၊ (ကိုထွန်းအောင်ကျော်)တို့၏ဖခင်၊ မဆုမြတ်နန္ဒာအောင် (Sky. Net)၊ မခင်ခခ (ILBC)၊ မောင်လင်းရောင်ခ (ILBC) တို့၏အဘိုးသည် ၄-၇-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃း၁၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစိုးခိုင်(ခ)ဦးပီတာစိန်ဟုတ် အသက်(၇၀)

(စိန့်ဂျွန်းကျောင်းသားဟောင်း)

ကျုံပျော်မြို့နယ်၊ ရာသက်ပန်အသင်းဝင်

(ဦးကျန်ဟုန်း-ဒေါ်အေးကျင်)တို့၏သားကြီး၊ ဒေါ်မေစန်းမြင့်၊ (ဦးစိုင်းထွန်းထွန်း)တို့၏မောင်၊ ဦးအောင်ကျော်စိုး-ဒေါ်ရွှေလင်းတို့၏အစ်ကို၊ မသီဂီခိုင်(ခ)နော်ရှသဲ-ကိုကျော်ကျော်မင်း၊ မသီတာခိုင်(ခ)နော်ရှိ(စ်)-ကိုမိုးဇော်အောင်၊ မစန္ဒာခိုင်(ခ)နော်အယ်နီ-ကိုဇာနည်ဦးတို့၏ဖခင်ကြီး၊ ဖလော်ရင်တီနာမင်း၊ ဂလိုရီယာရှယ်ရီလင်းမိုး၊ မိုးမြင့်ခန့်၊ ဆောင်းဦးသံဇဉ်တို့၏ဘိုးဘိုးကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၄ဝါလမ်း၊ တိုက် ၁၀၊ အခန်း ၁၀၂၊ ပထမထပ်နေ ဦးစိုးခိုင်(ခ)ဦးပီတာစိန်ဟုတ်သည် ၄-၇-၂၀၁၄ရက်(သောကြာနေ့) ညနေ ၃နာရီ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၇-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်ခရစ်ယာန်သုသာန်တွင်ဈာပနဝတ်ပြုဆုတောင်းပြီး မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးညွှန့် (စိတ်ကြိုက်စာပေ)

အသက်(၅၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ငါးသိုင်းချောင်းမြို့နယ်နေ(ဦးကျင်ရွှေ-ဒေါ်မြိုင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း၊ (ကမ်းနားလမ်းဘလောက်)၊ အမှတ် ၅၅နေ (ဒေါ်ခင်သက်ဝင်း)၊ ဒေါ်နီလာဝင်းတို့၏ခင်ပွန်း၊ ကိုဝင်းထွန်း-မတင်နီလာမျိုး(ခ)နီလာ(စိတ်ကြိုက်စာပေ)၊ ကိုကိုလေး(ခ)ကိုငယ်-မခင်သီတာမျိုး(ခ)သီတာ၊ မောင်ရဲကိုကိုမျိုးညွှန့်(ခ)ရဲကို (A7 Group ဖလင်နှင့်ပုံနှိပ်လုပ်ငန်း၊ စိတ်ကြိုက်စာပေ)၊မောင်ဘမင်းတို့၏ဖခင်သည် ၅-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(၃၈လမ်း ကမ်းနားဘလောက် နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မိုမိုအိ(ခ)

ဒေါ်ဥမ္မာ (မြိတ်)

BA/BED (ငြိမ်း)

အလက(၂)၊ အထက(၂)

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တိုက် B၊ အခန်း ၅၀၂၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်နှင့် မြိတ်မြို့၊ နောက်လယ်ရပ်၊ ၅လမ်းနေ ဦးတွတ်နီ(ခ)ဦးလှကြည်-ဒေါ်ညွှန့်တို့၏သမီး၊ ဦးအေးသန်း-ဒေါ်သန်းသန်းဝင်း၊ဦးတင်မောင်ညီ-ဒေါ်စန်းစန်းဝင်း၊ ဒေါ်စီစီဝင်း(ကမ္ဘာ့ရတနာဘဏ်-မြိတ်)၊ ဦးထိန်လင်းတို့၏ညီမ၊ ကိုချမ်းသာ-မသီတာဦး၊ မနီနီအေး၊ ကိုလတ်အေးထွန်း-မအိနီတာနွေးတို့၏ အစ်မ၊ တူ/တူမ ၁၁ယောက်တို့၏အဒေါ်သည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ ညနေ ၃ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောလေးမစ်

(R.I.T၊ ငြိမ်း)

အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ ကွင်းမွေး ၁လမ်းနေ (ဆရာတော်စောဘလေး - ဒေါ်မေနု)တို့၏ သား၊ ဒေါ်နော်ရီချယ် (ကျောင်းဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ နော်သောမူး-စောကိုးရေ၊ နော်မားသာ-ဦးဝင်းငွေး၊ နော်အယ်မူး-Koh Kwan Lau၊ နော်ခင်ချိုချိုငြိမ်း-စီသိန်းစီ၊ နော်ဂျဲနေမူး-မောင်ဇော်လင်းထွန်း၊ စောအိုင်းဇက်-နော်ကေသွယ်လင်း၊ နော်မေလျှံစိုး-စောကြည်လင်ဝူး၊ စောလောရင့်ထက်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပလောနဲမူးကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

နယ်စပ်ဒေသစီမံကိန်းများနှင့် စီးပွားရေးဇုန်များဖော်ဆောင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၅

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ထိုင်းဘုရင့်ကြည်းတပ်ဌာနချုပ်၌ အမျိုးသားငြိမ်ဝပ်ပိပြားမှုကောင်စီ (National Council for Peace and Order -NCPO) အကြီးအကဲ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan-o-cha နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ်ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan-o-cha က နယ်စပ်ဒေသ၌ ဖြစ်ပေါ်လေ့ရှိသော ပြဿနာကိစ္စရပ်များကို နှစ်နိုင်ငံတပ်မတော် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရခဲ့ကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စ၊ နယ်စပ်ဒေသစီးပွားရေး အထူးဇုန်တည်ဆောက်ရေးကိစ္စရပ်များကိုလည်း စနစ်တကျ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်ဆက်ဆံမှုတိုးတက်ကောင်းမွန်စေရေးအတွက် ဆေးဘက်ပညာရပ်ပိုင်းဆိုင်ရာများနှင့် HADR ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရဘက်တွင်လည်း အာဆီယံသစ်ပင်သစ်တောထိန်းသိမ်းမှု၊ ညီအစ်မကျေးရွာ အကောင်အထည်ဖော်တည်ဆောက်မှုတို့ကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စကို တရားဝင်ဖြစ်အောင် ဥပဒေနှင့်အညီဆောင်ရွက်ပေးနေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ နယ်စပ်ဒေသစီမံကိန်းများနှင့်

စာမျက်နှာ ၃ ကော်လံ ၅ ✻

အထူးစီးပွားရေးဇုန် (ကျောက်ဖြူ)လာမည့်နှစ်၌ စတင်ဖော်ဆောင်မည်

သတင်း-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေမည့် အထူးစီးပွားရေးဇုန်များ ထူထောင်နိုင်ရေး ကြိုးစားလျက်ရှိရာ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို လာမည့် ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် developer များကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် တင်ဒါခေါ်ယူရန်စီစဉ်ထားပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ပမှ အကြံပေးအဖွဲ့ဖြစ်သည့် စင်ကာပူမှ CPG Consultants Pte., Ltd. ကိုလည်း စနစ်တကျ ရွေးချယ်ခန့်ထားခဲ့ပြီးဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပအကြံပေးအဖွဲ့

စာမျက်နှာ ၈ ကော်လံ ၅ ■

လမ်းအကျယ် ၄၈ ပေအထိ ဆောင်ရွက်ထားသော ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီးကို ပဲခူးမြို့အတွင်း တွေ့ရစဉ်။

ရန်ကုန်-ပဲခူး-မန္တလေးလမ်းဟောင်း လေးလမ်းသွား အဆင့်မြှင့်တင်သွားမည်

သတင်း-ချမ်းမြေ့မောင် ➤ ဓာတ်ပုံ-ကျော်မိုးလွင်

ရန်ကုန်-ပဲခူး-မန္တလေးလမ်းဟောင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ကို အဓိကဆက်သွယ်ပြီး မြန်မာတစ်ပြည်လုံးနှင့် ဆက်သွယ်နိုင်သည့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည်။ ထိုကားလမ်းမကြီးကို ယခုအခါ ရန်ကုန်-နေပြည်တော်- မန္တလေး အမြန်ကားလမ်းသစ်ကြီးကဲ့သို့ ၄၈ ပေချဲ့၍ အဆင့်မြှင့်တင်ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီ ခုနစ်ခုကို BOT စနစ်ဖြင့် ဆောင်ရွက်ခွင့် ပြုထားကြောင်းသိရသည်။

ယင်းကုမ္ပဏီများမှာ မက်စ်မြန်မာ၊ ရွှေသံလွင်၊ ဟိုက်စတား၊ ကမ္ဘောဇ၊ အေးရှားဝေါလ်၊ ယုဇန၊ သော်တာဝင်းကုမ္ပဏီတို့ ဖြစ်သည်။ အဆိုပါ ကုမ္ပဏီများကို၂၀၀၁ ခုနှစ်ကတည်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက BOT စနစ်ဖြင့် ထောက်ကြန့်-ပဲခူး ၃၂ မိုင်ကို မက်စ်မြန်မာကုမ္ပဏီ၊ ပဲခူး-ညောင်လေးပင် ၄၈ မိုင်ကို ရွှေသံလွင်ကုမ္ပဏီ၊ ညောင်လေးပင်-ဖေယျာဝတီ ၄၈ မိုင်ကို ကမ္ဘောဇကုမ္ပဏီ၊ ဖေယျာဝတီ-ရေတာရှည် ၄၈ မိုင်ကို အေးရှားဝေါလ်ကုမ္ပဏီ၊ ရေတာရှည်-ပျဉ်းမနား -ရမည်းသင်း ၈၅ မိုင်ကို ယုဇနကုမ္ပဏီ၊ ရမည်းသင်း-မိတ္ထီလာ-မန္တလေး ၈၇ မိုင်ကို သော်တာဝင်းကုမ္ပဏီတို့ကို လုပ်ပိုင်ခွင့်ပေးထားခဲ့ခြင်း ဖြစ်သည်။

ယခုအခါ အဆိုပါ ပြည်ထောင်စုလမ်းမကြီးကို ၄၈ ပေအထိချဲ့၍ လေးလမ်းသွားအဖြစ် တိုးမြှင့်ဆောင်ရွက်ခြင်းကိုလည်း အဆိုပါကုမ္ပဏီများကပင် ဆက်လက်တာဝန်ယူဆောင်ရွက်သွားမည်ဟု သိရသဖြင့် ကျွန်တော်တို့ သတင်းအဖွဲ့သည်

စာမျက်နှာ ၈ ကော်လံ ၁ ✻

ယနေ့ မာတိကာ

ပြည်တွင်းပြည်ပ ဖိအားပေးမှုများရှိသော်လည်း တတိယသက်တမ်းအတွက်ပြိုင်မည်ဟု အီရတ်ဝန်ကြီးချုပ်ပြော စာ » ၄
လားရှိုးမြို့အဝင် စက်သုံးဆီဆိုင်၌ မီးလောင်မှုဖြစ်ပွား စာ » ၅
ပြေပြေပြစ်ပြစ်-၃ ဆောင်းပါး စာ » ၆
အမှတ်(၃၇)လူစီးရထား တွဲချော်မှုဖြစ်ပွား စာ » ၁၁
အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့် ကျေးရွာ ၂၀ မှ ကျောင်းသားကျောင်းသူများပိုမိုအဆင်ပြေ စာ » ၁၆
နိုင်ငံကူးလက်မှတ်အသစ်ရရှိရန်အတွက် ပတ်စ်ပို့စာအုပ်တစ်အုပ်ကို ရင်းဂစ် ၁၈၀၀ အထိ ပေးရသည်ဟုဆို စာ » ၁၈

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မကွေးအသင်း နောက်မှလိုက်ကစားပြီး ကွာတားတက်

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဇူလိုင် ၅

MFF Ooredoo Cup 2014 ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များကို ယနေ့ညနေပိုင်းက စတင်ကျင်းပသည်။

(စလင်းကွင်း)

မကွေး	-	နှစ်ဂိုး **(ဆယ်လာနှင့် မျိုးဇော်ဦး)**
မြဝတီ	-	တစ်ဂိုး **(ကောင်းမြတ်စံ)**

ပထမတန်းကလပ် မြဝတီအသင်း၏ ရှန်းကန်မှုကြောင့် မကွေးအသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ဒုတိယပိုင်းသွင်းဂိုးများကြောင့်သာ နောက်တစ်ဆင့်တက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအဆင့်တွင် MNL ကလပ် GFA အသင်းကို ကျော်ဖြတ်လာသည့် မြဝတီအသင်းသည် ယခုပွဲတွင် ၃၆ မိနစ်တွင် ကောင်းမြတ်စံသွင်းယူသော ဂိုးဖြင့်ဦးဆောင်နိုင်ခဲ့သည်။ *စာမျက်နှာ ၅ ကော်လံ ၅* ✳

မကွေးနှင့် မြဝတီ ယှဉ်ပြိုင်ကစားစဉ်။

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

၂၀၁၄ခုနှစ်၊ ဇူလိုင် ၆ ရက်။ တနင်္ဂနွေနေ့

Advertisement



ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဟိုလိုဂရမ်များအား မြန်မာကျပ်ငွေဖြင့် အပ်နှံဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၇-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် ၂၉၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၆၅
သံသုမာလမ်း၊ မြင်သာ၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

ဆေးဝါးကုန်ကြမ်းပစ္စည်း(၅)မျိုး ထုပ်ပိုးပစ္စည်း(၂)မျိုးနှင့် ပလတ်စတစ်အိတ်အဝယ်တင်ဒါ (မြန်မာကျပ်ငွေ)

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - ဆေးဝါးကုန်ကြမ်းပစ္စည်း (၅)မျိုး ထုပ်ပိုးပစ္စည်း(၂)မျိုးနှင့် ပလတ်စတစ်အိတ်

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီ

၃။ **ပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)၊
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၀၇၆၊ ၀၆၇-၄၀၈၃၅၄



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေများအား သက်ဆိုင်ရာစီမံကိန်းအရောက်ဈေးနှုန်း (D.D.P-at Site)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၄-၇-၂၀၁၄ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍တင်သွင်းရမည်။ တင်ဒါဝယ်ယူသည့်အခါ ဘိလပ်မြေအရည်အသွေးများအား ကြိုတင်စစ်ဆေးရန်အတွက် နမူနာ ၁၀ အိတ်ပေးသွင်းထားရမည်။

၃။ အရည်အသွေးနှင့် နည်းပညာစံချိန်စံညွှန်းရမှတ် ၆၀ ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁)ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊
၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ရုပ်ရှင်အဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့တွင်အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Wood Free)(Sticker) (၁.၅"×၁.၂") အရွယ်အစားဆင်ဆာလက်မှတ်(Sticker)ခုရေ(၁၈၀၀၀၀၀၀)(သိန်းတစ်ရာ့ ရှစ်ဆယ်တိတိ) ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၇-၇-၂၀၁၄ ရက်မှ ၁-၈-၂၀၁၄ ရက်ထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

(ခ) **တင်ဒါတင်သွင်းရန်နေရာ** - မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့

(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၄-၈-၂၀၁၄ရက် နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဖုန်း-၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ ၁၂လမ်း၊ တိုက်အမှတ် ၃၆၊ နှစ်ခန်းတွဲခုနစ်ထပ်တိုက်၏(လေးလွှာ) (တိုက်ရှေ့မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)အခန်း အကျယ် (၁၂½'×၅၀')ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးတင်ဝင်း ၁၂/ကတတ(နိုင်)၀၁၄၃၅၀က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး — **အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ်၄၆(ပထမထပ်-ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နေပြည်တော်အချက်အချာကျသောမြေရောင်းမည်

ရွှေကြာပင်ကျောက်မျက်ဈေး မျက်နှာချင်းဆိုင်၊ ထောင့်ကွက်၊ ပေ(၆၀×၆၀) ရေ၊ မီးပါသည်။ စီးပွားရေးလုပ်ရန် နေရာကောင်း အကျိုးဆောင် (နှစ်ရာခိုင်နှုန်း) **ဖုန်း-၀၉-၂၅၀၅၃၇၁၅၀**



နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သော ကလေးများနှင့် လူငယ်များ၊ မြန်မာစာရေးတတ်၊ ဖတ်တတ်အဆင့်ရှိကလေးများနှင့် လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးမှဖွင့်လှစ်သော နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီးဌာနများတွင် Mobile Vocational Training Unit များလည်း ဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့် ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် တောင်းဆိုပါက အနည်းဆုံးသင်ယူလိုသူဦးရေ ၃၀ထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင် သက်ဆိုင်ရာဌာနမှယင်း Mobile Vocational Training Unit အဖွဲ့များစေလွှတ်၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာနအသီးသီးအနက်မှ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသောသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း(သို့မဟုတ်)အောက်ဖော်ပြပါ ဝန်ကြီးဌာန ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အထူးလုပ်ငန်းအဖွဲ့ ဖုန်း-၀၁-၅၅၅၈၂၄၊၀၁-၅၄၂၈၇၃
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅၊-၀၆၇၄၀၄၅၀၆ (နေပြည်တော်)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဖုန်း-၀၆၇-၄၁၀၂၄၆

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများ

စဉ်	ဝန်ကြီးဌာန	သင်တန်းကျောင်း အမည်/လိပ်စာ	ဖွင့်လှစ်နေသောသင်တန်းများ	သင်တန်းသား အရည်အချင်း	သင်တန်း ကာလ	သင်တန်းကြေး (သင်တန်း အစ-အဆုံး)	စားစရိတ်	အဆောင်	သင်တန်းဆင်း လက်မှတ်အဆင့်	မှတ်ချက်
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
၁	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း (မိတ္ထီလာ)	၁။ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်း (တောင်သူများသာ)	၈ တန်းအောင်	၁၂ ပတ်	အခမဲ့	အခမဲ့	အခမဲ့	ဌာနအသိအမှတ်ပြု Certificate	Mobile Team များဖြင့်လည်း ဖွင့်လှစ်ပို့ချရန် မရှိသေးသော်လည်း နောင်တွင် ရက်တိုသင်တန်း ရက်ရှည်သင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ထားရှိပါသည်။
			၂။ စပါးရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှုသင်တန်း (တောင်သူများသာ)	၈ တန်းအောင်	၁၂ ပတ်	အခမဲ့	အခမဲ့	အခမဲ့	ဌာနအသိအမှတ်ပြု Certificate	
	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	စက်မှုလယ်ယာစခန်းများ	၃။ လက်တွန်းထွန်စက်မောင်းနှင်မှု အခြေခံသင်တန်း	ရေးတတ်ဖတ်တတ်	၄ ပတ်	အခမဲ့	အခမဲ့	အခမဲ့	-	
			၄။ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်မှုအခြေခံသင်တန်း	ရေးတတ်ဖတ်တတ်	၄ ပတ်	အခမဲ့	အခမဲ့	အခမဲ့	-	

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

စိန်ရွှေရတနာဆိုင်

- နိုင်ငံတကာအသိအမှတ်ပြု GIA, Certificate ပါသော D-L Colour ရတီကိုက် စိန်များလည်း ရောင်းချပါသည်။

စိန်ရောင်းချင်လို့ပါ

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၃၀) အထိ

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ပြုသန့်အမှန်အကန်ပဲလိုချင်တယ်။ ရွှေဖို့ရှာဖို့လဲ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် ...

အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ပြုသန့်အကြီးအသေးဆိုဒ်ပုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

- Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (ဘယ်လဂျီယမ် Cutting) ဖြစ်ရမည်။ Cutting ခိုင်းသွေးထားတာမပါစေရ။
- Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ရည် (D,E,F Colour) ဖြစ်ရမည်။ အရည်မဖြူတာ မညီတာ နံ့နံလေးတာ ညိုတာမပါစေရ။
- Same Purity အပွင့်တိုင်းသန့်စင်မှု မကွာစေရ (IF, VVS, Quality ရှိရမည်။) VS Quality များဖြစ်သော အစွန်း Spot အပြစ်သေးများမပါစေရ။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

စင်ကာပူနိုင်ငံ သူနာပြု ဒီပလိုမာ (အခမဲ့) ပညာသင်ဆု(၁၀)ကြိမ်မြောက်ခေါ်ယူခြင်း

၂၀၀၅ ခုနှစ်မှစ၍ နှစ်စဉ် ခေါ်ယူလျက်ရှိရာ ၂၀၁၃ ခုနှစ်ထိ စုစုပေါင်း(၄၁၀)ဦး ရှိပါပြီ ။

- စင်ကာပူနိုင်ငံ နာမည်ကြီး တက္ကသိုလ်များတွင် (၃)နှစ်အခမဲ့ ပညာသင်ခွင့်ရသည့်အပြင်
- လစဉ် – S$ 350 (စားစရိတ်နှင့်အထွေထွေသုံးရန် S$ 550 စုစုပေါင်း S$ 900 ရသည်။
- ဒီပလိုမာရပြီးပါက (S-pass) ဖြင့် အလုပ်ရှိသည် ဖြစ်ပါသည်။

လူဦးရေကန့်သတ်ထားသောကြောင့် အရည်အချင်းပြည့်မီသူများ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန်။ (ယခုနှစ် ရွေးချယ်မှုပုံစံပြောင်းလဲသည်။)

ပညာသင်ဆု ရွေးချယ်သည့် အစီအစဉ်သာ ဖြစ်ပါသည်။

သုခစံ ကုမ္ပဏီ

Contact Ph: 377 343, 377 344, 38 57 56,38 68 77,39 22 33 Fax: 392 393 , Email: thukhasan2012@gmail.com, website: www.thsaltss.com

---

MCC Training Institute

Post Graduate Diploma in Strategic Business IT (Pg.D)

(ကွန်ပျူတာ ဘွဲ့လွန်ဒီပလိုမာ)

Awarded by : NCC Education UK

M.Sc (Strategic Business Information System)

(ကွန်ပျူတာ မဟာသိပ္ပံဘွဲ့)

Awarded by : University of Hertfordshire

B.Sc (Hons:) Business IT ...

- Sat, Sun (Weekend) ရက်များ၌ သင်တန်းများ ဖွင့်လှစ်ထားရှိပါသည်။ Pg.D - (Opening Date : 12 July 2014)

MCC.i (Yangon Campus) Pls call : Hot Line - 246634, 2304156

ဖခင်အမည်မှန်

အထက(၃) ကြည့်မြင်တိုင်၊ တက္ကသိုလ်ဝင်တန်း(က)မှ မအေးရတနာအောင်၏ ဖခင်အမည်မှန်မှာ ဦးရာကျော်ဝင်း ၁၂/လသန(နိုင်)၀၀၇၇၂၁ ဖြစ်ပါကြောင်း။

ဦးရာကျော်ဝင်း

ပျောက်ဆုံးကြောင်း

ကျွန်မ မသင်းသင်းထွန်း MA-470609 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၅၄၁၆၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/ 6802၊ W/N MYANMAR (2) TON TRUCK, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၇/ကဝန(နိုင်)၀၄၃၈၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့

ရွှေလီလှိုင်း အသားကင်ဆိုင်မှ သတင်းကောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမပေါ်တွင် ရွှေလီလှိုင်းအသားကင်ဆိုင်ခွဲအား ၇-၇-၂၀၁၄ ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကြွရောက်အားပေးသော လူကြီးမင်းများအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် Discount အစီအစဉ်ကို အောက်ပါအတိုင်း ဆိုင်သစ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

၇-၇-၂၀၁၄ ရက်မှ ၁၇-၇-၂၀၁၄ ရက်	20 Discount
၁၈-၇-၂၀၁၄ ရက်မှ ၈-၁၀-၂၀၁၄ ရက်	10% Discount

ကျေးဇူးတင်စွာဖြင့်
ရွှေလီလှိုင်းအသားကင်ဆိုင် မိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၁၀၁ အမည်ပေါက် ဦးအေးစန်း၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးသဲလွင် MHAMY-၀၀၀၁၆၀က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၂၇၈ အမည်ပေါက် ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန်၏မြေကွက်ကို လက်ရှိ လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဘေဘီဝင်း ၁၂/သလန(နိုင်)၀၆၉၇၅၅ က မြေကွက်စလစ်(မူရင်း) ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၀၇၉၊ အကျယ် စတုရန်းပေ ၂၄၀၀၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၁၀၇၉၊ ကုန်းဘောင် ၁၁လမ်း၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်အုန်းမြင့် ၁၂/ဥကတ(နိုင်)၀၅၄၀၁၇ အမည်ပေါက်လျက်ရှိပြီး ၎င်းကွယ်လွန်သဖြင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၄၉၂၈/၂၀၁၃(၁၇-၁၂-၂၀၁၃)အရ ပိုင်ဆိုင်သူ ခင်ပွန်းဦးအေးမြင့် ၁၂/ဥကတ(နိုင်)၀၅၄၁၀၆[၎င်း၏ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၅၆၉/၂၀၁၄ (၂၁-၃-၂၀၁၄)ရရှိသူ ဦးမျိုးအောင်ထက် ၁၂/ရကန(နိုင်)၀၇၆၁၇၂)]က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး
အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)

ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

အမှတ် ၄၆(ပထမထပ်-ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

စေတနာအထူးပြုနိုင်ငံခြားခရီးစဉ်များ ခင်နန္ဒာ နှင့် သွားစို့နော် (၂၀၁၄-၂၀၁၅) ဗုဒ္ဓဂယာခရီးစဉ်များအတွက် ဝန်ဆောင်မှုအသစ်များ)

သံဝေဇနီယလေးဌာန+အဓိဗဟိုတလေးဌာန+သာဝတ္ထိ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် } (ရန်ကုန်-ဂယာ-ရန်ကုန်)

သံဝေဇနီယလေးဌာန+အဓိဗဟိုတလေးဌာန+တာ့ခ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်

သံဝေဇနီယလေးဌာန+အဓိဗဟိုတလေးဌာန+တာ့ခ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်+ကိုလ်ကတ္တား (ရန်ကုန်-ဂယာ-ကိုလ်ကတ္တား-ရန်ကုန်)

ရန်ကုန်မြို့တွင်း ... (၂)ကြိမ်တင်ဆောင်ပေးမည့် ... Air Bus A 320 ...

၁၂ ရက် - ၉ ညအိပ်၊ နိုဝင်ဘာ ၇၊ ၁၇၊ ဒီဇင်ဘာ ၁၊ ၁၅၊ ဇန်နဝါရီ ၂၆၊ ဖေဖော်ဝါရီ ၉၊ ၂၃၊ မတ် ၉၊ ၂၃၊ ဧပြီ ၆၊

၁၅ ရက် - ၉/၇ ညအိပ် (မြန်မာ) အောက်တိုဘာ ၁၈၊ နိုဝင်ဘာ ၁၅၊ ဒီဇင်ဘာ ၂၀၊ ဖေဖော်ဝါရီ ၁၄၊ ၂၈၊ မတ် ၂၀၊ ဧပြီ ၁၁၊

၁၅ ရက် - ၁၀ ညအိပ် အောက်တိုဘာ ၃၊ ၁၇၊ ၃၁၊ နိုဝင်ဘာ ၇၊ ၁၄၊ ၂၁၊ ၂၈၊ ဒီဇင်ဘာ ၅၊ ၁၂၊ ဇန်နဝါရီ ၉၊ ၃၀၊ ဖေဖော်ဝါရီလ ၆၊ ၁၃၊ ၂၀၊ ၂၇၊ မတ် ၆၊ ၁၃၊ ၂၇၊ ဧပြီ ၃၊ ၁၀၊

ရုံးချုပ် - ... (E)၊ ... ၊ ရန်ကုန်။

ရုံးခွဲ(၁) - ... ၊ ရန်ကုန်။

ရုံးခွဲ(၂) - Gandamar Wholesale ... ၊ ရန်ကုန်။

ပညာအလင်းပြ မူ

ရယာနံ့ရှင် လူပြည်သူအများမျှော်လင့်နေတဲ့စာအုပ်

(၂၀၁၄ - ...)

လယ်တီဆရာတော်ဘုရားကြီး၏

မဟာသရကဂုဏ်တော်ကြီး ပဋ္ဌာနာတော်နှင့် နိဿယ

(... ဦးစံကြည်၏ မြန်မာပြန်နှင့်ပဋ္ဌာန်တော်ပုံ အသံထွက်ညွှန်းပါသည်။)

ပညာအလင်းပြစာအုပ်ဆိုင် (The Knowledge Book Shop)

အမှတ်(၁၇၀)၊ ... ရန်ကုန်မြို့။ ☎ ၀၁ ၂၉၀၉၂၇ ၀၉ ၅၀ ၂၈၇၆၅ ၀၉ ၇၀၅၅၆၂၉၀

ပညာအလင်းပြ မူ

ဗုဒ္ဓဘာသာဝင်တိုင်းအတွက်မသိမဖြစ် - သိမှဖြစ်မည့်

အဂ္ဂမဟာပဏ္ဍိတ - တိပိဋကပါဠိတော်လာ

ကောသမ္ဗိသုတ် ဓမ္မ

ကာလာမသုတ်တော်

မယုံကြည်ရာအကြောင်းတရား ၁၀ ပါး

အနှစ်ချုပ်ဒေသနာ ဗုဒ္ဓဩဝါဒနှင့်

ဦးဖိုးလတ်၏ မြန်မာလို ... (နှစ်စောင်တွဲ)

(၁) ကာလာမသုတ်တော်လာတွင်

(၂) ဆရာကြီးဦးဖိုးလတ်၏ မြန်မာလို ...

→ ... VPP ... ←

ရန်ကုန်မြို့ ☎ 01 383511, ... 181/187 09 51 64857

မန္တလေး { ... ဖုန်း 02-39891 02-72518 / ... ဖုန်း 02-33267 02-39869

ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ပြုခြင်း

မကွေးတိုင်းဒေသကြီး၊ အထက(၁)မကွေးမြို့မှ မသိမ့်မြတ်နိုးဦးသည် ၂၀၁၂-၂၀၁၃(နဝမတန်း)၊ ၂၀၁၃-၂၀၁၄ (ဒသမတန်း)ပညာသင်နှစ်များအတွက် ဘက်စုံပညာထူးချွန် (လူရည်ချွန်) (နှစ်ထပ်ကွမ်း) နှင့် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ပါသောကြောင့် မိသားစုမှဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမီးကြီးအား သူငယ်တန်းမှ အဌမတန်းအထိ နှစ်စဉ်(ပထမ) ဆုရရှိအောင် သင်ကြားပေးပါသော မကွေးပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ဆရာကြီး၊ ဆရာမကြီးများနှင့် နဝမတန်း/ဒသမတန်း(နှစ်ထပ်ကွမ်း) ဘက်စုံပညာထူးချွန်(လူရည်ချွန်) နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်အောင် လေ့ကျင့်သင်ကြားပေးပါသော အထက(၁)မကွေးမှ ဆရာကြီး၊ဆရာမကြီးများ၊ စာသင်ဝိုင်းမှ ဆရာကြီး၊ ဆရာမကြီးများအား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဦးရဲထွန်းမင်း(ဌာနခွဲစာရေးကြီး) - ဒေါ်မိုးမိုးဦး(သူနာပြုဆရာမကြီး)

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ မကွေးမြို့၊ သင်ကြားရေးဆေးရုံ၊ မကွေးမြို့

အာရှစေ့ခရီး ခရီးသွားလုပ်ငန်း

Asian Empress Travels & Tours Co., Ltd.

ထိုင်းနိုင်ငံ ... ခရီးစဉ်

၅ည - ၆ရက် (AFTG) ... ၁၂၅၅ ဒေါ်လာ

ထွက်ခွာမည့်ရက် 02 Aug 2014 (...)

ဘန်ကောက် ... ခရီးစဉ်

၅ည - ၆ရက် ... USD - 2000 ထွက်ခွာမည့်ရက် 10 Jul 2014

...

အမှတ်(၇၄)၊ ... ဖုန်း - ၀၁-၅၁၁၇၁၂ ...

NONE SECOND **နေမျိုးအွယ် ကိုရီးယားဘာသာသင်တန်း**

... EPS-TOPIK

(၂၀၁၄ ...)ကိုရီးယားဘာသာစကားစာမေးပွဲ အထူးသင်တန်း

50% Discount ...

Ph: 09-5070202, 09-420764123, 09-33707869

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးရဲထွန်းမင်း (တိုင်းကျန်းမာ)- ဒေါ်မိုးမိုးဦး (သူနာပြုဆရာမကြီး၊ သင်ကြားရေးဆေးရုံ)တို့၏သမီးမသိမ့်မြတ်နိုးဦး(လူရည်ချွန် နှစ်ထပ်ကွမ်း)သည် ခုံအမှတ် (ဖမ-၂၃၃)ဖြင့် အထက(၁) မကွေးမြို့မှ ဘာသာစုံ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

သူနာပြုအုပ်နှင့်သူနာပြုဆရာ၊ဆရာမများ

သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့

ကမ္ဘာ့အဆိုးတန်းသိမ်းမှု ...

... 09-5117226

ဖောင်းကြွန့်ပါတ်ပြားပျောက်လျောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၇၂၂၇ ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

သီတဂူသုမေဓာဆေးရုံ လမ်းခင်းအလှူ ပါဝင်လှူဒါန်းနိုင်

[illegible] (၂၃-၄-၂၀၁၃) ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သော သီတဂူသုမေဓာဆေးရုံ [illegible] ဆောက်လုပ်ပြီးဖြစ်သော မြေလသားလမ်း (အရှည် - ၂-မိုင်) ကို ကတ္တရာလမ်းအဖြစ် [illegible] ပေ (၁) ပေလျှင် ကျပ် (၃၀၀၀၀/-) [illegible] လမ်းအလှူရှင်အဖြစ် ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူဓမ္မပြည့်ဟိန်းကျော်ဒါနဆေးရုံ (ကျိုက်ထော်မြို့ထောင် ...) ဖုန်း-၀၀ ၉၅၁-၅၃... [illegible]

မြောက်ဥက္ကလာပ ... ဖုန်း-၀၉ ... [illegible]

သီတဂူဓမ္မပြည့်ဟိန်းကျော်ဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

[illegible] (၁၅.၂၀) ရက်တွင် ... [illegible] ... ကျပ် ၅၀၀၀၀/- ကို အလင်းဒါန ... [illegible] ... ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဌာန-ဓမ္မပြည့်ဟိန်းကျော်ဆေးရုံ ... (ဘာသာရေးဆေးခန်း သံလမ်းဘေး)

[illegible] KBZBank(AccountNo.00730200701690301) နှင့်အခြားဘဏ်များ ... ဖုန်း-၀၉ ၅၁၀ ၂၁၉၇၊ ၀၁-၅၄၃၅၉၇

ဆဋ္ဌမအကြိမ်မြောက် ဂါရဝပြုပွဲနှင့် သက်ကြီးပူဇော်ပွဲ

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ ဆဋ္ဌမအကြိမ် ဂါရဝပြုပွဲနှင့်သက်ကြီးပူဇော်ပွဲကို ၂၀-၇-၂၀၁၄ တနင်္ဂနွေနေ့တွင် ... တောင်ဥက္ကလာပ ... ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ... နေ့တွင် အသက် ၇၀ ပြည့်သူ ရန်ကုန်တိုင်းဒေသကြီးမြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဝင် ... ၁၅-၇-၂၀၁၄ နောက်ဆုံးထား ... ပေးပို့ပါရန် ... အားလုံး ကြွရောက်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း
(ရန်ကုန်တိုင်းဒေသကြီး)

၈၈ နှစ်မြောက် မွေးနေ့မင်္ဂလာ

ပုသိမ်မြို့ (၇၇) မရမ်းချောင်းနေ ချစ်မေမေ ဒေါ်ခန်းမြင့် ၏ ၆-၇-၂၀၁၄ နေ့တွင် ကျရောက်သော ၈၈ နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နှောင်နှစ်ပေါင်း (၁၂၀) တိုင်အောင် နေ့စဉ်ပြုလုပ်မြဲဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာ တရားများကိုကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပြီးလျှင် ဝိပဿနာတရားများကို တစ်နေ့တခြား ပွားများအားထုတ်နိုင်ပါစေကြောင်း ချစ်သောသား၊ သမီး၊ မြေးများက ဆုမွန်ကောင်းတောင်းခြွေကြပါသည်။

ချစ်သား၊ သမီး
ဒေါက်တာမိုးထွန်း+ဒေါက်တာရီရီမြင့်
ဒေါက်တာစိန်ဝင်း+ဒေါက်တာခင်ခင်မြင့်
ဦးအောင်သန်းဦး+ဒေါ်တင်မာအေး
ဦးသောင်းထွန်း+ဒေါ်ဖေဖေမြင့်
ဦးအောင်သိန်းလွင်+ဒေါ်အေးအေးသန်း
ဒေါက်တာနေလင်း+ဒေါက်တာဖြူဖြူနိုင်

ချစ်မြေးများ
Raymond Ye Michael Ye
ဆုအိမ့်မြတ်၊ မြည့်မြတ်ဖောင်း၊ ဆုမွန်သဉ္ဇာ
သုရာကင်း၊ မြတ်သူ၊ သိန်းထိုက်အောင်
ရာလ်မျိုး၊ မေသူနိုင်၊ ကောင်းမြတ်လင်း
ဝိမိုးအောင်၊ သန့်ဇင်ဖြိုး
ညက်လင်းထက်၊ ထက်ပတီလင်း

အမည်ပြောင်း

ဦးဌေးဦး ၁၄/မအပ(နိုင်)၁၅၃၁၂၅ ၏ သမီး မဆုမြတ်ဦး Grade-7(A) အထက-၁ သဃ်န်းကျွန်းအား ယနေ့မှစ၍ မဖွန့်ပန်းဇေရီဟု ပြောင်းလဲခေါ်ပါရန်။

ဦးသန့်ဇော် B.Sc, IC, QDA, DMP, MBA, ACCA (Prt)

LCCI I & II (၃)လပြတ်

14 July 2014 ... [illegible]

Sec (F): Mon to Wed 3:30 - 5:30 pm
Sec (G): Sat - Sun 7:00 - 8:45 am

ORION [illegible] 09 5115997

ပျောက်ဆုံးကြောင်း

BROTHER LAND TRADING Co.,Ltd ၏ မူရင်းလိုင်စင်အမှတ် ILV-13-14 1263 30/08/2013 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၀၄၁၄၇

မိုး

[illegible]

မြိတ်မြို့နယ်အသင်း (ရန်ကုန်) ...

နှစ် (၁၀၀) ပြည့် မြိတ်အသင်း အမှတ်တရ ပန်းချီပြပွဲ

ရန်ကုန်ရောက် မြိတ်သားပန်းချီဆရာများ စုပေါင်းကာ
၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပပါမည်

[illegible]

[illegible]

ကန့်ကွက်ရန်ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ သုဝဏ္ဏ (လူသုံးကုန်အနီး)၊ မြေကွက်အမှတ် ၈၂၊ မြေကွက်တည်နေရာအမှတ် ၈၂၊ မြရိပ်မွန်လမ်းသွယ်၊ ၃၀ ရပ်ကွက်၊ သဃ်န်းကျွန်း၊ ဦးကျော်လင်း အမည် ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်လင်း ၁၂/လမတ(နိုင်)၀၀၀၀၀၇ ထံမှ GP No- ၁၃၃၄၆/၁၉-၅-၁၄ ရသူ ဒေါ်ဝင်းမာ ၁၂/သဃက(နိုင်) ၀၈၃၇၄၅ က ပါဝါပေးသူ သက်ရှိထင်ရှားရှိ ကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေး ကြောင်း ကျမ်းကျိန်လွှာနှင့် ၂၀၀၈ ခုနှစ် အရောင်းမြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ကြီးမင်းသော်တာ(ငြိမ်း)(တေဇ-၁၁)ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ- ဆရာမဒေါ်တင်ဌေးနု(အထက-ခွဲ၊ ဖ)တို့၏ တစ်ဦးတည်းသောသားဖြစ်သည့် မောင်သူရိန်မျိုးသော်သည် ၂၀၁၄ခုနှစ် ဘက်စုံပညာထူးချွန်ဆု(လူရည်ချွန်)နှင့် ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာစာ၊ ဓာတုဗေဒ၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သောကြောင့် မိဘများနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့သားကောင်းရတနာတစ်ဦးဖြစ်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗိုလ်မှူးကြီး မြဝင်း(ငြိမ်း)(တေဇ-၉)
ဒုတိယဗိုလ်မှူးကြီး အေးသွင်(ငြိမ်း)(တေဇ-၉)
ဗိုလ်ကြီး လှတင်ဦး(ငြိမ်း)(တေဇ-၁၃)

ဆရာသူရိန်စိုး ဗေဒင်ဗေဒ

ဖုန်း 09-5078612

[illegible]

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၂၀၄၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းသွားခရီးသည်တင်ယာဉ်)

၁။ အုပ်ချုပ်ရေးမှူး (သို့) ကြီးကြပ်ရေးမှူး (ရန်ကုန် - မန္တလေး) ကျား/မ(၅)ဦး
၂။ သွင်းကုန်/ထုတ်ကုန် MICB, MFTB လုပ်ငန်းကျွမ်းကျင်သူ မ(၅)ဦး
၃။ စာရင်းကိုင်၊ စာရင်းစစ်ဝန်ထမ်း မ(၁၀)ဦး
၄။ ယာဉ်မောင်း ကျား(၅)ဦး
၅။ အထွေထွေဝန်ထမ်း ကျား(၁၀)ဦး
၆။ ညစောင့် ကျား(၅)ဦး

[illegible] ... (၂) ပုံနှင့် ... (၁) ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
လူတွေ့စစ်ဆေးမည့်ရက် - ... (နံနက် - ၁၀နာရီ)
[illegible] - အမှတ် (၃၅ - ...)၊ [illegible] ရန်ကုန်မြို့။

ရောင်းမည်

တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်း လမ်းမကြီးပေါ် ဇလွှာ Pent House, ပေ(၄၈×၇၃)၊ sqft -3504၊ 1MB, 1B, 2A/C, ပါကေးခင်း , Lift

ဖုန်း-၀၉-၅၁၆၀၇၇၈၊ ၀၉-၅၀၈၉၉၄၅

ဦးအောင်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော
"[illegible]" [illegible]

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို (၁၅-၇-၂၀၁၄)တွင်ဖွင့်လှစ်ပါမည်။ ... တန်းခွဲသစ်များရှိပါသည်။

အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံပိုင်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၈၀၅၊ ၀၉-၄၃၀၉၇၅၁၇

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊မြေကွက်အမှတ် ၁၂၂ အမည်ပေါက် ဒေါ်ရင်လှ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးစိုးဟန် ၁/ကတန(နိုင်)၀၀၈၉၄၇ က မြေကွက်စလစ် (မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရောင်းရန်ရှိသည်

Mercedes Beng C 250 Luxury Saloon 1800 CC (L.H.D)7 AT
အဖြူရောင်(ယာယီ) 24000 KM
ဈေးနှုန်း ကျပ်သိန်း ၆၅၀ (ညှိနှိုင်း)
ဖုန်း-၀၉-၇၃၂၀၁၇၈၄

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8363၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အသင်းရဲ့ အရည်အချင်းကို ကျေနပ်မိတယ်လို့ဆိုတဲ့ ဘရာဇီးနည်းပြ စကိုလာရီ

အောင်က

ဘရာဇီးအသင်းရဲ့ တစ်ကျော့ပြန် နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ စကိုလာရီကတော့ ကွာတားဖိုင်နယ်အဆင့်မှာ ကိုလံဘီယာအသင်းကိုအနိုင်ကစားခဲ့တာနဲ့ ပတ်သက်ပြီး ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဘရာဇီးအသင်းဟာ ခုနစ်မိနစ်မှာ ဒေးဗစ်ဆေးဗားလ်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ဒုတိယပိုင်း ၆၈ မိနစ်မှာတော့ လူးဝစ်ဇ်က ဒုတိယမြောက်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် မိနစ် ၈၀ မှာတော့ ကိုလံဘီယာအသင်းကနေ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ပြီး အဲဒီပင်နယ်တီကို ကိုလံဘီယာကစားသမား ရိုဒရီဂွက်ဇ်က ချေပဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကိုလံဘီယာအသင်းဟာ နောက်ဆုံးပွဲပြီးချိန်အထိ ထပ်မံချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိတာကြောင့် နောက်ဆုံးမှာတော့ ဘရာဇီးအသင်းဟာ ၂-၁ နဲ့ အနိုင်ရှိခဲ့တာ ဖြစ်ပါတယ်။

အသင်းနဲ့ပတ်သက်ပြီး ဘရာဇီးအသင်းနည်းပြ စကိုလာရီက“ချီလီနဲ့ ပွဲပြီးကတည်းက ကျွန်တော်တို့အသင်းဟာ ပွဲပန်းမှုပြဿနာမရှိပါဘူး။ ဒါကြောင့်လည်း ကိုလံဘီယာအသင်းနဲ့ ပွဲမှာတော့အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ အသင်းရဲ့ ကြံ့ခိုင်မှုဟာ အကောင်းဆုံးရှိနေပြီး ပထမပိုင်းမှာ ကျွန်တော်တို့အသင်းရဲ့ကစားပုံကို ကြည့်ရုံနဲ့သိသာပါတယ်။ ကျွန်တော်တို့အသင်းသာ နှစ်ဂိုးထက်ပိုပြီး ရရှိခဲ့မယ်ဆိုရင် အခုထက်ပိုပြီးတောင် အေးအေးဆေးဆေးကစားနိုင်မှာပါ။ သူတို့အသင်းဟာ တိုက်စစ်မှူးသုံးဦးနဲ့ အကောင်းဆုံးတိုက်စစ်ဆင်ကစားတာကိုလည်း တွေ့ရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ ကစားသမားတွေက ပိုမိုအားစိုက်ပြီး ပွဲကိုအကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့တာကြောင့် အနိုင်ရရှိခဲ့တယ်လို့ထင်ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ ဆုဖလားရရှိဖို့က နောက်နှစ်ဆင့်ပဲရှိပါတော့တယ်။ ကျွန်တော်တို့အနေနဲ့ မျှော်လင့်ထားတဲ့အတိုင်း လုပ်နိုင်လိမ့်မယ်လို့လည်း ထင်မိပါတယ်”လို့ ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ဘရာဇီးအသင်းခံစစ်မှူး လူးဝစ်ဇ်ကလည်း ကိုလံဘီယာအသင်းကို အကောင်းဆုံးအနိုင်ရရှိအောင် ကစားနိုင်ခဲ့တဲ့အတွက် သူ့ရဲ့အသင်းဖော်တွေကို ချီးကျူးစကားပြောဆိုလိုက်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး လူးဝစ်ဇ်က “ကိုလံဘီယာအသင်းနဲ့ပွဲမှာ အကောင်းဆုံးကစားပေးခဲ့ကြတဲ့ အသင်းဖော်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အသင်းဟာ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အသင်းဟာ လာမယ့်ဆီမီးဖိုင်နယ်အဆင့်မှာတော့ ဂျာမနီအသင်းနဲ့တွေ့ဆုံကစားရမှာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ အကောင်းဆုံးအရည်အချင်းကိုပြသပြီး အနိုင်ကစားနိုင်လိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။ အဲဒါဟာ နောက်ထပ်ကြည့်ကောင်းမယ့် ပွဲတစ်ပွဲဖြစ်မှာတော့ သေချာပါတယ်”လို့ ပြောဆိုခဲ့ပါတယ်။

စကိုလာရီ



ရှုံးနိမ့်သော်လည်း ကျေနပ်နေသည့် ရိုဒရီဂွက်ဇ်

ဖြိုးဒေါ်လာ

ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်က သူနှင့် သူ့အသင်းသားများသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည့်အတွက် စိတ်ပျက်မိသော်လည်း ယခုကဲ့သို့ လုပ်ဆောင်နိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူမိသည်ဟု ပြောဆိုသွားသည်။ နည်းပြ ပီကာမန်းကိုင်တွယ်နေသည့် ကိုလံဘီယာအသင်းသည် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်း၏သမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်အထိ ခြေစွမ်းပြကစားခဲ့သည်။ သို့သော်လည်း ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်ဘရာဇီးအသင်းကို ၂-၁ ဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ *စာမျက်နှာ ၂ သို့*

ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများရဲ့ အချက်အလက်များ

ဂူတီယာရက်ဇ်

ဖရက်ဒ်

ပေါ့ဂ်ဘာ

ဘော်ဂတ်စ်

ပြီးခဲ့တဲ့ရက်က ကမ္ဘာ့ဖလားနဲ့ အသင်းများရဲ့ စွမ်းဆောင်ရည်များဆိုတဲ့ ခေါင်းစဉ်နဲ့အတူ ဘောလုံးပေးပို့မှုနဲ့ ပေးပို့မှုတိကျခြင်း၊ ဂိုးကန်သွင်းမှုတိကျခြင်း၊ ဖြတ်တင်ဘောအကောင်းဆုံး ရှင်းထုတ်နိုင်မှု၊ ဂိုးပေါက်လွဲချော်မှုတို့ကို ဖော်ပြပေးခဲ့ပြီးရာမှာတော့ ဒီရက်မှာ အသင်းတွေရဲ့ အနေအထားကို ပိုမိုသုံးသပ်ဝေဖန်နိုင်ဖို့ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း၊ ဂိုးကံခေမှု၊ ဘောလုံးဆွဲပြေးမှု၊ ဖျက်ထုတ်မှု၊ ပြစ်ဒဏ်ကျူးလွန်မှုတို့ကို ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများရဲ့ အချက်အလက်များဆိုတဲ့ ခေါင်းစဉ်နဲ့ ထပ်မံ ဖော်ပြပေးလိုက်ပါတယ်။

၁။ ဂိုးအဖြစ်ပြောင်းလဲနိုင်မှု

ဒီအချက်မှာတော့ ကိုလံဘီယာက အကောင်းဆုံးပဲ။ ကိုလံဘီယာဟာ သူတို့ရဲ့ စုစုပေါင်းကန်သွင်းချက် ၃၀. ၅ ရာခိုင်နှုန်းကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး သူ့ရဲ့နောက်မှာတော့ ဟော်လန်က ၂၇. ၉ရာခိုင်နှုန်းနဲ့ ဒုတိယအကောင်းဆုံး အသင်းအဖြစ် ရပ်တည်ထားပါတယ်။ ဒီပြိုင်ပွဲမှာ ဂိုးအဖြစ်ပြောင်းလဲနိုင်မှု အကောင်းဆုံး ၁၀ သင်းကို ချပြရရင် ဒီလိုတွေ့ရမှာပါ။

အသင်း	ဂိုးအဖြစ်ပြောင်းလဲနိုင်မှု	အသင်း	ဂိုးအဖြစ်ပြောင်းလဲနိုင်မှု
ကိုလံဘီယာ	၃၀. ၅ %	ဂျာမနီ	၁၇. ၃ %
ဟော်လန်	၂၇. ၉ %	ကော်စတာရီကာ	၁၆. ၆ %
အယ်လ်ဂျီးရီးယား	၂၀. ၈ %	ပြင်သစ်	၁၆. ၃ %
ချီလီ	၁၈. ၇ %	ဘရာဇီး	၁၅. ၆ %
ခရိုအေးရှား	၁၇. ၆ %	စပိန်	၁၅. ၃ %

၂။ ဂိုးကံခေမှု

ဒီအချက်မှာတော့ ပြင်သစ်က အဆိုးဆုံးပါပဲ။ ပြင်သစ်ဟာ ဒီပြိုင်ပွဲမှာ ဒီဂျမန်၊ ဟာထရီတို့ရဲ့ ကန်ချက်တွေ အပါအဝင် တိုင်ထိထွက်မှု၊ ဘားတန်ထိထွက်မှုတွေနဲ့ ခြောက်ကြိမ်တိုင် ကြုံတွေ့ခဲ့ပြီး သူ့ရဲ့ နောက်မှာတော့ ဂရိက လေးကြိမ်နဲ့ ဒုတိယဂိုးကံအခေဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။ ဂိုးကံအခေဆုံးအသင်းကို ချပြရမယ်ဆိုရင် ဒီလိုတွေ့ရမှာပါ။

အသင်း	ဂိုးအဖြစ်ပြောင်းလဲနိုင်မှု	အသင်း	ဂိုးအဖြစ်ပြောင်းလဲနိုင်မှု
ပြင်သစ်	၆	အီတလီ	၂
ဂရိ	၄	ဘယ်လ်ဂျီယံ	၂
ဟော်လန်	၃	ဆွစ်ဇာလန်	၁
ကင်မရွန်း	၃	တောင်ကိုရီးယား	၁
ပေါ်တူဂီ	၂	မက္ကဆီကို	၁

၃။ ဘောလုံးဆွဲပြေးနိုင်မှု

ဒီနေရာမှာတော့ ဘရာဇီးထိပ်ဆုံးမှာရှိနေပါတယ်။ ဘရာဇီးဟာ ဒီကမ္ဘာ့ဖလားပွဲမှာ ဘောလုံးဆွဲပြေးနိုင်မှု စုစုပေါင်း ၁၂၈ကြိမ်အထိ ပြုလုပ်နိုင်ခဲ့တာ နေမာနဲ့အော်စကာတို့ဟာ နှစ်ဦးပေါင်း ဘောလုံးဆွဲပြေးမှု ၅၇ ကြိမ်တိတိ ပြုလုပ်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ တစ်ဦးချင်းအနေနဲ့ မက်ဆီဟာ ဘောလုံးဆွဲပြေးနိုင်မှုမှာ အကောင်းဆုံးအဖြစ် ၄၁ ကြိမ်နဲ့ ရပ်တည်နိုင်ခဲ့ပေမယ့် အသင်းလိုက်အားမှာတော့ အာဂျင်တီးနားဟာ ၁၀၃ ကြိမ်သာ ဘောလုံးဆွဲပြေးနိုင်ခဲ့တဲ့အတွက် တတိယနေရာမှာသာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါဟာ အာဂျင်တီးနားရဲ့ မက်ဆီအပေါ် အားကိုးမှုကို မြင်သာစေသလို ဘောလုံးဆွဲပြေးမှုအပြုလုပ်နိုင်ဆုံးအသင်း ၁၀ သင်းကို ချပြရမယ်ဆိုရင်လည်း အခုလို တွေ့ရပါလိမ့်မယ်။

အသင်း	ဂိုးအဖြစ်ပြောင်းလဲနိုင်မှု	အသင်း	ဂိုးအဖြစ်ပြောင်းလဲနိုင်မှု
ဘရာဇီး	၁၂၈	ဂရိ	၉၁
ဘယ်လ်ဂျီယံ	၁၁၆	အယ်လ်ဂျီးရီးယား	၇၈
အာဂျင်တီးနား	၁၀၃	ကိုလံဘီယာ	၇၇
နိုင်ဂျီးရီးယား	၉၇	အိုင်ဗရီကို့စ်	၇၅
အမေရိကန်	၉၅	အင်္ဂလန်	၇၂

၄။ ဖျက်ထုတ်နိုင်မှု

ဒီအချက်မှာလည်း ဘရာဇီးက အားအကောင်းဆုံးပါပဲ။ ဘရာဇီးဟာ ဒီပြိုင်ပွဲမှာ ဘောလုံးဖျက်ထုတ်နိုင်မှု ၉၄ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ကာ အာဂျင်တီးနားကတော့ ဘောလုံးဖျက်ထုတ်မှု ၉၃ ကြိမ်နဲ့ အယ်လ်ဂျီးရီးယားကလည်း ဘောလုံးဖျက်ထုတ်မှု ၉၃ ကြိမ်ပြုလုပ်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဖျက်ထုတ်မှုအား အကောင်းဆုံး ၁၀ သင်းကို ချပြရမယ်ဆိုရင်တော့ ဒီလိုတွေ့ရမှာပါ။

အသင်း	ဂိုးအဖြစ်ပြောင်းလဲနိုင်မှု	အသင်း	ဂိုးအဖြစ်ပြောင်းလဲနိုင်မှု
ဘရာဇီး	၉၄	ကိုလံဘီယာ	၈၂
အာဂျင်တီးနား	၉၃	ဟော်လန်	၈၁
အယ်လ်ဂျီးရီးယား	၉၃	ကော်စတာရီကာ	၈၁
ဆွစ်ဇာလန်	၈၈	ဘယ်လ်ဂျီယံ	၇၈
အမေရိကန်	၈၄	နိုင်ဂျီးရီးယား	၇၇

၅။ ပြစ်ဒဏ်ကျူးလွန်မှု

ဒီအချက်မှာတော့ ကော်စတာရီကာကို ဘယ်သူမှမမီပါဘူး။ ကော်စတာရီကာဟာ ပြိုင်ဘက်ရဲ့ ကစားအားကို ဟန့်တားခဲ့ရာမှ စုစုပေါင်း ပြစ်ဒဏ် ၈၁ ကြိမ်ကျူးလွန်ခဲ့ကာ ပြစ်ဒဏ်ကျူးလွန်မှုအများဆုံးအသင်း ၁၀ သင်းကို ချပြရမယ်ဆိုရင်တော့ အခုလို တွေ့ရပါလိမ့်မယ်။

အသင်း	ပြစ်ဒဏ်ကျူးလွန်မှု	အသင်း	ပြစ်ဒဏ်ကျူးလွန်မှု
ကော်စတာရီကာ	၈၁	ဆွစ်ဇာလန်	၆၇
ဟော်လန်	၇၆	ကိုလံဘီယာ	၆၇
ဥရုဂွေး	၇၃	ဘရာဇီး	၆၄
ဘယ်လ်ဂျီယံ	၇၃	ချီလီ	၆၁
အယ်လ်ဂျီးရီးယား	၆၉	ဂရိ	၆၀

■ ဝေမိုးဆက်

ရှုံးနိမ့်သော်လည်း ကျေနပ်နေသည့် ရိုဒရီဂွက်ဇ်မှ

ရိုဒရီဂွက်ဇ်က "ကျွန်တော်တို့ပြိုင်ပွဲကနေထွက်ခဲ့ရလို့ ဝမ်းနည်းမိပေမယ့် ဒီလောက်အထိ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ နည်းပြရဲ့ ဆုံးဖြတ်ချက်အများတွေရှိနေခဲ့ပေမယ့် ဘရာဇီးအသင်းဟာ တကယ်ကောင်းတဲ့ အသင်းပါ။ ဒေးဗစ်လူးဝစ်ဇ်နဲ့ အဲလ်ဗက်စ်တို့ကတော့ တကယ်ကို ထူးချွန်တဲ့ ကစားသမားတွေပါ။ ကျွန်တော်တို့ဟာ အောင်မြင်မှုတွေကို ရယူပေးချင်ခဲ့တာပါ။ ဒီအတွက် အားပေးတဲ့ ကိုလံဘီယာပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဝမ်းနည်းခဲ့ရတယ်ဆိုပေမယ့် ဒီလောက်အထိ လုပ်နိုင်ခဲ့တဲ့အတွက်ကိုလည်း ဂုဏ်ယူမိပါတယ်" ဟု ပြောသွားသည်။

ရိုဒရီဂွက်ဇ်သည် ဘရာဇီးနှင့်ကစားခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် အသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် ယခု ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်ရှိအချိန်အထိ သွင်းဂိုးခြောက်ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်နေသည်။

မိမိတို့အသင်းဟာ ကမ္ဘာ့ထိပ်တန်းအသင်းနဲ့ ရင်ဆိုင်ရတော့မှာဖြစ်လို့ အမှားအယွင်းမရှိအောင် ကစားကြရတော့မှာဖြစ်တယ်လို့ ဂျာမနီကွင်းလယ်ကစားသမားအိုဇေးလ်က သတိပေးပြောကြားလိုက်ပါတယ်။ အိုဇေးလ်ဟာ ဂျာမနီအသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်ပြီး အသင်းအတွက် နိုင်ပွဲတွေရရှိအောင် စွမ်းဆောင်ပေးနေတဲ့ ကွင်းလယ်ကစားသမားလည်း ဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ ကွာတားဖိုင်နယ်ပွဲစဉ်မှာ ပြင်သစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး အခုဆိုရင် ၂၀၁၄ ကမ္ဘာ့ဖလားပွဲမှာ အကြိုဗိုလ်လုပွဲကို တက်ရောက်ခဲ့ပြီဖြစ်ပါတယ်။

ထိပ်တန်းအသင်းနှင့် ရင်ဆိုင်ရတော့မည်ဆိုတဲ့ အိုဇေးလ်

အိုဇေးလ်

အကြိုဗိုလ်လုပွဲမှာ ရင်ဆိုင်ရမယ့် ဘရာဇီးအသင်းဟာ အိမ်ရှင်ဆိုတဲ့ အားသာချက်ရှိနေတဲ့အပြင် ရာသီဥတုကလည်း အသားကျပြီးသားဖြစ်နေတာမို့ ကျွန်တော်တို့အမှားပြုလုပ်လို့မရပါဘူး။ အားလုံးညီညီညွတ်ညွတ်စုစုစည်းစည်းနဲ့ ကစားမှရမှာဖြစ်ပါတယ်။ ဘရာဇီးဟာ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်ပြီး တစ်ပွဲပြီးတစ်ပွဲခြေစွမ်းကောင်းမွန်လာတာမို့ ကျွန်တော်တို့ အထူးသတိထားပြီး ကစားရမှာဖြစ်ပါတယ်"လို့ အိုဇေးလ်က ပြောကြားပါတယ်။

ဂျာမနီအသင်းဟာ ကမ္ဘာ့ဖလားချန်ပီယံသုံးကြိမ်ရရှိခဲ့ပေမယ့် ၁၉၉၈ ခုနှစ်နောက်ပိုင်းမှာတော့ ယခုအကြိမ်ဟာ အကြိုဗိုလ်လုပွဲကို စတုတ္ထအကြိမ်တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၆ ကမ္ဘာ့ဖလားပွဲနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပွဲတွေမှာ တတိယရရှိခဲ့တဲ့ ဂျာမနီအသင်းဟာ အခုကမ္ဘာ့ဖလားပွဲမှာတော့ ချန်ပီယံဖြစ်ရေး စိတ်ဓာတ်ပြင်းထန်နေတဲ့အသင်းလည်း ဖြစ်ပါတယ်။

"ကျွန်တော်တို့အတွက် ကမ္ဘာ့ဖလားရယူရေးဟာ လက်တစ်ကမ်းအလို ရောက်ရှိနေပါပြီ။ ဒီလိုအခြေအနေက လွဲချော်သွားတာမျိုးအဖြစ်မခံနိုင်ပါဘူး။ ပြိုင်ဘက်ဘရာဇီးအသင်းကိုလည်း အလေးအနက်ထားရပါလိမ့်မယ်။ ဒါပေမယ့် စိုးရိမ်စိတ်တော့မရှိပါဘူး။ ကျွန်တော်တို့ နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ရှိမယ်လို့ ယုံကြည်နေပါတယ်"လို့ အိုဇေးလ်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဂျာမနီအသင်းချန်ပီယံဖြစ်မယ်လို့ ရေပန်းစားလာမှုအပေါ် " ပထမဆုံးအကြိုဗိုလ်လုပွဲမှာ အနိုင်ရဖို့ပဲ စိတ်ထဲမှာထားပြီး ကြိုးစားသွားမှာဖြစ်ပါတယ်"လို့ အိုဇေးလ်က ပြောကြားသွားပါတယ်။

ကိုဝ

ဂုဏ်ယူစရာတွေနဲ့အတူ အဆုံးသတ်သွားခဲ့ပြီဖြစ်တဲ့ ကိုလံဘီယာ၏ ကမ္ဘာ့ဖလားခရီးမှ

သွင်းယူခဲ့တဲ့ သွင်းဂိုးတွေအနက် ဒုတိယမြောက်အများဆုံး ပမာဏဖြစ်ခဲ့တယ်။ ၁၆ သင်းအဆင့်မှာ ဥရုဂွေးအသင်းနဲ့ ဆုံတွေ့တဲ့ပွဲမှာ နှစ်ဂိုး သွင်းယူနိုင်ခဲ့သလို ဘရာဇီးကို ရှုံးနိမ့်ခဲ့ရတဲ့ ကွာတားဖိုင်နယ်အဆင့်မှာလည်း ကိုလံဘီယာက တစ်ဂိုးသွင်းယူနိုင်ခဲ့တယ်။ ဒါကြောင့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကိုလံဘီယာအသင်းဟာ ၁၂ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မှု သမိုင်းတစ်လျှောက် အများပြားဆုံး သွင်းဂိုးပမာဏကိုလည်း ရယူနိုင်ခဲ့တယ်။

ပြောရရင် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ကိုလံဘီယာအသင်း တိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ် အတွက်လည်း အကောင်းဆုံးပြိုင်ပွဲတစ်ခုဖြစ်ခဲ့တယ်။ ၂၀၁၁ ခုနှစ်မှာ ကိုလံဘီယာလက်ရွေးစင်အသင်းအတွက် စတင်ပါဝင်ခွင့်ရရှိခဲ့တဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကိုလံဘီယာအသင်းအတွက် ပွဲတိုင်းဂိုးသွင်းယူပေးနိုင်ခဲ့သလို အသင်းဖော်တွေအတွက်လည်း ဂိုးသွင်းခွင့် အကြိမ်ကြိမ် ဖန်တီးပေးနိုင်ခဲ့တယ်။ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြောက်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်တယ်။

ဒီသွင်းဂိုးပမာဏဟာ ၁၉၇၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကစပြီး ၁၉၉၈ ခုနှစ်အထိ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆုရရှိခဲ့တဲ့ ကစားသမားတွေ သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးပမာဏဖြစ်တယ်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးတိုက်စစ်မှူးဟောင်း ရော်နယ်ဒိုက ရှစ်ဂိုးသွင်းယူပြီး ဂိုးသွင်းအများဆုံးဆုရရှိခဲ့ပေမယ့် ၂၀၀၆ နဲ့ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာတော့ ဂိုးသွင်းအများဆုံးကစားသမားတွေရဲ့ သွင်းဂိုးပမာဏက ငါးဂိုးသာရှိတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားစာရင်းမှာ ဘရာဇီး၊ အာဂျင်တီးနား၊ ဥရုဂွေး၊ ချီလီတို့လို တောင်အမေရိကအသင်းတွေက ကစားသမားတွေ ပါဝင်ခဲ့ပေမယ့် ကိုလံဘီယာ ကစားသမားတစ်ဦးမှ ပါဝင်နိုင်ခြင်းမရှိခဲ့ဘူး။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ကိုလံဘီယာအသင်းအတွက် ပြီးဆုံးသွားခဲ့ပြီဖြစ်ပေမယ့် ဂုဏ်ယူဖွယ်စွမ်းဆောင်နိုင်မှုတွေကြောင့် ကိုလံဘီယာအသင်းနဲ့ ပရိသတ်တွေအတွက် မမေ့နိုင်တဲ့ပြိုင်ပွဲတစ်ခုဖြစ်ခဲ့ပြီဆိုတာကတော့ အသေအချာပဲဖြစ်ပါတယ်။

ဝေဖန်မှုတွေခံနေရတဲ့ ဂါနာအသင်းနဲ့ နုတ်ထွက်ဖို့ကြိုးစားနေတဲ့ ဂိုးသမား ကာဝါရာဆေး

၂၀၁၄ကမ္ဘာ့ဖလားမှာ မထင်မှတ်တဲ့အသင်းတွေဟာ အောင်မြင်မှုတွေရရှိနေသလို တချို့အသင်းကြီးတွေဟာလည်း အကြီးအကျယ်ကျရှုံးခဲ့မှုတွေလည်း ရှိခဲ့ပါတယ်။ အဲဒီထဲမှာပဲ ရှုံးနိမ့်မှုတွေနဲ့ အိမ်ကို စောစီးစွာ လှည့်ပြန်ခဲ့ရတဲ့ အသင်းတွေကတော့ အာရှအသင်းတွေနဲ့ အာဖရိကအသင်းတွေပါပဲ။

လတ်တလောအချိန်မှာ ကျရှုံးမှုတွေနဲ့အတူ ဝေဖန်မှုတွေခံနေရတဲ့ အသင်းကတော့ တောင်အာဖရိကအသင်းဖြစ်တဲ့ ဂါနာအသင်းပါပဲ။ အဲဒီလို အခြေအနေတွေကြောင့် ဂါနာအသင်းရဲ့ အဓိကဂိုးသမားတစ်ဦးဖြစ်တဲ့ ကာဝါရာဆေးက သူ့အနေနဲ့ နိုင်ငံအသင်းကနေ နုတ်ထွက်သွားဖို့ ရှိနိုင်တယ်လို့ ပြောဆိုလိုက်ပါတယ်။

ဒါ့အပြင်ကာဝါရာဆေးက ဂါနာဘောလုံးအဖွဲ့ချုပ်အနေနဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ကြိုတင်ပြင်ဆင်မှုတွေနဲ့ ကြီးကြပ်ကွပ်ကဲမှုတွေမှာလည်း ကောင်းမွန်ခြင်းမရှိခဲ့ကြောင်းလည်း ထုတ်ဖော်ပြောဆိုလိုက်ပြီး ပရင့်ဘိုတန်နဲ့ မွန်တာရီတို့အနေနဲ့ အသင်းအတွက် အကောင်းဆုံးရပ်တည်ပေးခဲ့ခြင်းဖြစ်ကြောင်းကိုလည်း အားပေးပြောဆိုလိုက်ပါတယ်။

မွန်တာရီဟာ ဂါနာဘောလုံးအဖွဲ့ ကော်မတီဝင်တစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားခဲ့သလို ဘိုတန်ဟာလည်း အသင်းရဲ့ နည်းပြဖြစ်သူ ကစ်ရှီနဲ့လည်း ပြဿနာတက်ခဲ့တာကြောင့် ဂါနာအသင်းရဲ့ နောက်ဆုံးပွဲဖြစ်တဲ့ အုပ်စုနောက်ဆုံးပွဲစဉ်မှာ ပါဝင်ကစားနိုင်ခြင်းမရှိဘဲ ဂါနာနိုင်ငံကို ပြန်ခဲ့ရပါတယ်။

ဒါပေမယ့် ကာဝါရာဆေးက မွန်တာရီနဲ့ ဘိုတန်တို့ရဲ့လုပ်ရပ်ဟာ မှန်ကန်တဲ့ လုပ်ရပ်ဖြစ်ကြောင်းနဲ့ သူနဲ့လည်း သဘောထားချင်း တိုက်ဆိုင်မှုရှိကြောင်း ပြောဆိုလိုက်ပါတယ်။

မွန်တာရီနဲ့ ဘိုတန်တို့ကို ပွဲပယ်ပြစ်ဒဏ်ချကာ ဂါနာသို့ပြန်ခိုင်းလိုက်ခြင်းနဲ့ပတ်သက်ပြီးကာဝါရာဆေးက " သူတို့ကို ပြစ်ဒဏ်ချမှတ်ပြီး ဂါနာအသင်းရဲ့နောက်ဆုံးပွဲမှာ ပါဝင်ကစားခွင့် မပြုတာဟာ လုံးဝမတရားဘူးလို့ ထင်မိပါတယ်။ ကျွန်တော်တို့ကတော့ သူတို့ လုပ်ခဲ့တာဟာ မှားယွင်းတယ်လို့ မထင်မိပါဘူး။ သူတို့ဟာ အသင်းမှာ နားနေရတဲ့ ကစားသမားတွေဘက်ကနေ ရပ်တည်ပေးခဲ့တာပါ။ သူတို့ဟာ အမှန်ကို ပြောလို့လည်း အခုလိုပြဿနာ ဖြစ်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့လည်း အသင်းကနေ နုတ်ထွက်သွားဖို့ရှိပါတယ်"လို့ ပြောဆိုခဲ့ပါတယ်။

ဒါတင်မကပါဘူး။ ဂါနာအသင်းကွင်းလယ်ကစားသမား အက်ဆီယံကလည်း ဂါနာဘောလုံးအဖွဲ့ချုပ်အနေနဲ့ နောက်ဆုံးပွဲစဉ်မှာ လုပ်ဆောင်ခဲ့တဲ့ အရာတွေနဲ့ပတ်သက်ပြီး အမှန်ကို ထုတ်ဖော်ပြောဆိုဖို့ကိုလည်း တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

အောင်က

ကျောရိုးအဆစ်အက်သွားသည့် နေမာ လက်ကျန်ပွဲစဉ်များ လွဲချော်ရဖွယ်ရှိနေ

ဘရာဇီးအသင်း၏ အဓိကတိုက်စစ်မှူး နေမာသည် ကိုလံဘီယာနှင့်ကစားသည့် ကွာတားဖိုင်နယ်ပွဲတွင် ကျောရိုးအဆစ် အက်သွားခဲ့သည့်အတွက် လက်ကျန်ကမ္ဘာ့ဖလားပွဲစဉ်များကို ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။

နေမာသည် အဆိုပါဒဏ်ရာကို ဘရာဇီးအသင်းက ကိုလံဘီယာကို ၂-၁ ဖြင့် အနိုင်ရရှိနေစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် နေမာကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရပြီးနောက် နည်းပြစကိုလာရီက နေမာသည် ဂျာမနီအသင်းနှင့်ကစားရမည့် ဆီမီးဖိုင်နယ်ပွဲကို လွဲချော်နိုင်သည်ဟု ယေဘုယျအားဖြင့် ပြောဆိုသွားခဲ့သည်။

သို့သော် ဘရာဇီးအသင်း၏ ဆေးအဖွဲ့ဆရာဝန်ဖြစ်သည့် လက်စ်မာ၏ ပြောဆိုချက်အရ နေမာသည် အဆိုပါ ကျောရိုးဆစ်အက်သွားခဲ့သည့်အတွက် အနည်းဆုံး တစ်ပတ်ခန့်အနားယူသွားရမည်ဟု ပြောဆိုလိုက်သည်။

လက်စ်မာက "နေမာရဲ့ဒဏ်ရာက အလွန်စိုးရိမ်ရမယ့် အခြေအနေမဟုတ်လို့ ခွဲစိတ်မှုတွေတော့ ပြုလုပ်သွားရဖို့မရှိပါဘူး။ ဒါပေမယ့် ဒဏ်ရာကနေ သက်သာလာဖို့ဆိုရင်တော့ မလှုပ်မရှားနေရဖို့တော့ လိုပါလိမ့်မယ်။ နောက်ပွဲမှာတော့ သူကစားနိုင်တော့မှာမဟုတ်ပါဘူး"ဟု ပြောသွားသည်။

ဘရာဇီး အသင်းအတွက် ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း လေးဂိုးအထိသွင်းယူပေးထားသည့် အဓိကတိုက်စစ်ကစားသမား နေမာ ယခုကဲ့သို့ ဒဏ်ရာရရှိခဲ့ခြင်းသည် ဘရာဇီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ခုဖြစ်သည်။

ဘရာဇီးအသင်း၏ နောက်ဆုံးသွင်းယူထားသည့် နောက်ဆုံး သုံးဂိုးမှာ တည်ကန်ဘောများမှ ရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါ သုံးဂိုးအနက် တိုက်စစ်မှူး ဖရက်ဒ်က တစ်ဂိုးသွင်းယူပေးထားသည်။

ထို့အပြင် ဘရာဇီးအသင်း၏ အသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗားမှာလည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ဂျာမနီနှင့်ကစားမည့်ပွဲတွင် ပါဝင်နိုင်မည် မဟုတ်ပေ။

ဖြိုးဒေါ်လာ

ဂုဏ်ယူစရာတွေနဲ့အတူ အဆုံးသတ်သွားခဲ့ပြီဖြစ်တဲ့ ကိုလံဘီယာ၏ ကမ္ဘာ့ဖလားခရီး

ကိုလံဘီယာကစားသမားများ

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကိုလံဘီယာအသင်းရဲ့ ခရီးရှည်ချီတက်မှုက ကွာတားဖိုင်နယ်အဆင့်မှာတင် အဆုံးသတ်သွားပြီဖြစ်ပါတယ်။ ဒါပေမယ့် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲက မြင့်မားတဲ့ စွမ်းဆောင်နိုင်မှုတွေနဲ့ အဆုံးသတ်ခဲ့ရခြင်းဖြစ်လို့ ကိုလံဘီယာအတွက် ဂုဏ်ငယ်စရာတော့ မရှိခဲ့ဘူး။

မြင့်မားတဲ့ စွမ်းဆောင်နိုင်မှုဆိုရာမှာ အပိုင်းနှစ်ပိုင်းရှိတယ်။ ပထမတစ်ခုက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့မှု သမိုင်းကြောင်းတစ်လျှောက် အမြင့်မားဆုံး စွမ်းဆောင်နိုင်မှု၊ နောက်တစ်ချက်က ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ သွင်းယူနိုင်ခဲ့တဲ့ ဂိုးပမာဏ စတဲ့အချက်တွေဖြစ်တယ်။

၁၉၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကနေ ၁၉၅၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ကိုလံဘီယာအသင်းဟာ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘူး။ ခြေစစ်ပွဲမအောင်မြင်မှု၊ ပြိုင်ပွဲက နုတ်ထွက်ရမှု၊ ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံရမှုတွေနဲ့သာ ရင်ဆိုင်ခဲ့ရပြီး ၁၉၆၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှသာ စတင်ပါဝင်ခွင့်ရခဲ့တယ်။ ဒါပေမယ့် ၁၉၆၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကိုလံဘီယာအတွက်အုပ်စုအဆင့်ဟာ အမြင့်ဆုံးဖြစ်ခဲ့ရတယ်။ ၁၉၉၀ ပြည့်နှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်စဉ်ကလည်း ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာသာ ၁၆ သင်း ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး ကျန်ပြိုင်ပွဲတွေမှာတော့ အုပ်စုအဆင့်ကတင် ထွက်ခဲ့ရပြန်တယ်။

ဒါကြောင့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်မှာ ဂရိ၊ အိုင်ဗရီကို့စ်၊ဂျပန်တို့နဲ့ ဆုံတွေ့ခဲ့ရတဲ့ ကိုလံဘီယာအသင်းအပေါ် ပရိသတ်တွေရဲ့ မျှော်လင့်ချက် မမြင့်မားခဲ့ဘူး။ ဒီလို မမြင့်မားရခြင်းက ကိုလံဘီယာရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ရှုန်းကန်ရတတ်တဲ့ အစဉ်အလာကြောင့်ဖြစ်သလို ဖယ်ကာအိုလို နိုင်ငံ့အသင်းသမိုင်းကြောင်းတစ်လျှောက် တတိယမြောက် ဂိုးသွင်းအများဆုံးကစားသမား ပါဝင်နိုင်ခြင်း မရှိခဲ့တာကြောင့်ဖြစ်တယ်။

ဒါပေမယ့် ကိုလံဘီယာအသင်းဟာ ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သူတို့ရဲ့ အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့တယ်။ ၁၆ သင်းရှုံးထွက်အဆင့်ကို ပထမဆုံးအကြိမ်တက်ရောက်နိုင်ခဲ့စဉ်တုန်းက ကိုလံဘီယာဟာ အုပ်စုအဆင့်သုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကိုသာ ရယူနိုင်ခဲ့တယ်။ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ အုပ်စုပွဲသုံးပွဲစလုံးမှာ ကိုလံဘီယာအသင်း အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့တယ်။

၁၆ သင်းရှုံးထွက်အဆင့်မှာ ဥရုဂွေးအသင်းလို တောင်အမေရိကပြိုင်ဘက်နဲ့ဆုံတွေ့ခဲ့ရပေမယ့် အတည်ငြိမ်ဆုံး စွမ်းဆောင်နိုင်မှုနဲ့အတူ ဥရုဂွေးအသင်းကို ကျော်ဖြတ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မှု သမိုင်းကြောင်းတစ်လျှောက် အမြင့်ဆုံးတက်ရောက်နိုင်မှုအဖြစ် ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာနိုင်ခဲ့တယ်။ ကွာတားဖိုင်နယ်မှာတော့ အိမ်ရှင်ဘရာဇီးကို အရေးနိမ့်ပြီး ကိုလံဘီယာရဲ့ ၂၀၁၄ ကမ္ဘာ့ဖလားခရီးရှည် အဆုံးသတ်သွားခဲ့ရတယ်။ ဒါပေမယ့် မျှော်လင့်ထားတာထက် မြင့်မားတဲ့ စွမ်းဆောင်နိုင်မှုတွေ ပြသနိုင်ခဲ့တဲ့ ကိုလံဘီယာအသင်းရဲ့ စွမ်းရည်ကို ကမ္ဘာ့ဘောလုံးလောကက အသိအမှတ်ပြုခဲ့ရသလို ကိုလံဘီယာအသင်း ပရိသတ်တွေရဲ့ ရင်ထဲမှာလည်း ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲကို မှတ်မှတ်ထင်ထင် ရှိနေကြမှာ သေချာနေတယ်။

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မှုဟာ ကိုလံဘီယာအသင်းရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မှု သမိုင်းကြောင်းတစ်လျှောက်မှာ အမြင့်ဆုံးအဆင့်ကို တက်ရောက်နိုင်ခြင်းဖြစ်သလို ဂိုးသွင်းယူနိုင်မှု အပိုင်းမှာလည်း အများဆုံးဖြစ်တယ်။ အရင်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခဲ့မှုတွေမှာ ကိုလံဘီယာအသင်းရရှိခဲ့တဲ့ အများဆုံး သွင်းဂိုးပမာဏက ငါးဂိုးသာဖြစ်တယ်။ ဒါပေမယ့် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ကိုလံဘီယာအသင်းဟာ အုပ်စုအဆင့်မှာတင် ကိုးဂိုးသွင်းယူနိုင်ခဲ့တယ်။ အဲဒီသွင်းဂိုး ပမာဏဟာ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့်ပွဲတွေ ကစားပြီးချိန်မှာ ပြိုင်ပွဲဝင်အသင်းတွေ

စာမျက်နှာ ၃ သို့

စာမျက်နှာ ၃ သို့

ထက်အောင်